# မိုးကျော်သူ

မြွေတားရှင်

စာစဉ်



# မိုးကျော်သူ

---

# မြွေခေါင်းရှင်

စာစဉ်(၁)

စာမူခွင့်ပြုချက်အမှတ်　　၅၀၀၅၁၄၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　၅၀၀၅၃၉၀၅၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်**

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9 H နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

# လူသူမရှိသော မြို့ကလေး

ညနေဆည်းဆာ ...

ဆည်းဆာရောင်ခြည်များသည် တောတောင် ရေမြေတို့ အပေါ် ပုစွန်ဆီရောင်များ ခြယ်သထားသည့်အလား လှပ၍နေ၏။ ကျီးကန်းများသည် မိမိ၏အသိုက်ထဲသို့ ပြန်လာနေကြသဖြင့် အသံများ ဆူညံနေ၏။

ထိုစဉ် ရှမ်းစီးနယ် ထိုက်တောင်တန်းလမ်းမပေါ်တွင် လူငယ် စာပေသမားတစ်ဦးသည် မြင်းဖြူတစ်ကောင်ပေါ်၌ ထိုင်လျက် သာယာလှပသော ရှုမျှော်ခင်းများကို အေးဆေးစွာကြည့်နေ၏။

ထိုစာပေသမားသည် အသက် ၂၀ မပြည့်သေးပေ။ သူသည် ကျာပွတ်ကိုကိုင်လျက် ရှုမျှော်ခင်းအားကြည့်ကာ ကဗျာစပ်ဆိုနေ၏။

"ညနေဆည်းဆာ လှပါပေသည်၊
သို့သော် အချိန်က တိုတောင်းသည်"

သူ့နောက်တွင် ဆယ်ကျော်သက် လူငယ်တစ်ယောက် လိုက်ပါလာ၏။

ထိုလူငယ်သည် အလွန်ပိန်လှီသော မြင်းတစ်ကောင်ကို စီးလျက် မြင်း၏တင်ပါးပေါ်တွင် စာအုပ်တစ်ထပ်နှင့် ဝန်စည်စလယ်တစ်လိပ် တင်ထားသည်ကို တွေ့ရသည်။

သူသည် ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်လေသည်။

"အစ်ကိုလေး မိုးချုပ်တော့မယ်၊ မြန်မြန်သွားကြပါစို့"

စာပေသမားက ရယ်မောလိုက်သည်။

"အေးအေးဆေးဆေးပေါ့ကွာ၊ သဘာဝရှုမျှော်ခင်းက ဘယ်လောက်လှတယ်ဆိုတာ မင်းမှ မခံစားတတ်ဘဲ"

လူငယ်က…

"အစ်ကိုလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီလမ်းဟာ သိပ်ပြီး အေးချမ်းမှာမဟုတ်ဘူး၊ တကယ်လို့မိုးချုပ်သွားရင် ဘယ်နေရာမှ နားခိုစရာမရှိဘူးဆိုရင် လူဆိုးတွေနဲ့ တွေ့မှာစိုးလို့ပါ"

စာပေသမားက ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာလဲ ဟုတ်တယ်"

သူသည် မြင်းကိုအမြန်ဆုံး မောင်းနှင်လိုက်လေသည်။

❋ ❋ ❋

စာပေသမား၏အမည်မှာ ဟိုကျောက်ကျုံးဖြစ်သည်။

သူ၏ မျိုးရိုးအစဉ်ဆက်မှာ စာပေပညာရှင်များနှင့် မင်း အမှုထမ်းများ ဖြစ်ကြလေသည်။



သူသည် ရက်အားချိန်ကိုယူ၍ မိဘထံသို့ခွင့်တောင်းကာ ဗဟုသုတရစေရန်အလို့ငှာ ယခုကဲ့သို့ အဖော်အဖြစ် အိမ်ဖော်ကိုခေါ်၍ ထွက်လာကြခြင်း ဖြစ်လေသည်။

ထိုအချိန်ထိုအခါ တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်သည်။

တစ်ဖန် နယ်ချဲ့တို့မှာလည်း ချင်းနင်းဝင်ရောက်ရန်ကြိုးစားနေသောအချိန်ဖြစ်သည်။

သူသည် ယခုကဲ့သို့ ဗဟုသုတရစေရန် အိမ်မှထွက်လာကြသည်ဖြစ်သော်လည်း ခရီးတစ်လျှောက်လုံးမှာ စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စများကိုပါ တွေ့ရှိခဲ့ရသဖြင့် အလွန်စိတ်ပျက်သွားလေသည်။

သို့သော်…

သူသည် စာပေသမားဖြစ်သော်ငြားလည်း သတ္တိ အလွန်ကောင်းသည်။

တွေ့ကြုံခဲ့ရသော အခက်ခဲများကို ကျော်လွှားကာ သူ၏ခရီးစဉ်ကို ဆက်လက်သွားနေခြင်းဖြစ်ပေသည်။

❋ ❋ ❋

ဟိုကျောက်ကျုံးနှင့် သူ၏အဖော်သည် မြင်းကို လျင်မြန်စွာမောင်းနှင်ထွက်ခွာလာရာ မကြာမီမြို့ကလေးတစ်မြို့အား တွေ့မြင်လိုက်ရလေသည်။

သူသည် အလွန်ဝမ်းသာစွာဖြင့် ထိုမြို့ကလေးသို့ ဦးတည်၍ မောင်းနှင်သွားလေသည်။

သူတို့သည် မြို့ထဲသို့ဝင်ရောက်လိုက်သည်နှင့် အလွန်အံ့အားသင့်သွားလေသည်။

မြို့တစ်ခုလုံးမှာ တိတ်ဆိတ်၍ လူသံမဆိုထားဘိ ခွေးဟောင်သံပင် မကြားရချေ။

သူတို့စီးနင်းနေသော မြင်း၏ခွာသံများက တိတ်ဆိတ်ခြင်းကို ဖြိုခွဲနေ၏။

သူတို့သည် ဝဲယာတစ်ဖက်တစ်ချက် ဆိုင်များကိုကြည့်ရင်း မြင်းကို မရပ်သေးဘဲ ဆက်လက်မောင်းနှင်သွားနေ၏။

သူတို့သည် တည်းခိုခန်းတစ်ခုရှေ့သို့ ရောက်လာတော့မှ မြင်းကို ရပ်တန့်လိုက်သည်။

သူတို့သည် မြင်းပေါ်မှ ဆင်းလာသည့်တိုင်အောင် တည်းခိုခန်းမှလူများ တစ်စုံတစ်ယောက်မှ ထွက်လာ၍ ကြိုဆိုခြင်းမတွေ့ရချေ။

သူသည် မြင်းနံဘေးတွင်ရပ်လျက် သူ၏အဖော်သူငယ်ဘက်သို့ လှည့်ကြည့်လိုက်၏။

သူငယ်၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိချေ။

သူသည် မျက်မှောင်ကြုတ်သွား၏။

သူ၏ကျောတစ်ပြင်လုံးလည်း ချမ်းစိမ့်လာသည်ဟု ခံစားလိုက်ရလေ၏။

သူသည် ကိုယ့်ကိုယ်ကို မကြောက်ရန် အားပေးပြီး တည်းခိုခန်းထဲသို့ လှမ်းဝင်လိုက်၏။



သူ၏မြင်ကွင်းတစ်ခုလုံးမှာ မရှုရက်စရာဖြစ်နေ၏။

စားပွဲကုလားထိုင်များ ဖရိုဖရဲ ကျိုးပဲ့နေ၏။

လူသူ တစ်စုံတစ်ယောက်မှ မရှိ။

မဟုတ်ပါ။

လူတော့ ရှိပါ၏။

တည်းခိုခန်းတွင် လူသုံးယောက်ကို သူတွေ့မြင်ခဲ့ရ၏။

သို့သော် ထိုလူများက သူတို့အား မကြိုဆိုနိုင်တော့ပါ။

သူတို့သည် အသက်ရှိမနေသောကြောင့် ဖြစ်လေ၏။

သူ့နောက်တွင် ပါလာသော လူငယ်က ကြောက်လွန်းသဖြင့် အသံများပင် တုန်ခါနေ၏။

"အစ်ကိုလေး တခြားတည်းခိုခန်း ရှာကြရအောင်"

ဟိုကျောက်ကျူးက ခေါင်းညိတ်လိုက်ပြီး တည်းခိုခန်းမှ ထွက်ခွာလာလေ၏။

သူတို့သည် မြင်းကို မစီးကြတော့ပါ။

မြင်းကိုဆွဲ၍ လျှောက်သွား၏။

တွေ့နေသောနေရာတွင် ဝင်ရောက်တည်းခိုရန် ဆုံးဖြတ်လိုက်၏။

သို့သော် လမ်းဆုံးသွားသည့်တိုင်အောင် အသက်ရှင်သော လူတစ်ယောက်တလေမှ မတွေ့ရပါ။

ဟိုကျောက်ကျူးက နားလည်လိုက်၏။

ဤမြို့ကလေးသည် ရက်မကြာမီအတွင်းမှာ ကျူးကျော်လာ

သော တပ်ဖွဲ့တို့က တိုက်ခိုက်လုယက်သွားခြင်း ဖြစ်ရမည်ဟု ယုံကြည်လေ၏။

သူသည် မြင်းပေါ်သို့ ပြန်တက်လိုက်၏။

ထို့နောက် ထိုမြို့ကလေးမှ အမြန်ဆုံး မောင်းနှင်ထွက်ခွာသွားလေတော့၏။

❋ ❋ ❋

မြို့ကလေးမှထွက်လာပြီး ဆက်လက်လျှောက်လာရာ ဝန်းကျင်တစ်ခုလုံးမှာ စတင်မှောင်မည်းလာပြီဖြစ်၏။

ဟိုကျောက်ကျိုးတို့သည် စကားတစ်ခွန်းမှမပြောဘဲ မြင်းကိုသာ တွင်တွင် မောင်းနှင်သွား၏။

ရုတ်တရက် လူငယ်က ဝမ်းသာအားရစွာ ပြောလိုက်၏။

"အစ်ကိုလေး ဟိုရှေ့မှာကြည့်စမ်း"

ဟိုကျောက်ကျိုးသည် လူငယ်ပြသောနေရာသို့ လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် မီးရောင်များ ပေါ်ထွက်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

မီးရောင်ရှိလျှင် လူရှိရမည်။

လူရှိနေလျှင် တစ်ညတာနားခိုရန် မျှော်လင့်ချက်ရှိသည် မဟုတ်ပါလော။

သူတို့သည် မီးရောင်ထွက်ပေါ်လာရာသို့ ဦးတည်သွားလေသည်။



မီးရောင်ထွက်ပေါ်လာသည်နှင့် အနီးသို့ရောက်ရှိလာသောအခါ တဲအိမ်ကလေးနှစ်အိမ်ဖြစ်နေသည်ကို တွေ့ရလေ၏။

တဲအိမ်အနီးသို့ ရောက်ရှိသွားသည်နှင့် ခွေးဟောင်သံ ဆူညံစွာ ထွက်ပေါ်လာ၏။

ခွေးဟောင်သံကြောင့်လားမသိ တဲအိမ်တံခါးပွင့်သွား၏။

အဘွားအိုတစ်ယောက်က တံခါးဖွင့်လိုက်လေ၏။

သူမသည် မီးအိမ်ကို အပေါ်သို့မြှောက်၍ ဟိုကျောက်ကျိုးတို့အား ကြည့်လိုက်လေ၏။

"ဘွားဘွား ကျွန်တော်တို့ ခရီးသည်တွေပါ၊ မိုးချုပ်သွားလို့ တစ်ညလောက် တည်းခွင့်ပေးပါ"

အဘွားအိုက သူတို့နှစ်ယောက်အား သေချာစွာ အကဲခတ်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်၏။

"ဝင်ခဲ့ပါလေ"

ဟိုကျောက်ကျိုးက မြင်းကို သူ၏အိမ်ဖော်ဘက်သို့ အပ်လိုက်ပြီး တဲအိမ်ထဲသို့ ဝင်သွားလေ၏။

အိမ်ဖော်က မြင်းတစ်ကောင်ကို သစ်ပင်အနီးတွင် ချည်နှောင်ထားပြီးလျှင် မြင်းပေါ်မှ ဝန်စည်စလယ်ထုပ်ကိုဖြုတ်ယူလိုက်ပြီး တဲအိမ်ထဲသို့ ဝင်သွားလေ၏။

တဲအိမ်ထဲ၌ မည်သည့်ပစ္စည်းမှမရှိဘဲ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် ဟောင်းနွမ်းသော ခုတင်တစ်လုံးကိုသာ တွေ့ရှိရသည်။

"ထိုင်ပါကွယ်"

အဘွားအိုက ကုလားထိုင်ကိုညွှန်ပြလိုက်ရာ ဟိုကျောက်ကျုံးတို့သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

အဘွားအိုက ရေနွေးများနှင့် ကန်စွန်းဥပြုတ် ကျွေးမွေး၏။

ခုတင်ပေါ်၌ အဘိုးအိုတစ်ယောက် လဲလျောင်းနေသည်။

သူသည် ဟိုကျောက်ကျုံးတို့ စားသောက်နေကြသည်ကို ကြည့်ရင်း...

"သူငယ်တို့က ဘယ်ကလဲ"

ဟိုကျောက်ကျုံးက...

"ကျွန်တော် နေပြည်တော်မှာ နေပါတယ်"

အဘိုးအိုက အံ့အားသင့်သွားလေသည်။

"နေပြည်တော်က ဟုတ်လား၊ အတော့်ကို ဝေးတာပဲ"

ဟိုကျောက်ကျုံးက...

"ဟုတ်ကဲ့...ကျွန်တော်တို့ထွက်လာတာ တစ်နှစ်တောင်ရှိသွား ပါပြီ"

အဘိုးအိုက...

"ဒါနဲ့ သူငယ်တို့က ဘာကိစ္စနဲ့ ဒါလောက်ဝေးလံတဲ့နေရာကို ရောက်လာရတာလဲ"

ဟိုကျောက်ကျုံးက...

"ကျွန်တော်တို့ ဗဟုသုတရှာဖွေရင်း ထွက်လာတာပါ"

အဘိုးအိုက မျက်မှောင်ကြုတ်သွားသည်။



"အခုလိုအခါမျိုးမှာ မင်းတို့ထွက်လာဖို့ မကောင်းပါဘူး"

ဟိုကျောက်ကျုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

အဘိုးအိုကလည်း စကားဆက်မပြောတော့ဘဲ ခုတင်ပေါ်၌ ပြန်လဲလျောင်းလိုက်သည်။

သူတို့ စားသောက်ပြီးနောက် အဘွားအိုက သူတို့အား အနောက်ဘက်အခန်းတစ်ခုသို့ ခေါ်ဆောင်သွားလေသည်။

"ဘွားဘွားတို့ဆီမှာတော့ ဘာမှမရှိလို့ အားနာပါတယ်၊ ဒီအခန်းမှာပဲ တစ်ညလောက် သည်းခံပြီးအိပ်ပါကွယ်"

ထိုအခန်းမှာ ကောက်ရိုးများပုံထားသော အခန်းဖြစ်သည်။ သို့သော် နွေးနွေးထွေးထွေး ရှိလှပေသည်။

ဟိုကျောက်ကျုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကိစ္စမရှိပါဘူး ဘွားဘွား၊ ကျွန်တော်တို့ နေတတ်ပါတယ်"

အဘွားအိုက ပြုံးပြလိုက်သည်။

"ဒါနဲ့ အဘွားတစ်ခုသတိပေးရဦးမယ်၊ ညအိပ်တဲ့အခါ နိုးနိုးကြားကြား နေပါကွယ်"

ဟိုကျောက်ကျုံးက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ဘွားဘွား"

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမယ့် သတိဆိုတာ ပိုတယ်လို့ ဘယ်ရှိမလဲ"

ဟိုကျောက်ကျုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျေးဇူးပါပဲ ဘွားဘွား"

❋ ❋ ❋

ခရီးပန်းလာကြသဖြင့် ဟိုကျောက်ကျုံးတို့သည် ချက်ချင်းပင် အိပ်ပျော်သွားလေသည်။

မည်မျှအချိန်ကြာအောင် အိပ်ပျော်သွားမှန်းမသိ။

နားထဲသို့ ဆူညံသောအသံများ ကြားလိုက်တော့မှ နိုးလာကြလေသည်။

သူတို့နှစ်ယောက်သည် ဆတ်ခနဲထထိုင်လိုက်သည်။ အသံများကိုလည်း နားစွင့်ကြလေသည်။

"ဟော့ အဘွားကြီး၊ ကြက်တစ်ကောင်သတ်ပြီး ချက်လိုက်စမ်း၊ နောက်ပြီး လူလေးယောက်စာ ထမင်းလည်း ချက်လိုက်ပါ"

လူတစ်ယောက်၏ ကျယ်လောင်သောအသံဖြစ်သည်။

"လူကြီးမင်းတို့ကလဲကွယ်၊ ဘွားဘွားတို့ ထမင်းဝအောင် မစားနိုင်ဘဲ ဘယ်ကကြက်လာရှိမှာလဲ"

အဘွားအို၏ အသနားခံသောအသံဖြစ်သည်။

"ဖြန်း"

"အမလေး"

ပါးရိုက်သံနှင့် အဘွားအို၏အသံ ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာသည်။

"ဒီမှာ အဘွားကြီး...ငါတို့ကို စေတနာမရှိဘူးလား ပြောစမ်း"



"မဟုတ်ပါဘူးကွယ်၊ ဘွားဘွားတို့က တကယ့်ကိုဘာမှ မရှိလို့ပါ"

"ထားပါတော့လေ...ငါတို့ လေးယောက်စာအတွက် ထမင်းမြန်မြန်ချက်ပါ"

"ဘွားဘွားတို့မှာ ဆန်မရှိလို့ ကန်စွန်းဥပြုတ်ပဲ စားနေရပါတယ်၊ ဘာနဲ့ချက်ကျွေးရမှာလဲကွယ်"

"ဖြန်း"

အဘွားအိုအား နောက်ထပ် ပါးရိုက်လိုက်သောအသံဖြစ်သည်။

ဟိုကျောက်ကျုံးသည် စိတ်ထဲ၌ အလွန်ခံပြင်းလာသော်လည်း အားမတန် မာန်လျှော့ဟူသောစကားအရ စိတ်ကိုချုပ်တည်းထားရလေသည်။

ထိုစဉ် လူတစ်ယောက်၏အသံ ကြားလိုက်ရသည်။

"ဒီမှာအစ်ကိုကြီး၊ အိမ်ရှေ့မှာ မြင်းနှစ်ကောင်တွေ့တယ်ဗျ"

"ဟေ့ ဟုတ်လား၊ ဒါဖြင့် ဒီအိမ်မှာ တခြားဧည့်သည်ရှိမှာပေါ့"

ဟိုကျောက်ကျုံးသည် ယင်းစကားကြားလိုက်ရသောအခါ သူသည် အိမ်ဖော်ကို လက်တို့၍ အခန်းထဲမှထွက်လာပြီး တဲအိမ်နောက်ဘက်ပေါက်မှ တိတ်တဆိတ် ထွက်ပြေးသွားကြလေသည်။

❋ ❋ ❋

ဝန်းကျင်တစ်ခုလုံးသည် မည်းမှောင်နေ၏။

ဟိုကျောက်ကျုံးတို့သည် ခြေဦးတည့်ရာ စမ်းတဝါးဝါးဖြင့် ပြေးလွှားသွားကြသည်။

ဟိုကျောက်ကျုံးမှာ ချမ်းသကြွယ်ဝသော သားသမီးဖြစ်၍ ယင်းကဲ့သို့ဒုက္ခမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ရသဖြင့် သူသည် လျှောက်ရင်းလျှောက်ရင်း လမ်းမညီညာသောကြောင့် ခလုတ်တိုက်၍ ချော်လဲနေ၏။

နောက်ဆုံး သူသည် လုံးဝမလျှောက်နိုင်တော့သောကြောင့် ချုံနွယ်ကြားသို့ ဝင်ရောက်၍ လဲလျောင်းအနားယူလိုက်သည်။

"ဒုက္ခပဲ…တို့ မြင်းမရှိတော့ ခရီးဘယ်လိုလုပ် ဆက်သွားရမလဲ"

ဟိုကျောက်ကျုံးက ညည်းညူလိုက်၏။

သူငယ်က…

"စိတ်မပျက်ပါနဲ့ အစ်ကိုလေး၊ ကျွန်တော့်မှာ ငွေပါလာပါတယ်၊ တစ်နေရာရာရောက်မှ မြင်းထပ်ဝယ်ကြတာပေါ့"

ဟိုကျောက်ကျုံးက စိတ်သက်သာရာ ရသွားလေ၏။

❋ ❋ ❋

မိုးလင်းတော့မည်ဖြစ်သည်။

ဟိုကျောက်ကျုံးတို့သည် ခရီးဆက်လက်ထွက်ခွာလာ၏။

သူတို့သည် လမ်းမအတိုင်း ဆက်လက်ထွက်ခွာလာရာ မကြာမီ သူတို့နောက်မှ လူသံများကိုကြားလိုက်ရသဖြင့် ဝမ်းသာသွားကြ၏၊



ဟိုကျောက်ကျုံးက…

"အတော်ပဲဟေ့… တို့နောက်မှာ ခရီးသည်တွေ လာနေကြပြီ ထင်တယ်၊ သူတို့နဲ့အတူ အဖော်ရတာပေါ့"

သူငယ်က နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိတော့ချေ။

"အစ်ကိုလေး နောက်ကလာတဲ့လူတွေက ခရီးသည်တွေ မဟုတ်ဘူး၊ သူတို့ဆွဲလာတဲ့မြင်းက ကျွန်တော်တို့ မြင်းတွေ"

ဟိုကျောက်ကျုံးက ရင်ထိတ်သွားသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

သူငယ်က…

"ဒါ ကျွန်တော်တို့မြင်းပဲ၊ သူတို့ဆီက ပြန်တောင်းရမှာပေါ့"

ထိုစဉ်မှာပင် ထိုလူစုသည် သူတို့အနီးသို့ ရောက်ရှိလာကြ၏။

"ဟေ့…မင်းတို့ ဘယ်ကလဲ၊ စောစောစီးစီး ဘယ်သွားကြမလို့လဲ"

မုတ်ဆိတ် ဗရပျစ်ရှိသော လူတစ်ယောက်က ယင်းသို့ လှမ်းမေးရင်း သူတို့အနီးသို့ လျှောက်လာလေသည်။

ဟိုကျောက်ကျုံးက ပြန်မပြောမီ ထိုလူက သူငယ်ပခုံးပေါ်မှ ချည်ထားသောအထုပ်ကလေးကို လုယူရင်း…

"ဒီအထုပ်ကလေးထဲမှာ ဘာတွေ ပါသလဲ"

သူသည် အထုပ်ကို လုယူရာ…

"ချွမ်း…ချွမ်း"

အထုပ်ကလေး ပြေကျသွားပြီး ရွှေတုံးကလေးနှင့် ငွေတုံးကလေးများသည် အောက်သို့ ကျသွားလေသည်။

ထိုလူလေးယောက်တို့သည် ရွှေတုံးငွေတုံးများကို တွေ့မြင်လိုက်ရသောအခါ သူတို့မျက်လုံးများမှာ ဝင်းလက်တောက်ပသွားလေသည်။

မုတ်ဆိတ်ဗရပျစ်နှင့်လူက ထိုရွှေငွေများကို ကောက်ယူလိုက်ပြီး ဟိုကျောက်ကျူးအား စိုက်ကြည့်လိုက်၏။

"ပြောစမ်း... ဒီငွေတွေ ဘယ်ကလုလာတာလဲ"

ဟိုကျောက်ကျူးက ရင်ကော့လိုက်သည်။

"ဒါက ကျုပ်ရဲ့ငွေပါဗျ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက ရယ်မောလိုက်သည်။

"မင်းက စာပေသမားတစ်ယောက်ပါ၊ ဒါလောက်ငွေ ဘယ်ရှိနိုင်ပါ့မလဲ၊ ငါ့ကိုလာလိမ်လို့ မရဘူး"

ဟိုကျောက်ကျူးက...

"ခင်ဗျားတို့က ဘယ်သူတွေလဲဗျ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက သူ၏ခါးမှာချိတ်ထားသော ကြေးပြား တစ်ခုကို ညွှန်ပြလိုက်၏။

"ဟောဒီမှာတွေ့လား၊ ငါတို့က လူဆိုးတွေကိုလိုက်ပြီး နှိမ်နင်းတဲ့ အာဏာသားတွေကွ"

သူသည် ဟိုကျောက်ကျူးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။



"မဟုတ်မှလွဲရော ဒီငွေတွေကို မင်းတို့က လုလာတာဖြစ်ရမယ်"

လူငယ်က မခံမရပ်နိုင်ဘဲ ကြားဖြတ်လိုက်သည်။

"ကျွန်တော့်အစ်ကိုလေးက နေပြည်တော် အမတ်ကြီးရဲ့သားဗျ၊ ဒါ့ကြောင့်မကာ ရွှေငွေတွေရှိပါသေးတယ်ဗျ"

ထိုစကားကြားလိုက်ရသောအခါ မုတ်ဆိတဗရပျစ်နှင့်လူက အံ့အားသင့်သွားလေသည်။

ဟိုကျောက်ကျူးကလည်း အိတ်ထဲမှပါလာသော မြို့တော်ဝန်ထောက်ခံစာကို ထုတ်ပြလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့က ဗဟုသုတရှာရင်း ထွက်လာကြတာပါ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက ထောက်ခံစာကိုယူကြည့်ပြီး မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူသည် ကမန်းကတန်း တောင်းပန်လိုက်၏။

"ကျုပ်တို့ မသိလို့ ခွင့်လွှတ်ပါခင်ဗျာ"

လူငယ်က ရင့်ကော့လိုက်သည်။

"ဒါဖြင့် ကျုပ်တို့မြင်းကို ပြန်ပေးပါဗျာ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက သူ့လူဘက်သို့ လှည့်လိုက်သည်။

"ကဲ သူတို့မြင်းကို ပြန်ပေးလိုက်ကြပါ"

လူငယ်က စကားဆက်လိုက်၏။

"ကျုပ်တို့ငွေလဲ ပြန်ပေးပါ"

ထိုစဉ် မှတ်ဆိတ်ဗရပျစ်၏နောက်တွင် ရပ်နေသော ပိန်ပိန်ပါးပါးလူက ဟန့်တားလိုက်သည်။

"သူတို့ကို ဘာမှ ပြန်ပေးစရာမလိုဘူး"

မှတ်ဆိတ်ဗရပျစ်နှင့်လူက ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဘာဖြစ်လို့လဲကွ"

ထိုပိန်ပိန်ပါးပါးလူက ရယ်မောလိုက်သည်။

"အခု တို့ သူတို့ကိုလွှတ်လိုက်ရင် တစ်နေ့ တို့ကို အရေးယူချင် ယူမှာဗျ၊ ဒါကြောင့် သူတို့နှစ်ယောက်ကိုသတ်ပြီး နှုတ်ပိတ်လိုက်ရင် မြင်းနှစ်ကောင်လည်းရမယ်၊ ရွှေငွေလည်းရမယ်၊ မကောင်းဘူးလား"

မှတ်ဆိတ်ဗရပျစ်နှင့်လူက သဘောကျသွားသည်။

"အေး...ဟုတ်တယ်၊ မင်းအကြံ တော်တော်ကောင်းတယ်"

ဟိုကျောက်ကျိုးသည် အခြေအနေမလှမှန်း သိလိုက်သည်နှင့် လူငယ်၏လက်ကိုဆွဲကာ ကမန်းကတန်း ထွက်ပြေးလေတော့၏။

"လိုက်ကြဟေ့"

မှတ်ဆိတ်ဗရပျစ်နှင့်လူက အော်ဟစ်ရင်း သူတို့နောက်သို့ လိုက်လာကြလေသည်။

ဟိုကျောက်ကျိုးတို့က ထိတ်လန့်တုန်လှုပ်နေစဉ်မှာပင် ရုတ်တရက် မြင်းခွာသံတစ်ခုကြားလိုက်ရလေသည်။

မြင်းတစ်ကောင်သည် လျှင်မြန်စွာဖြင့် သူတို့ထံသို့ ရောက်လာကြလေသည်။



မြင်းပေါ်မှလူသည် ကိုယ်ခန္ဓာ အလွန်ထွားကျိုင်းသော လူတစ်ယောက်ဖြစ်သည်။

သူသည် ဟိုကျောက်ကျိုးတို့ရှေ့မှ ပြေးနေပြီး လူတစ်စုက နောက်မှလိုက်နေသည်ကို တွေ့ရသဖြင့် မြင်းကို ရပ်တန့်လိုက်သည်။

"ဘာတွေဖြစ်နေကြတာလဲဗျ"

မှတ်ဆိတ်ဗရပျစ်နှင့်လူက...

"အဲဒီပြေးနေတဲ့ လူနှစ်ယောက်က သူခိုးဗျ၊ ကျုပ်တို့က သူတို့ကိုဖမ်းပြီး ဥပဒေအရ အရေးယူဖို့ပါပဲ"

ထိုလူက မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး သူ၏ လက်နှစ်ဖက်ဖြင့် ဟိုကျောက်ကျိုးနှင့် လူငယ်၏လည်ကုပ်အား ဖမ်းဆွဲထားသည်။

ဟိုကျောက်ကျိုးက ရုန်းကန်ရင်း အော်ဟစ်လိုက်သည်။

"လွှတ်ပါဗျာ ကျုပ်က သူခိုးမဟုတ်ပါဘူး၊ သူတို့က ကျုပ်တို့ရဲ့ ရွှေငွေနဲ့မြင်းကို လုယူသေးတယ်၊ နောက်ပြီး ကျုပ်တို့ကို သတ်ဖို့ ကြိုးစားသေးတယ်ဗျ"

ထိုလူသည် ဟိုကျောက်ကျိုးအား သေချာစွာကြည့်လိုက်ရာ ဟိုကျောက်ကျိုးမှာ စာပေသမားတစ်ယောက်ဖြစ်ပြီး ရုပ်ရည်သန့်ပြန့်သည်ကို တွေ့ရသဖြင့် ယုံကြည်သွားလေသည်။

ထိုစဉ် မှတ်ဆိတ်ဗရပျစ်နှင့်လူက အနားရောက်လာသည်။

"ကျေးဇူးတင်ပါတယ်မိတ်ဆွေ၊ ဒီသူခိုးနှစ်ယောက်ကို ကျုပ်လက် အပ်ပါဗျာ"

ထိုလူက ဟိုကျောက်ကျိုးတို့အား လွှတ်လိုက်သည်။

ထိုလူသည် မုတ်ဆိတ်ဗရပျစ်နှင့်လူတို့အား တစ်ချက်ဝှေ့ကြည့်လိုက်သည်။

"မိတ်ဆွေတို့။ ဒီလူနှစ်ယောက်ဟာ ဓားတစ်လက်တောင်ကိုင်နိုင်တဲ့ အရည်အချင်း မရှိပါဘူး၊ ဒါကြောင့် သူခိုးမဖြစ်နိုင်ဘူး"

မုတ်ဆိတ်ဗရပျစ်နှင့်လူက...

"ဒါက ကျုပ်တို့နဲ့ဆိုင်တဲ့ကိစ္စ၊ ခင်ဗျားဝင်စွက်ဖို့မကောင်းဘူးထင်တယ်"

ထိုလူ ရယ်မောလိုက်သည်။

"ခက်တာပဲဗျာ...ကျုပ်ကလည်း မတရားတာတွေ့ရင် ဝင်စွက်ချင်တဲ့ ဝါသနာ ပါနေလို့ပါ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက သူ့လူများကို လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကဲ...ဒီလူက သူခိုးအားပေးတဲ့လူဖြစ်တဲ့အတွက် သူ့ကိုဖမ်းလိုက်ပါ"

သူ၏အဖော်သုံးယောက်တို့သည် ဓားကိုယ်စီဖြင့် ထိုလူအားဝင်ရောက်တိုက်ခိုက်လိုက်သည်။

သို့သော် ထိုလူမှာ သွက်လက်ပေါ့ပါးစွာဖြင့် ပြန်လည် တိုက်ခိုက်လိုက်ရာ မုတ်ဆိတ်ဗရပျစ်နှင့်လူများသည် ထွက်ပြေးကြလေသည်။

ဟိုကျောက်ကျုံးက ထိုလူအားဦးညွှတ်ကျေးဇူးတင်စကား ဖြေလိုက်သည်။



"ကျုပ်အသက်ကိုကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ထိုလူက ရယ်မောလိုက်သည်။

"ဒါကတော့ဗျာ မတရားမှုကိုတွေ့ရင် ဘယ်သူမဆို ဒီအတိုင်းပဲ လုပ်ရမှာပဲဗျ"

ဟိုကျောက်ကျုံးက...

"ဒါနဲ့ မိတ်ဆွေရဲ့နာမည် တဆိတ်လောက်ပြောပါခင်ဗျာ"

ထိုလူက ရယ်မောလိုက်သည်။

"ကျုပ်နာမည်က ယန်းမင်တုပါ၊ အာမခံဌာနတစ်ခုက ဌာနမှူးပါ"

ဟိုကျောက်ကျုံးက...

"ကျွန်တော့်နာမည်က ဟိုကျောက်ကျုံးလို့ခေါ်ပါတယ်၊ နေပြည်တော်မှာ နေထိုင်ပါတယ်ဗျာ"

ယန်းမင်တုက...

"ဒါနဲ့ မိတ်ဆွေက ဘာကိစ္စနဲ့ ဒါလောက်ဝေးလံတဲ့ခရီးကို ထွက်လာတာလဲ"

ဟိုကျောက်ကျုံးက...

"ကျုပ်ကတော့ ဗဟုသုတရှာဖွေရင်း ထွက်လာကြတာပါ"

ယန်းမင်တုက ရယ်မောလိုက်သည်။

"ခင်ဗျားတို့ကလဲဗျာ...ကြံကြံဖန်ဖန် တိုင်းပြည်မငြိမ်မသက်တဲ့အချိန်ကျမှပဲ ထွက်လာရသလား၊ ကဲပါဗျာ ခင်ဗျားတို့ အမြန်ဆုံး ပြန်သွားရင် ကောင်းမယ်"

ဟိုကျောက်ကျုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့…ကျုပ်လဲ ပြန်ဖို့ဆုံးဖြတ်ပြီးပါပြီလေ"

ယန်းမင်တုက…

"ကဲ…ကျုပ်နောက်ကိုသာ လိုက်ခဲ့ပေတော့၊ ရှေ့ကမြို့ရောက်မှ ခင်ဗျားရဲ့ခရီးကို စီစဉ်မယ်ဗျာ"

ဟိုကျောက်ကျုံး ဝမ်းသာသွားသည်။

"ကျေးဇူးကြီးလှပါတယ်ဗျာ"

ဤသို့ဖြင့် သူတို့သုံးယောက်သည် မြင်းကိုယ်စီဖြင့် အရှေ့သို့ ဦးတည်၍ ထွက်ခွာသွားကြလေတော့သည်။

❋ ❋ ❋

ယန်းမင်တုနှင့် ဟိုကျောက်ကျုံးတို့သည် တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာသောအခါ သူတို့နောက်တွင် မြင်းခွာသံဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယန်းမင်တုက မျက်မှောင်ကြုတ်သွားသည်။

"မဟုတ်မှလွဲရော ခုနလူစုပြန်လာပြီနဲ့တူတယ်ဟေ့"

သူတို့ ဒီဘက်လှည့်ကြည့်လိုက်ရာ သူထင်မြင်ထားသည့်အတိုင်း မုတ်ဆိတ်ဗရပျစ်နှင့်လူစုသည် မြင်းကိုယ်စီနှင့် လိုက်လာနေကြသည်ကို တွေ့ရလေသည်။

သူတို့သည် နောက်ထပ်စစ်ကူများပါ ခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။



ယန်းမင်တုက မျက်မှောင်ကြုတ်သွားသည်။

"ဒီတစ်ခါမှာတော့ သူတို့လူများတယ်ဗျ၊ လွတ်အောင်သာကြိုးစားကြပါ"

သူသည် ဟိုကျောက်ကျုံးတို့နှစ်ယောက်အား ရှေးဦးစွာပြေးနိုင်းပြီး…

သူသည် နောက်မှ အကာအကွယ်ပေး၍ မောင်းနှင်ပြေးသွားလေသည်။

❋ ❋ ❋

ယန်းမင်တုတို့သည် ရှေ့ဆုံးမှပြေးနေကြသည်။

သူတို့နောက်တွင် မုတ်ဆိတ်ဗရပျစ်နှင့်လူစုက ပြင်းထန်စွာလိုက်နေသည်။

ဟိုကျောက်ကျုံးက ထိတ်လန့်တုန်လှုပ်နေ၏။

သူတို့သည် မြင်းကိုအမြန်ဆုံးမောင်းနှင်ပြီး ပြေးလွှားလာရာ မကြာမီ လမ်းခွဆုံတစ်ခုသို့ ရောက်ရှိလာလေသည်။

ဟိုကျောက်ကျုံးက ဘယ်ဘက်ရှိ လမ်းခွဲသို့ ချိုးဝင်သွားသည်။

ယန်းမင်တုကလည်း နောက်မှလိုက်၍ ချိုးကွေ့သွားလေသည်။

မကြာမီ သူတို့သည် ရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။

ထိုရွာကလေးမှာ အိမ်ခြေပေါင်း အနည်းငယ်မျှသာရှိသည်ကို တွေ့ရလေသည်။

သူတို့သည် ရွာထဲသို့မောင်းနှင်ဝင်ရောက်လာသည်နှင့် တဲအိမ်တစ်လုံးရှေ့သို့ မြင်းကို ရပ်တန့်လိုက်လေသည်။

တဲအိမ်ရှေ့ မြေကွက်လပ်ပေါ်တွင် လယ်သမားတစ်ယောက်က ပေါက်တူးဖြင့် မြေကို ပေါက်နေသည်ကို တွေ့ရလေသည်။

သူတို့ရောက်လာကြသည်ကို မော့ပင်မကြည့်ပါ။

ဟိုကျောက်ကျူးက မြင်းပေါ်မှဆင်းလိုက်သည်။

သူသည် လယ်သမားအား အရိုအသေပြုလိုက်သည်။

"ဦးလေး နောက်က လူတွေလိုက်လာလို့ ကျွန်တော်တို့ကို ခဏလောက် ပုန်းခွင့်ပေးပါဗျာ"

လယ်သမားက ရုတ်တရက် သူတို့အား မော့ကြည့်လိုက်လေသည်။

ထိုလယ်သမား၏ မျက်လုံးအစုံမှာ စူးရှတောက်ပသည်ကို တွေ့ရသဖြင့် ဟိုကျောက်ကျူးက အံ့ဩသွားသည်။

ထိုစဉ် လူငယ်တစ်ယောက်သည် ကျွဲတစ်ကောင်ဖြင့် အနီးသို့ ရောက်ရှိလာသည်။

ထိုလူငယ်မှာ အသက် ကိုးနှစ်ခန့်မျှသာ ရှိသည်။

သူ၏ခေါင်းပေါ်တွင် ဆံပင်များကို ပဝါနီဖြင့် ချည်ထားလေသည်။

ထိုသူငယ်၏ရုပ်ရည်မှာ အလွန်သန့်ပြန့်ပြီး အထက်တန်းလွှာကျလှပေသည်။

လယ်သမားက ထိုသူငယ်ဘက်သို့ လှည့်လိုက်သည်။



"စိန်ကြည် ဒီမြင်းသုံးကောင်ကိုခေါ်ပြီးတော့ တောထဲသွားပါ၊ သူတို့ကို မြက်အဝကျွေးပြီး မိုးချုပ်မှ ပြန်ခေါ်ခဲ့ပါ"

ထိုသူငယ်သည် ဟိုကျောက်ကျူးတို့သုံးယောက်အား တစ်ချက်ကြည့်လိုက်သည်။

"ဟုတ်ကဲ့ ဦးလေး"

သူသည် မြင်းသုံးကောင်အား ဆွဲခေါ်သွားလေသည်။

ထိုစဉ်မှာပင် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာလေတော့သည်။

ဟိုကျောက်ကျူးက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟော သူတို့လာနေကြပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ"

လယ်သမားက ပေါက်ပြားကိုချလိုက်သည်။

"ကျုပ်နောက်ကိုလိုက်ခဲ့"

သူသည် ပြောပြီး တဲအိမ်ထဲသို့ လှမ်းဝင်သွားလေသည်။

ဟိုကျောက်ကျူးတို့သုံးယောက်က နောက်မှလိုက်သွားကြတော့သည်။

❋ ❋ ❋

တဲအိမ်ထဲတွင် လယ်သမား တောင်ယာပစ္စည်းများ အစီအရီရှိနေသည်ကို တွေ့ရသော်လည်း အလွန်သန့်ရှင်းနေသဖြင့် ရိုးရိုးလယ်သမားကောင်းတစ်ယောက်၏ အိမ်မဟုတ်မှန်း ဟိုကျောက်ကျူးက အကဲခတ်မိလိုက်သည်။

လယ်သမားကြီးသည် သူတို့အား အိပ်စန်းတစ်ခုထဲသို့ ခေါ်ဆောင်သွားသည်။

သူသည် ခြင်ထောင်ကို မ,တင်လိုက်ပြီး နံရံပေါ်မှ အုတ်တစ်ချပ်ကို လက်ဝါးဖြင့်တွန်းလိုက်ရာ...

"ဂျိန်း"

ထိုအသံနှင့်အတူ လျှို့ဝှက်တံခါးပေါက်တစ်ခု ထွက်ပေါ်လာလေသည်။

ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့က ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လယ်သမားက...

"ကဲ...ဝင်သွားကြပါဗျာ"

သူတို့သုံးယောက်သည် ထိုတံခါးပေါက်ထဲသို့ ဝင်သွားရာ အလွန်ကျယ်ပြန့်သော လိုဏ်ဂူတစ်ခုဖြစ်နေသည်ကို တွေ့ရှိရလေသည်။

၎င်းတဲအိမ်မှာ တောင်တစ်လုံးကိုကပ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

အကယ်၍သာ ထိုတဲအိမ်ကို ဖျက်ဆီးခြင်းမပြုဘဲနေပါက တဲအိမ်၏ နောက်ဘက်တွင် ယင်းကဲ့သို့ လိုဏ်ဂူတစ်ခုရှိနေသည်ကို မည်သူကမှ တွေ့မည်မဟုတ်ပါ။

လယ်သမားကြီး ပြန်လည်ထွက်ခွာသွားလေသည်။

❋ ❋ ❋



ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့သည် လိုဏ်ဂူထဲ၌ နေရင်းနားရင်း နားထောင်နေ၏။

တစ်ခဏအကြာတွင် မြင်းခွာသံများအနီးသို့ရောက်ရှိနေသည်ကို ကြားရလေသည်။

သို့သော် တစ်ခဏအကြာတွင် မြင်းခွာသံများ ထပ်မံပေါ်ထွက်လာပြီး အသံများ ဝေး၍ဝေး၍သွားပြီး နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

မုတ်ဆိတ်ဗရပျစ်နှင့်လူစုသည် ထွက်ခွာသွားသည်ဖြစ်သည်ကို ဟိုကျောက်ကျူးတို့က သိရှိလိုက်ရလေသည်။

သို့သော်...

အတန်ကြာသည့်တိုင်အောင် လယ်သမားကြီးက တံခါးဖွင့်ပေးခြင်း မပြုသေးချေ။

သူတို့သည် ထိုင်၍သာ အိပ်ငိုက်နေကြသည်။

မည်မျှအချိန်ကြာသွားမှန်း မသိ။

"ဂျိန်း"

ဟူသောအသံနှင့်အတူ အလင်းရောင်ကိုပါ တွေ့မြင်လိုက်ရသည်။

လယ်သမားကြီးက လက်ထဲမှ ဖယောင်းတိုင်ကိုင်ရင်း ဝင်ရောက်လာသည်။

"ကဲ...ထမင်းစားဖို့ ကြွကြပါခင်ဗျာ"

ယန်းမင်တုက ထိုင်ရာမှထလိုက်ပြီး ထွက်သွားလေ၏။

နောက်မှလိုက်၍ထွက်သွားကြ
ဟိုကျောက်ကျိုးတို့ကလည်း
လေသည်။

❋ ❋ ❋

တဲအိမ်၏ ဧည့်ခန်းသည် ကျယ်ဝန်းလှသည်မဟုတ်ပါ။
ဧည့်ခန်း၏အလယ်တွင် ရှည်လျားသော စားပွဲတစ်လုံးရှိသည်။
သူတို့အား ကယ်တင်သော လယ်သမားတစ်ယောက်အပြင်
အခြားလယ်သမားကြီးသုံးယောက်ကိုပါ တွေ့ရလေသည်။
စားပွဲပေါ်တွင် အငွေ့တထောင်းထောင်းရှိသော ထမင်းနှင့်
ပဲပြား ဟင်းသီးဟင်းရွက်နှင့်ချက်ထားသော ဟင်းလျာကိုပါ တွေ့ရ
ရလေသည်။
ဟိုကျောက်ကျိုးက လယ်သမားကြီးအား ကျေးဇူးတင်စကား
ပြောရင်း တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြလေသည်။
သူတို့အား ပုန်းအောင်းခိုင်းသော လယ်သမားကြီး၏အမည်မှာ
ကျူအန်းကုဖြစ်သည်။
ကျန်ရှိသော လယ်သမားသုံးယောက်မှာ အင်းရှောင်၊အိတ်ယောင်း
နှင့် ပိုတခြမ်းဖြစ်၏။
ဟိုကျောက်ကျိုးက အံ့သြသွားလေသည်။
"ခင်ဗျားတို့ကို မိသားစုထင်နေကြတာ"
ကျူအန်းကုက...
ယန်းမင်တု၏အမည်ပြောပြရာ သူတို့က ထူးထူးခြားခြား



မရှိသော်လည်း ဟိုကျောက်ကျိုး၏အမည်ကို ကြားလိုက်ရသောအခါ သူတို့သည် ဟိုကျောက်ကျိုးအား သတိထား၍ကြည့်ကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုည သူတို့သည် ထိုတဲအိမ်မှာပင် တစ်ညတာအိပ်စက်ကြရသည်။

ညဦးပိုင်းတွင် တစ်ဖက်ခန်းမှ စာဖတ်သံများကိုကြားလိုက်ရသည်။

ဟိုကျောက်ကျိုးက သေချာစွာနားထောင်သောအခါ ကလေးငယ်၏ စာဖတ်သံဖြစ်သည်ကို သိရှိလိုက်ရလေသည်။

သူသည် ထိုကလေးငယ်အပေါ် စိတ်ဝင်စားလာသည်။

လယ်သမားကြီး၏ခေါ်သံ ကြားရသည့်အတိုင်းဆိုလျှင် ယင်းကလေးငယ်၏အမည်မှာ စိန်ကြည်ဖြစ်သည်။

ထိုကလေးငယ်သည် လယ်သမား သားသမီးမဟုတ်မှန်းသိသာလွန်း၏။

ယင်းလယ်သမားလေးယောက်တို့မှာလည်း ရုပ်ရည်ထူးခြားပြီး တစ်စုံတစ်ရာ လျှို့ဝှက်ထားသည့်အလား သူတို့၏ပုံဟန်မှာလည်း ရိုးရိုးလယ်သမားများ မဟုတ်သည်ကို သိသာနိုင်ပေသည်။

ဟိုကျောက်ကျိုး၏ ဦးနှောက်ထဲတွင် ထိုထူးခြားသော လယ်သမားကြီးလေးယောက်နှင့် စိန်ကြည်အမည်ရှိသော ကလေးငယ်တို့ ဤတဲထဲ၌ တစ်စုံတစ်ခု ကြံစည်မှုရှိနေသည်ဟု တွေးမိလေသည်။

သူသည် တွေးရင်းတွေးရင်း ညဉ့်နက်ကျမှ အိပ်ပျော်လေသည်။

သို့သော် သူသည် ကြာကြာ မအိပ်လိုက်ရပါ။

ယန်းမင်တုက သူ့အား နှိုးလိုက်ခြင်းဖြစ်သည်။

"ဟောလူ ထစမ်းပါ"

ဟိုကျောက်ကျိုးက ထထိုင်လိုက်သည်။

ယန်းမင်တုက အသံတိုးတိုးဖြင့်...

"တို့မြန်မြန်ပြေးကြမယ်"

ဟိုကျောက်ကျိုးက အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ"

ယန်းမင်တုက...

"ဒီနေရာက ဓားပြတွေ စုနေတဲ့နေရာဗျ"

ဟိုကျောက်ကျိုး ရင်ထိတ်သွားသည်။

"ခင်ဗျား ဘယ်လိုလုပ် သိလိုက်သလဲ"

ယန်းမင်တုက သူ၏လက်ကိုဆွဲကာ သေတ္တာတစ်လုံးရှိရာသို့ လျှောက်သွားသည်။

မီးခြစ်ကိုကို ခြစ်လိုက်ပြီး သေတ္တာအဖုံး ဖွင့်ပြလိုက်လတော့သည်။

"ဟောဒီမှာကြည့်"

ဟု ပြောလိုက်၏။

ဟိုကျောက်ကျိုးက အံ့အားသင့်လွန်း၍ အသံပင်မထွက်နိုင်တော့ပါ။

သေတ္တာထဲ၌ ရွှေငွေကျောက်သံပတ္တမြားပြည့်နှက်စွာရှိနေသည်ကို တွေ့ရလေသည်။

သူသည် အတန်ကြာမှ မျက်မှောင်ကြုတ်သွားသည်။



"ဒါ...ဒါလောက်များတဲ့ ရွှေငွေတွေကို သူတို့ ဘယ်ကရလာတာလဲဗျ"

ယန်းမင်တုက...

"ဓားပြတိုက်လို့ ရလာတာပေါ့ဗျာ"

သူသည် သေတ္တာအဖုံးကို ပြန်ချလိုက်သည်။

"ကဲ...မြန်မြန်ပြေးကြမယ်"

သူတို့သည် အိပ်ပျော်နေသော အိမ်ဖော်ကိုနှိုးလိုက်ပြီး တဲအိမ်ထဲမှ တိတ်တဆိတ် ထွက်လာလေသည်။

သူတို့ မြင်းများကို ဆွဲခေါ်သွားပြီး ရွာအပြင်ရောက်တော့ မြင်းပေါ်တက်၍ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

* * *

ဟိုကျောက်ကျိုးတို့သည် စကားတစ်ခွန်းမျှ မပြောကြဘဲ မြင်းကို မောင်းနှင်ထွက်ခွာသွားကြသည်။

ရွာနှင့် ငါးမိုင်ခန့်အကွာသို့ ရောက်ရှိလာကြသောအခါ နောက်မှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

အသံတစ်ခုပါ တစ်ဆက်တည်း ကြားလိုက်ရလေသည်။

"ဟေ့...အားလုံး ရပ်လိုက်စမ်း"

ဟိုကျောက်ကျိုးတို့က မရပ်ဝံ့ရဲပါ။ ဆက်လက်မောင်းနှင်သွားသည်။

သူတို့သည် နောက်ထပ် တစ်မိုင်ခန့်အကွာသို့ ရောက်ရှိလာရာ

ရုတ်တရက် မြင်းတစ်ကောင်သည် သူတို့ရှေ့မှ ဖြတ်ကျော်လာပြီး ပိတ်ဆို့ဟန့်တားလိုက်၏။

ယန်းမင်တုက ဓားကိုဆွဲထုတ်လိုက်ပြီး ဝင်ရောက်တိုက်ခိုက်လိုက်သည်။ ထိုစဉ်မှာပင် နောက်မှ လယ်သမားကြီးသုံးယောက် နောက်မှ ထပ်မံရောက်ရှိလာလေသည်။

ယန်းမင်တုသည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် သက်ပြင်းချလိုက်ပြီး လက်နက်ချအညံ့ခံ အဖမ်းခံလိုက်ရလေသည်။

ကြူအန်းကုက သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ပြန်လိုက်ခဲ့"

သူသည် ယင်းသို့ပြောပြီး ချာခနဲလှည့်ကာ ရွာဘက်သို့ပြန်လှည့်သွားလေသည်။

ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့မှာလည်း ခေါင်းငိုက်စိုက်ချကာ နောက်မှ လိုက်ပါသွားလေသည်။

❋ ❋ ❋

မိုးမလင်းသေးပါ။

ဝန်းကျင်တစ်ခုလုံးမှာလည်း မှောင်မည်းနေ၏။

သို့သော် ကြယ်ကလေး၏ အလင်းရောင်ရှိနေသောကြောင့် အရာရာတို့သည် ဝိုးတဝါးမြင်တွေ့နိုင်ပေသည်။

ယန်းမင်တုတို့သုံးယောက်သည် ခေါင်းငိုက်စိုက်ချလျက် တဲအိမ်ထဲသို့ ဝင်သွားလေသည်။



ညည့်ခန်းထဲ၌ ဖယောင်းတိုင်များ ထွန်းညှိထားသောကြောင့် လင်းထိန်နေ၏။

အလယ်တည့်တည့် ထိုင်ခုံပေါ်တွင် ထိုင်နေသောသူမှာ စိန်ကြည်အမည်ရှိသော သူငယ်ပင်ဖြစ်သည်။

ကျန်ရှိသော လယ်သမားတို့သည် ဝဲယာတစ်ဘက်တစ်ချက်စီ နေရာယူ၍ ထိုင်ကြသည်။

သူတို့၏မျက်နှာပေါ်တွင် အလွန်လေးနက်တည်ကြည်နေကြသည်ကို တွေ့ရသည်။

ယန်းမင်တုသည် သေရမည့်အတူတူ မထူးတော့သဖြင့် ရင်ကိုကော့ထားပြီး ရဲရဲဝံ့ဝံ့ ပြန်လည်ပြောဆိုလိုက်သည်။

"ကျုပ်ကို စစ်ဆေးမနေနဲ့ သတ်ချင်ရင် သတ်လိုက်ပါ၊ ခင်ဗျားတို့မေးတာကို ကျုပ်တစ်ခုမှ ပြောမှာမဟုတ်ဘူး"

ကြူအန်းကုက အင်းရှောင်ဘက်သို့ လှည့်လိုက်သည်။

"အစ်ကိုကြီး ဘာလုပ်ရင် ကောင်းမလဲ"

အင်းရှောင်က စကားတစ်ခွန်းမျှမပြောဘဲ ပါးစပ်ပိတ်ထားသည်။

အိပြောက်က...

"ဟိုကျောက်ကျူးတို့နှစ်ယောက်ကို လွှတ်လိုက်၊ ယန်းမင်တုကို သတ်လိုက်"

ဟု ပြောလိုက်၏

အင်းရှောင်က လက်ကာပြလိုက်သည်။

"နေပါဦး...သူ့အရင်တုန်းက ဘာပဲလုပ်ခဲ့လုပ်ခဲ့ တို့မသိဘူး၊ လက်ရှိအနေအထားကြတော့ သေဒဏ်မပေးသင့်ဘူးလို့ ထင်တယ်"

ကြူအန်းကုက...

"ဒါဖြင့် ဘယ်လိုဆုံးဖြတ်ကြမလဲ"

အင်းရှောင်က...

"သူ့အသက်ကို ချမ်းသာပေးလိုက်ပါ"

သူသည် လိုတခြမ်းဘက်သို့ လှည့်လိုက်သည်။

"သူ့ရဲ့မျက်လုံးနှစ်လုံးကို ဖောက်လိုက်ပါ"

ဟိုကျောက်ကျုံးက မေတ္တာရပ်ခံရန် ပါးစပ်ဟလိုက်သည်။

ရုတ်တရက် လူငယ်က ကြားဖြတ်ပြောလိုက်သည်။

"ဦးလေးအင်းရှောင် သူ့ကိုကြည့်ရတာ သနားစရာကောင်းပါတယ် ခွင့်လွှတ်ပါ"

အင်းရှောင်သည် ကျန်ရှိသော လယ်သမားကြီးသုံးယောက်အား တစ်ချက်ကြည့်လိုက်ပြီးမှ ယန်းမင်တုအား တစ်ချက် စိုက်ကြည့်လိုက်သည်။

"ကဲ...မင်းကို ခွင့်လွှတ်တဲ့လူရှိတဲ့အတွက် ကနေ့ည မင်းတွေ့ခဲ့သမျှအားလုံးကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးနိုင်ပါမလား"

ယန်းမင်တုက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလည်း မမျှော်လင့်ဘဲ တွေ့ခဲ့ရတာပါ၊ ဒီကိစ္စတွေ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကျုပ်ကတိပေးပါတယ်"



အင်းရှောင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းလည်း ယောကျ်ားကောင်းတစ်ယောက်ဆိုတာ တို့ယုံကြည်တယ်၊ မင်းသွားနိုင်ပါပြီ"

ယန်းမင်တုက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

အိုဟောက်က ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

"ခင်ဗျားက ဒီလိုပဲသွားတော့မှာလား"

ယန်းမင်တုက အိုဟောက်၏စကားအဓိပ္ပာယ်ကို နားလည်လိုက်သည်။

သူသည် မချိပြုံးပြုံးလိုက်သည်။

"ကောင်းပြီ...ဓားတစ်လက်ခဏပေးစမ်းပါ"

ကြူအန်းကုက စားပွဲအောက်မှ ဓားတစ်လက်ထုတ်ယူပြီး ကန့်လန့်ဖြတ်ပေးလိုက်သည်။

ယန်းမင်တုက ဖမ်းဆွဲလိုက်ပြီး စားပွဲအနီးသို့ လျှောက်သွားသည်။

သူသည် ညာဘက်လက်ကို စားပွဲပေါ်ဖြန့်ချလိုက်ပြီး ဘယ်ဘက်လက်က ဓားကိုင်၍ ခုတ်ချလိုက်ရာ လက်ညှိုးတစ်ချောင်း တိခနဲပြတ်သွားလေသည်။

သူက ရယ်မောလိုက်သည်။

"ဒီကိစ္စမှာ ကျုပ်ရဲ့အပြစ်ဖြစ်တဲ့အတွက် ဟိုကျောက်ကျုံးနဲ့ လုံး၀ မပတ်သက်ပါဘူး"

အားလုံးသောသူများသည် ယန်းမင်တု၏သတ္တိကို ချီးကျူး

ကြတော့သည်။

အိဟောက်က လက်မထောင်ပြလိုက်သည်။

"ကောင်းပြီလေ၊ ဒီကနေ့ညတော့ ဒီကိစ္စပြီးပြတ်သွားပါပြီ"

သူသည် ထရပ်လိုက်ပြီး အခန်းထဲသို့ ဝင်သွားသည်။

သူသည် ပြန်လည်ထွက်လာသောအခါ ဆေးဝါးနှင့် အဝတ်ကို ယူဆောင်လာသည်။

သူသည် ယန်းမင်တုၡ၏ဒဏ်ရာကို ဆေးသိပ်လိုက်ပြီး ပတ်တီးစည်းပေးလိုက်သည်။

ယန်းမင်တုသည် ဆေးစည်းပြီးသည်နှင့် ဟိုကျောက်ကျူးဘက်သို့ လှည့်လိုက်သည်။

"ကဲ...တို့သွားဖို့သင့်ပါပြီ"

ထိုစဉ် အင်းရှောင်က လက်ကာပြလိုက်၏။

"ခဏနေကြပါဦး"

ယန်းမင်တုက မျက်မှောင်ကြုတ်သွားလေ၏။

အင်းရှောင်က ပြုံးပြလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်စလုံးဟာ မိတ်ဆွေပီသပါပေတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို လက်ဆောင်တစ်ခုပေးချင်လို့ပါ"

သူသည် ပြောရင်း အိတ်ထဲမှ ပစ္စည်းအရာတစ်ခု ထုတ်ယူလိုက်ပြီး ဟိုကျောက်ကျူးအား ပေးအပ်လိုက်သည်။

ဟိုကျောက်ကျူးက လှမ်းယူလိုက်၏။

အလွန်ပေါ့ပါးသဖြင့် သေချာစွာကြည့်လိုက်ရာ ဝါးဖြင့်ပြုလုပ်ထားသော လေးထောင့်အပြားကလေးတစ်ခုဖြစ်သည်ကို တွေ့ရသည်။



အပြားပေါ်၌...

"စန်းကျူး"

ဟူသော စာလုံးနှစ်လုံး မီးဖြင့်ထွင်းထားသည်။

အပြား၏ နောက်ကျောတွင် ကနုတ်ပန်းများ ထွင်းထားသည်။

အင်းရှောင်က ရှင်းပြလိုက်သည်။

"အခု ခင်ဗျားအိမ်ပြန်သွားတဲ့အခါမှာ လမ်းခရီးတစ်လျှောက်လုံးမှာ ဘေးအန္တရာယ်နဲ့ကြုံတွေ့တဲ့အခါမှာ ဒီအပြားကလေးကို ထုတ်ပြလိုက်ရင် အန္တရာယ်ကင်းနိုင်ပါတယ်"

ဟိုကျောက်ကျူးသည် ထိုအပြားကလေးကို အထင်မကြီးသော်လည်း သူမှား အလေးထားပြီးပေးလိုက်သဖြင့် အိတ်ထဲ၌ သိမ်းဆည်းထားလိုက်ရသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ကျေးဇူးတင်စကားပြောပြီး တဲအိမ်ထဲမှထွက်လာကြလေ၏။

သူတို့သည် မြင်းကိုယ်စီဖြင့် ထိုရွာကလေးမှ ထွက်ခွာသွားလေတော့သည်။

❋ ❋ ❋

မိုးလင်းလာပြီဖြစ်သည်။

ဟိုကျောက်ကျူးတို့သည် မြို့ကလေးတစ်မြို့သို့ ရောက်လာကြလေ၏။

သူတို့သည် တည်းခိုခန်းတစ်ခန်းတွင်တည်းခိုပြီး အေးဆေးစွာ

အနားယူလေသည်။

နောက်တစ်နေ့နံနက် သူတို့သည် ခရီးထွက်လာကြလေ၏။

လူသူတစ်စုံတစ်ယောက်မှ မရှိသော မြို့ကလေးသို့ရောက်ရှိသောအခါ ဟိုကျောက်ကျူးက မကြည့်ရက်သဖြင့် မြို့ပြင်မှပတ်၍ ကျော်ဖြတ်သွားလေ၏။

မွန်းတည့်ချိန်ရောက်ရှိသောအခါ သူတို့သည် လက်ဖက်ရည်ဆိုင်တွင် ခေတ္တအနားယူပြီး စားသောက်ကြသည်။

ပြီးနောက် ဆက်လက်ထွက်ခွာလာ၏။

သူတို့သည် ဆယ်မိုင်ခန့်အကွာသို့ရောက်သောအခါ ရုတ်တရက် မြင်းခွာသံများ ကြားလိုက်လေသည်။

လူတစ်ယောက်နှင့် မြင်းတစ်ကောင်သည် သူတို့နှင့်မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည်။

သူတို့အနီးသို့ ရောက်ရှိလာသောအခါ မြင်းပေါ်မှလူသည် ယန်းမင်တုနှင့် ဟိုကျောက်ကျူးတို့အား တစ်ချက်လှည့်ကြည့်လိုက်ပြီး ဆက်လက်မောင်းနှင် ထွက်ခွာသွား၏။

ဤသို့ဖြင့် နောက်ထပ် မိုင်သုံးဆယ်ခန့်ရောက်ရှိလာရာ သူတို့နောက်တွင် မြင်းခွာသံများ ထပ်မံကြားလိုက်ရလေ၏။

သူတို့လှည့်ကြည့်လိုက်သောအခါ ပထမကျော်ဖြတ်သွားသောလူက ပြန်လှည့်လာသည်ကို တွေ့ရ၏။

ဤတစ်ကြိမ် ယန်းမင်တုနှင့် ဟိုကျောက်ကျူးတို့ သတိထားကြည့်မိသည်။



ထိုလူမှာ အစိမ်းရောင်အဝတ်ဖြင့် ခေါင်းကိုပေါင်းထားသည်။

ရုပ်ရည်မှာလည်း အလွန်ဖျတ်လတ် သန့်စွမ်းသည်ကို တွေ့ရသည်။

ထိုလူသည် သူတို့သုံးယောက်အားကျော်၍ လျှင်မြန်စွာ မောင်းနှင်ထွက်ခွာသွားလေသည်။

ဟိုကျောက်ကျူးက မျက်မှောင်ကြုတ်သွား၏။

“ဒီလူက တော်တော်ထူးဆန်းပါလား၊ သွားပြီးမှ ပြန်လှည့်လာတယ်”

ယန်းမင်တုက...

“တော်ကြာကြရင် ခင်ဗျားတို့သာ လွတ်အောင်ပြေးပေတော့”

ဟိုကျောက်ကျူးက ရင်ထိတ်သွား၏။

“ဘာဖြစ်လို့လဲ၊ လူဆိုးနဲ့များ တွေ့ပြန်ပြီလား”

ယန်းမင်တုက...

“တော်ကြာကြရင် တို့တစ်ခုခုဖြစ်ဖို့သေချာတယ်၊ တို့ရှောင်လို့လည်းမရဘူး၊ ဒါကြောင့် ကျုပ်က သူတို့နဲ့ ရင်ဆိုင်ရလိမ့်မယ်”

ဟိုကျောက်ကျူးက သက်ပြင်းချလိုက်သည်။

“ဒီလိုဆိုရင်လည်း ကျုပ်က ဘယ်ပြေးလို့လွတ်နိုင်တော့မှာလဲ”

သူတို့သုံးယောက်သည် ရင်တထိတ်ထိတ်ဖြင့် ဆက်လက်ထွက်လာရာ သုံးမိုင်ခန့်အကွာသို့ ရောက်သောအခါ...

“ဒိုး...”

မြားတစ်စင်းသည် အသံမြည်ဟည်းပြီး ကောင်းကင်ပေါ်သို့ ထောင်တက်သွားသည်။

လမ်းမပေါ်တွင် မြင်းသုံးကောင်က တန်းစီ၍ ရပ်နေသည်ကို တွေ့လိုက်ရသည်။

ယန်းမင်တုက မြင်းကိုရှေ့သို့အနည်းငယ် မောင်းနှင်လိုက်၏။

သူသည် လက်နှစ်ဖက်ဆုပ်၍...

"ကျုပ်က ဝူးဇေအာမခံဌာနကလူပါခင်ဗျာ၊ ဒီနယ်ကို ရောက်လာပေမယ့် ဘာမှအာမခံပစ္စည်းမပါပါဘူး"

သူသည် ဟိုကျောက်ကျိုးတို့အား ညွှန်ပြလိုက်သည်။

"ဟောဒီက မိတ်ဆွေကလည်း စာပေသမားတစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်တို့ကို သွားခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်"

မြင်းသုံးကောင်အနက် အလယ်မြင်းပေါ်ကလူသည် ရယ်မောလိုက်သည်။

"တို့က ခရီးစားစရိတ်ပြတ်နေလို့ ငွေတစ်ရာလောက်ချေးချင်လို့ပါ"

ထိုလူ၏စကားသည် နယ်စွန်နယ်ဖျားနေထိုင်နေသော နယ်သားများ၏စကားဖြစ်သောကြောင့် ယန်းမင်တုနှင့် ဟိုကျောက်ကျိုးတို့က နားမလည်ဘဲဖြစ်နေ၏။

သူတို့အနားမှဖြတ်ကျော်သွားသောလူက ဒေါသကြီးစွာဖြင့်...

"ပြောနေတာ မကြားဘူးလား၊ တို့က ငွေတစ်ရာချေးချင်တယ်လို့"



ယန်းမင်တုက သည်းမခံနိုင်တော့ပါ။

"ဒီမှာ ကျုပ်သိုင်းလောကမှာ ကျော်ဖြတ်ခဲ့တာ ၁၀ နှစ်ကျော်သွားပြီ၊ ခင်ဗျားလို မိုက်ရိုင်းတဲ့လူတစ်ခါမှမတွေ့သေးဘူး"

ထိုလူက စကားမပြောတော့ဘဲ မြင်းကိုရှေ့သို့မောင်းနှင်လာပြီး ယန်းမင်တုအား တိုက်ခိုက်လိုက်သည်။

ညာဘက်တွင်ရပ်နေသော မြင်းပေါ်မှလူသည် မြင်းကို မောင်းနှင်ဝင်ရောက်လာပြီး ဟိုကျောက်ကျိုး၏ အိမ်ဖော် ပခုံးမှ လွယ်ထားသော လွတ်အိတ်ကလေးကို ဓားဖြင့် ဖြတ်ယူလိုက်၏။

အထုပ်ကလေး အောက်သို့မကျမီ လက်နှစ်ဖက်ဖြင့်ဖမ်းယူလိုက်လေသည်။

သူသည် အိတ်ကလေး၏ အလေးချိန်ကို လက်နှင့်ဆလိုက်ပြီး ရယ်မောလိုက်လေသည်။

"ကျေးဇူးပဲနော်"

သူတို့သည် မောင်းနှင်၍ ထွက်ခွာသွားလေတော့သည်။

❋ ❋ ❋

ယန်းမင်တုသည် အလွန်စိတ်ဓာတ်ကျသွားသည်။

အိမ်ဖော်က ခေါင်းတွင်တွင်ခါယမ်းနေ၏။

"ဒုက္ခပါပဲ ငွေအကုန်ပါသွားပြီ၊ ကျွန်တော်တို့ လမ်းမှာ ဘာနဲ့စားရပါ့မလဲဗျာ"

ယန်းမင်တုက စိတ်မရှည်နိုင်တော့ဘဲ...

"ငွေကို နှမြောမနေနဲ့၊ မင်းအသက် မသတ်သွားတာပဲ ကံကောင်းပြီမှတ်"

ဟိုကျောက်ကျုံးက သက်ပြင်းချလိုက်သည်။

"ကဲပါလေ နောင်ခါနောင်ခါချေး ကြည့်ရှင်းကြတာပေါ့"

သူတို့သုံးယောက်သည် ခေါင်းငိုက်စိုက်ချကာ မြင်းကိုမောင်း၍ ဆက်လက်ထွက်ခွာသွားကြရလေတော့သည်။

❋ ❋ ❋

နာရီဝက်ခန့်ကြာသွားသောအခါ ရုတ်တရက် သူတို့နောက်တွင် မြင်းခွာသံများ ထပ်မံပေါ်ထွက်လာသည်။

ယန်းမင်တုနှင့် ဟိုကျောက်ကျုံးတို့က လှည့်ကြည့်လိုက်ရာ ထိုလူသုံးယောက်က ပြန်လှည့်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ယန်းမင်တုနှင့် ဟိုကျောက်ကျုံးတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အလွန်စိုးရိမ်သွားကြလေတော့သည်။

ထိုလူသုံးယောက်သည် သူတို့ရှေ့ရောက်ရှိလိုက်သည်နှင့် မြင်းပေါ်မှ ခုန်ဆင်းကြသည်။

သူတို့သည် ဖြိုင်တူဦးညွှတ်၍ အရိုအသေပြုလိုက်လေသည်။

"အချင်းချင်းတွေပဲ ကျွန်တော်တို့ မသိလို့ ပြုမိတာကိုခွင့်လွှတ်ပါခင်ဗျာ"

တစ်ယောက်က လက်နှစ်ဖက်ဖြင့် အထုပ်ကလေးကို လှမ်းပေးလိုက်သည်။



အိမ်ဖော်က လှမ်းယူလိုက်လေသည်။

အလယ်မှလူသည် ထပ်မံဦးညွှတ်လိုက်သည်။

"ဒါနဲ့ မိတ်ဆွေရဲ့နာမည် သိပါရစေဗျာ"

ယန်းမင်တုနှင့် ဟိုကျောက်ကျုံးတို့က အမှန်အတိုင်းပြောပြလိုက်သည်။

"သူတို့နှစ်ယောက်ကတော့ လျှုလောက်တာနဲ့ လျှုလောက်အော့ပါ"

ဟိုကျောက်ကျုံးက ခေါင်းညိတ်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ချန်းစန်းက ပြုံးလိုက်သည်။

"မိတ်ဆွေကလဲ ဗျာ စောစောစီးစီး ဟောဒီ ဝါးကတ်ပြားကလေးကိုင်ပြလိုက်ရင် ပြီးတာပဲ၊ အခုတော့ ကံကောင်းလို့ တစ်ယောက်နဲ့တစ်ယောက် လွန်လွန်ကျွံကျွံ ဖြစ်မသွားတာ"

ယခုမှ ဟိုကျောက်ကျုံးသည် ကြူအန်းကု ပေးလိုက်သော ဝါးကတ်ပြားမှာ အလွန်တန်ဖိုးရှိမှန်း နားလည်လိုက်လေသည်။

သူသည် အဖြေမပေးဘဲ ပြုံးပြလိုက်သည်။

ချန်းစန်းက စကားဆက်လိုက်သည်။

"ဒါနဲ့ နောင်ကြီးတို့က ချီးကန်းတောင်ကို သွားကြမယ် မဟုတ်လား"

ဟိုကျောက်ကျုံးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်တို့ ဟိုခုန်နယ် သွားကြမလို့ပါ"

ချန်းစန်း၏ မျက်နှာပေါ်တွင် မကျေမနပ်သော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"နောက် သုံးရက်ဆိုရင် ရှစ်လ ဆယ့်ခြောက်ရက်ဖြစ်တယ်၊ ကျုပ်ကတောင်မှ အဝေးကရောက်အောင်လာကြတယ်၊ ခင်ဗျားတို့က ကျိုးကန်းတောင်ရောက်ခါနီးမှ မသွားဘူးဆို ဘယ်ကောင်းပါ့မလဲဗျာ"

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့သည် ကျိုးကန်းတောင်ပေါ်သို့ ဘယ်ကြောင့် တက်ရမည်ကို နားမလည်နိုင်ဘဲဖြစ်နေသည်။

ဟိုကျောက်ကျုံးက...

"ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ"

ချန်းစန်းက...

"သိပ်ကြာကြာနေရမှာမှမဟုတ်ဘဲ၊ ဒါနဲ့များ ခင်ဗျားတို့က စန်းကျုံးရဲ့ မိတ်ဆွေဆို"

ဟိုကျောက်ကျုံးက ပို၍ခေါင်းရှုပ်သွားသည်။

စန်းကျုံးဟူသောအဓိပ္ပာယ်ကိုလည်း သူက နားမလည်နိုင်ဘဲ ဖြစ်နေသည်။

ယန်းမင်တုမှာမူ အတွေ့အကြုံရင့်ကျက်သော ဒွာနမှူးတစ်ယောက်ဖြစ်သည်။

လက်ရှိအခြေအနေမှာ ကျိုးကန်းတောင်ပေါ် မတက်၍မဖြစ်မှန်း သိရှိလိုက်လေသည်။

ထို့ကြောင့် သူသည် ကြားဝင်၍ ပြောလိုက်လေသည်။

"ကောင်းပါပြီဗျာ၊ ကြုံတုန်းကြုံခိုက် ကျုပ်တို့သွားပါ့မယ်ဗျာ"



ချန်းစန်းက ဝမ်းသာသွားသည်။

"ဒီလိုမှပေါ့ဗျာ"

ဟု ပြောလိုက်လေသည်။

သူတို့ခြောက်ယောက်သည် စုပေါင်း၍ ချိုးကန်တောင်ရှိရာသို့ ဦးတည်သွားကြလေသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့သည် ကျိုးကန်းတောင်မှာ မည်သည့်နေရာရှိသည်ကို မသိရသဖြင့် ချန်းစန်းခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေသည်။

❋ ❋ ❋

ချန်းစန်းဦးဆောင်သော လူခြောက်ယောက်တို့သည် ကျိုးကန်းတောင်ရှိရာသို့ ဦးတည်သွားကြလေသည်။

လမ်းခရီးတစ်လျှောက်တွင် သူတို့သည် တည်းခိုခန်းတွင် ရပ်နားကြသည်။

စားသောက်ဆိုင်တွင် စားသောက်ကြသည်။

ချန်းစန်းသည် လက်ညှိုး လက်ခလယ် လက်သူကြွယ် သုံးချောင်းကို ထောင်ပြပြီး တစ်ဖန် လက်မနှင့် လက်သန်းကလေးကို ထောင်ပြလိုက်သည်။

ဆိုင်ရှင်များသည် အခကြေးငွေကို လုံးဝမယူဘဲ ရိုရိုသေသေဖြင့် ပြုစုစောင့်ရှောက်ကြသည်ကို တွေ့ရလေသည်။

ဟိုကျောက်ကျုံးက အလွန်အံ့သြသွားလေသည်။

ယန်းမင်တုမှာမူ အဖွဲ့အစည်းတစ်ခု၏ လျှို့ဝှက် သင်္ကေတ ဖြစ်သည်ကို အကဲခတ်မိလေသည်။

သို့သော်...

စန်းကျူးဟူသောအမည်သည် လူပုဂ္ဂိုလ်တစ်ယောက်၏ အမည် လော။

သို့မဟုတ် လျှို့ဝှက်အဖွဲ့အစည်းတစ်ခု၏အမည်လော။

သူသည် အတွေ့အကြုံ အလွန်ရင့်ကျက်နေပြီဖြစ်သော်လည်း လုံးဝစဉ်းစား၍မရပေ။

ထို့အပြင် ကျီးကန်းတောင်ဟူသည် မည်သူ၏စခန်းဖြစ် သနည်း။

ကျီးကန်းတောင်ပေါ်၌ မည်သည့်အဖွဲ့အစည်းက လူများစုဝင် နေကြပါသနည်း။

သူသည် တွေဝေ၍ စိတ်ထဲ၌ လေးလံ၍လာလေသည်။

နှစ်ရက်အကြာတွင် မနိမ့်မမြင့်သော တောင်တစ်လုံး၏ ခြေ ရင်းသို့ ရောက်ရှိလာလေသည်။

ထိုတောင်အား အဝေးမှကြည့်လျှင် ခေါင်းထောင်၍ရပ်နား နေသော ကျီးကန်းတစ်ကောင်နှင့် တူလှပေသည်။

ထို့ကြောင့် ယန်းမင်တုနှင့် ဟိုကျောက်ကျူးတို့သည် ကျီးကန်း တောင်ဖြစ်သည်ဟု နားလည်လိုက်လေသည်။

တောင်ခြေရင်း၌ လူများသည် စုရုံးရောက်နေကြသည်ကို တွေ့ ရသည်။



၎င်းတို့သည် အဝတ်အစားမျိုးစုံ ဝတ်ဆင်ထားကြသည်။

အသွင်အမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်ကြသည်။

သူတို့၏လှုပ်ရှားမှုကို အကဲခတ်ကြည့်လိုက်သည်နှင့် သိုင်း သမားများ၊ စစ်သည်တော်များဖြစ်ရမည်ဟုလည်း ယန်းမင်တုက အကဲခတ်မိသည်။

ချန်းစန်းနှင့် လျူတောက်တ၊ လျူတောက်အော့တို့မှာ လူခပ် များများနှင့် နှုတ်ဆက်ပြောဆိုသည်ကို တွေ့ရသည်။

ဤတစ်ကြိမ် ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့သည် သူများ ၏အကြောင်းကို မစပ်စုဝံ့တော့သဖြင့် သူတို့နှုတ်ဆက်ပြောဆိုနေ သောစကားများကို လုံးဝနားမထောင်ဘဲနေ၏။

သူတို့၏ပြောဆိုသံများသည် မြောက်ပိုင်းဒေသ၊ တောင်ပိုင်း ဒေသနှင့် အလယ်ပိုင်းဒေသ စသည့် ဒေသပေါင်းစုံမှအသံများ ပါရှိ သည့်အပြင်...

ထိုလူများသည် ဝေးလံသောနေရာမှ တပင်တပန်းလာရောက် စုဝေးနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရလေသည်။

ထိုလူများသည် အဘယ်ကြောင့် ဤမျှဝေးလံသောနေရာမှ တပင်တပန်း ရောက်ရှိလာကြသနည်း။

ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့က စဉ်းစား၍မရဘဲ ဖြစ် နေ၏။

ထိုည…

ဟိုကျောက်ကျူးတို့လူစုသည် တောင်ခြေရင်း၌ရှိသော အိမ်ခန်း တစ်ခန်းတွင် တည်းခိုကြရလေသည်။

ညစာစားရန် စောင့်ဆိုင်းနေသောအခါ ရုတ်တရက် လူ တစ်ယောက်ပြေးဝင်လာပြီး အသံကျယ်လောင်စွာဖြင့်…

"သခင်လေးကြူ ရောက်လာပြီဟေ့"

ထိုစကားကြားလိုက်သည်နှင့် အခန်းထဲမှာရှိနေသောလူများ သည် အားလုံးမတ်တတ်ရပ်လိုက်ပြီး အပြင်သို့ စုရုံးထွက်ခွာသွား ကြလေသည်။

ယန်းမင်တုက ဟိုကျောက်ကျူး၏လက်ကို ဆွဲလိုက်သည်၊

"တို့လည်း သွားကြရအောင်"

သူတို့နှစ်ယောက်သည် အိပ်ခန်းထဲမှ ထွက်လာကြသောအခါ လူအများသည် ဝဲယာတစ်ဖက်တစ်ချက် မတ်တတ်ရပ်၍ တစ်ဖ တစ်ယောက်အား ကြိုဆိုစောင့်ဆိုင်းနေသည်ကို တွေမြင်လိုက်ရလေ သည်။

တစ်ခဏအကြာတွင် အနောက်ဘက်မှ မြင်းခွာသံများ ထွက် ပေါ်လာသည်။

အားလုံးသောလူများသည် လမ်းဝဘက်သို့ မျှော်ကြည့်နေ[illegible] လေသည်။

ထိုစဉ်…

အသက် ၂၇-၂၈ ခန့်ရှိသော လူငယ်တစ်ယောက်သ[illegible]



စာပေသမား အဝတ်အစားများဝတ်စားကာ မြင်းဖြူကိုစီး၍ ဖြည်း ညင်းစွာ လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လူငယ်သည် ကြိုဆိုသောလူများကို တွေ့မြင်လိုက်သည်နှင့် မြင်းကို အမြန်ဆုံး မောင်းနှင်လာသည်။

ကြိုဆိုနေကြသောလူများရှေ့သို့ ရောက်လာသောအခါ မြင်း ပေါ်မှ ဆင်းလာသည်။

တန်းစီ၍ ကြိုဆိုနေသောလူစုထဲမှ လူတစ်ယောက်ကထွက် လာပြီး မြင်းဇက်ကြိုးကို ကိုင်လိုက်သည်။

လူငယ်သည် တန်းစီ၍ ကြိုဆိုနေကြသောလူများအား ခေါင်း ညိတ်၍ နှုတ်ဆက်ရင်း လျှောက်လာသည်။

သူသည် ဟိုကျောက်ကျူးရှေ့သို့ ရောက်ရှိလာသောအခါ ဟိုကျောက်ကျူးမှာလည်း စာပေသမားတစ်ယောက်ဖြစ်သည်ကို တွေ့ရှိ လိုက်ရသဖြင့် လက်နှစ်ဖက် ဆုပ်လိုက်သည်။

"ဒီကနောင်ကြီး ဘယ်သူများပါလိမ့်"

ဟိုကျောက်ကျူးက ပြန်လည်နှုတ်ဆက်လိုက်သည်။

"ကျွန်တော် ဟိုကျောက်ကျူးပါ၊ နောင်ကြီးရဲ့အမည်ကော"

စာပေသမားက ပြုံးပြလိုက်သည်။

"ကြူချူးရှုပါ"

ဟု ပြောလိုက်၏။

ဟိုကျောက်ကျူးက ခေါင်းညိတ်လိုက်သည်။

"အခုလိုတွေ့ခွင့်ရတာ ဝမ်းသာလှပါတယ်"

ကြူချူးရှုကပြုံးလိုက်ပြီး အိမ်ခန်းထဲသို့ လှမ်းဝင်သွားလေသည်။

❋ ❋ ❋

ထိုအိမ်ခန်းသည် အများတည်းခိုနိုင်ရန် ယာယီတည်ဆောက်ထားသော အဆောက်အအုံတစ်ခုဖြစ်သည်။

အဝေးမှရောက်ရှိလာကြသူများအတွက် တစ်ထောက်နားရန် အနားစခန်းတစ်ခု ဆိုနိုင်ပေသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့သည် မိမိတို့အခန်းသို့ပြန်ရောက်ကြလေသည်။

ယန်းမင်တု အကြံတစ်ခု ရလာလေသည်။

"ဒီမှာမိတ်ဆွေ၊ ကြူချူးရှုဟာ စာပေသမားဖြစ်တဲ့အတွက် မင်းက အကျိုးအကြောင်း သွားပြောပြလိုက်ရင် တို့ကိုပြန်လွှတ်မှာပဲ"

ဟိုကျောက်ကျုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော် ကြိုးစားကြည့်ဦးမယ်"

ညမှောင်လာပြီဖြစ်သည်။

ရောက်ရှိလာကြသောလူများသည် ခရီးပန်းလာကြ၍လားမသိ။

အိပ်မောကျကုန်လေသည်။

ဟိုကျောက်ကျုံးသည် အခန်းထဲမှထွက်လာပြီး ကြူချူးရှု နေထိုင်သော အခန်းသို့ လျှောက်သွားလေသည်။



အခန်းအနီးသို့လျှောက်လာပြီးသည်နှင့် စာဖတ်သံများ ရပ်တန့်သွားပြီး အခန်းတံခါး ပွင့်သွားလေသည်။

ကြူချူးရှုက ဟိုကျောက်ကျုံးအား တွေ့မြင်လိုက်ရသောအခါ အနည်းငယ် အံ့အားသင့်သွား၏။

ဟိုကျောက်ကျုံးက...

"မိတ်ဆွေကို အနှောင့်အယှက် ပေးမိသလား မသိဘူး"

ကြူချူးရှုက ပြုံးပြလိုက်သည်။

"မဖြစ်ပါဘူးဗျာ၊ ကျုပ်ကလည်း ပျင်းပျင်းနဲ့ စာဖတ်နေတာပါ"

သူသည် လမ်းဖယ်ပေးလိုက်သည်။

"အထဲကိုကြွပါဗျာ"

ဟိုကျောက်ကျုံးက အခန်းထဲသို့ လှမ်းဝင်လိုက်၏။

ကြူချူးရှုက နေရာထိုင်ခင်းပေးပြီး ရေနွေးကြမ်းငှဲ့ပေးလိုက်သည်။

ထို့နောက် ...

ဟိုကျောက်ကျုံး၏ အကြောင်းများကို မေးမြန်းလိုက်မိလေသည်။

ဟိုကျောက်ကျုံးက အမှန်အတိုင်း ပြောပြလိုက်၏။

ကြူချူးရှုသည် ဟိုကျောက်ကျုံး၏ ဖခင်မှာ နေပြည်တော်မှ အမတ်မင်းတစ်ယောက်ဖြစ်ကြောင်း သိရသဖြင့် အလွန်လေးစားသွားသည်။

"ခင်ဗျားရဲ့ဖခင်ဟာ မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ အားလုံး သိပါတယ်၊ ကျုပ်တို့လည်း အလွန်ကြည်ညိုလေးစားပါတယ်ဗျာ"

ဟိုကျောက်ကျိုးက မိမိလမ်းခရီး၌ ကြုံတွေ့ခဲ့ရသမျှကို အသေး စိတ် ပြန်လည်ပြောပြလိုက်သည်။

ကြူချူးရွှက ရယ်မောလိုက်၏။

"အခုလိုမမျှော်လင့်ဘဲ လာပြီးဆုံရတယ်ဆိုတာ ရေစက်ဆုံလို့ ဖြစ်ပါတယ်၊ မနက်ဖြန်ကြရင် ကျုပ်နဲ့အတူ တောင်ပေါ်ကိုလိုက်ခဲ့ပါ၊ တော်လှန်ရေးရဲဘော်များ သိုင်းလောကအကျော်အမော်များနဲ့ မိတ်ဆုံ တယ်ဆိုတာလည်း ဘဝမှာ ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စရပ်ပါပဲ"

ဟိုကျောက်ကျိုးက...

"ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်အပေါ် အထင်လွဲမှာစိုးရိမ်မိလို့ပါ"

ကြူချူးရွှက...

"ခင်ဗျားက တွေ့သမျှ မြင်သမျှတွေကို ဘယ်သူမှ မပေါက် ကြားဘူးဆိုရင် ဘာအန္တရာယ်မှမဖြစ်ဘူးလို့ ကျုပ်က တာဝန်ယူ ပါတယ်ဗျာ"

ဟိုကျောက်ကျိုးက စိတ်သက်သာရာ ရသွားလေ၏။

သူတို့သည် စကားလက်ဆုံကျသွားသည်။

ကြူချူးရွှမှာ စာပေသမားတစ်ယောက်ဖြစ်သော်ငြားလည် စာပေအဆင့်အတန်းများမှာ အလွန်နိမ့်ကျနေသေး၏။

သူတို့သည် စာပေအကြောင်းများ ပြောဆိုကြပြန်သောအ



ဟိုကျောက်ကျိုးမှာ စာပေအနုပညာရပ်များ အလွန်နှံ့စပ်ကျယ်ပြန့် သည်ကိုတွေ့ရှိရသဖြင့် ကြူချူးရွှသည် ဟိုကျောက်ကျိုးအပေါ် အလွန် လေးစားလာလေသည်။

ဟိုကျောက်ကျိုးသည် ညဥ့်နက်သန်းခေါင်အထိ စကားပြော ပြီးမှ ပြန်သွားသည်။

ယန်းမင်တုမှာမူ ဟိုကျောက်ကျိုးအတွက် စိုးရိမ်နေစဉ် ဟိုကျောက်ကျိုး ပြန်လာသည်ကို တွေ့ရတော့မှ စိတ်အေးသွားလေ သည်။

❋ ❋ ❋

နောက်တစ်နေ့။

ရှစ်လ ဆယ့်ငါးရက်ဖြစ်သည်။

လမုန့်ပွဲတော်လည်း ဖြစ်လေသည်။

ဟိုကျောက်ကျိုးနှင့် ယန်းမင်တုတို့သည် အများနှင့်အတူ နံနက် စောစော တောင်ပေါ်သို့ တက်သွားကြသည်။

မွန်းတည့်ချိန်တွင် တောင်ခါးလယ်သို့ ရောက်ရှိသွားသည်။

ထိုနေရာတွင် ယာယီတည်ဆောက်ထားသော တဲများရှိ၏။

တဲထဲ၌ ရောက်ရှိလာသော ခရီးသည်များစားသုံးရန် သတ် သတ်လွတ် ထမင်းဟင်းနှင့် ရေနွေးကြမ်းများ ဧည့်ခံကြသည်။

ဟိုကျောက်ကျိုးတို့သည် စားသောက်ပြီး တစ်ခဏနား၏။

ပြီးနောက်...

ကြုံချူးရှုနှင့်အတူ တောင်ပေါ်သို့ ဆက်လက် တက်သွားကြလေသည်။

တောင်တက်လာသောလူများကို တင်းတင်းကျပ်ကျပ် စစ်ဆေးနေသည်ကို တွေ့ရ၏။

ဟိုကျောက်ကျူးနှင့် ယန်းမင်တုတို့အလှည့်ရောက်ရှိလာသောအခါ ကြုံချူးရှုက ခေါင်းညိတ်ပြလိုက်သည်နှင့် ကင်းစခန်းမှ တာဝန်ရှိသူများသည် လုံးဝစစ်ဆေးခြင်းမပြုတော့ဘဲ ဝင်ခွင့်ပေးလိုက်လေသည်။

သူတို့သည် ညနေခင်းအချိန်ကြမှ တောင်ပေါ်သို့ ရောက်ရှိသွားလေသည်။

တောင်ပေါ်တွင် လူပေါင်းတစ်ရာခန့် တန်းစီ၍ ကြိုဆိုကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသောလူသည် ကြုံချူးရှုအားတွေ့မြင်လိုက်သည်နှင့် ကြိုဆိုပြီး အဆောက်အအုံထဲသို့ ခေါ်ဆောင်သွားလေသည်။

✺ ✺ ✺

တောင်ထိပ်ပေါ်၌ အဆောက်အအုံ ဆယ့်လေးငါးခုခန့်ရှိသည်။

ထိုအဆောက်အအုံများသည် တစ်နေရာတည်းမှာ တည်ဆောက်ထားခြင်းမဟုတ်ဘဲ အဆောက်အအုံ တစ်ခုနှင့်တစ်ခု ခပ်ခွာခွာတည်ဆောက်ထားသည်ကို တွေ့ရသည်။



အလယ်ဗဟိုမှာရှိသော အဆောက်အအုံမှာ အလွန်ကြီးမားပြီး ဘုရားကျောင်းနှင့် တူလှပေသည်။

ကျန်ရှိသော အဆောက်အအုံများမှာ သာမန် အဆောက်အအုံများဖြစ်သည်။

မျှော်စင်မရှိ။ အကာအကွယ်ပြုလုပ်ထားသော အတားအဆီးများလည်း မရှိချေ။

ယန်းမင်တုက အံ့အားသင့်သွားလေသည်။

သူသည် သိုင်းလောကပေါ်တွင် နှစ်ပေါင်းနှစ်ဆယ်မက ကျက်စားကျင်လည်ခဲ့သည်။

သို့သော် ယခုကဲ့သို့ မြင်ကွင်းမျိုးကို မတွေ့ဖူးခဲ့ပေ။

ပို၍အံ့အားသင့်သွားသည်မှာ ထိုလူများသည် မိုင်ပေါင်းများစွာမှ လာရောက်စုဝေးနေကြခြင်းဖြစ်သည်။

သူတို့အချင်းချင်း ဟန်မူရာမှာ အကွန်ရင်းနှီးကြသည်။ သို့သော် သူတို့တစ်ယောက်နှင့်တင် သာက် တွေ့ဆုံကြသောအခါမှာ ဝမ်းသာ အားရခြင်းမရှိကြဘဲ သူတို့၏မျက်နှာပေါ်တွင် ဝမ်းနည်းခြင်း ခံပြင်း ခြင်း စသည့် အရိပ်အယောင်များကို သာ တွေ့မြင်လိုက်ရပေသည်။

ဟိုကျောက်ကျူးတို့ သုံးယောက်အား လူတစ်ယောက်က အခန်းငယ်တစ်ခုသို့ ပို့ဆောင်ပေးသည်။

တစ်ခဏအကြာတွင် စားသောက်ဖွယ်ရာများ လာရောက်ပို့သွားသည်။

သက်သတ်လွတ် ဟင်းလျာ လေးပန်းကန်၊ အသားလွတ် ပေါက်စီ အလုံးနှစ်ဆယ်ခန့် ပါရှိလေသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့က နားမလည်နိုင်ဘဲဖြစ်ကြသည်။

ထိုလူများသည် လူဆိုးသူခိုးဖြစ်နေလျှင် အရက်အိုးနှင့် အမဲသား ဝက်သားဟင်းများ ချကျွေးရမည်ဖြစ်သည်။

ယခုမှာမူ ...

သက်သတ်လွတ်ဟင်းများဖြင့် ကျွေးမွေးသောကြောင့် သူတို့က စဉ်းစား၍မရဘဲဖြစ်နေ၏။

သူတို့သည် စားသောက်ပြီးသည်နှင့် ခရီးပန်းလာကြသဖြင့် အနားယူအိပ်စက်ကြလေတော့သည်။

* * *

နောက်တစ်နေ့နံနက်။

ရှစ်လ ဆယ့်ခြောက်ရက်နေ့ဖြစ်သည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့သည် အိပ်ရာထလာသောအခါမှာ အခန်းထဲသို့ နံနက်စာ အဆင်သင့်ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူတို့သည်နံနက်စာစားပြီးနောက် ဟိုကျောက်ကျုံးက အိမ်ဖော်အား အခန်းထဲ၌နေစေပြီးလျှင် အပြင်သို့ထွက်လာကြလေသည်။

သူတို့သည် မမျှော်လင့်ဘဲ ဒဏ်ရာကိုယ်စီများရှိနေကြသော



လူစုတို့က နေရာတစ်ခုမှာ အနားယူထိုင်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဟိုကျောက်ကျုံးသည် မိမိအပေါ် အထင်လွဲသွားမည်ကို စိုးရိမ်သဖြင့် အခန်းဘက်သို့ ပြန်လှည့်သွားပြီး အနားယူနေလေသည်။

ညနေခင်းအချိန်ရောက်ရှိလာသောအခါ ခေါင်းလောင်းသံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

လူတစ်ယောက်က အခန်းထဲသို့ ရောက်ရှိလာသည်။

“မိတ်ဆွေတို့ကို ဧည့်ခန်းကြွပါလို့ ဖိတ်ခေါ်လိုက်ပါတယ်”

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့က ထိုလူခေါ်ဆောင်ရာသို့ လိုက်ပါသွားလေသည်။

မကြာမီ သူတို့သည် ဘုရားကျောင်းနှင့်တူသော အဆောက်အအုံရှိရာသို့ ရောက်ရှိလာကြလေသည်။

လမ်းပြသောသူသည် သူတို့အား ဘုရားကျောင်းထဲသို့ ခေါ်ဆောင်သွားသည်။

ဧည့်ခန်းတွင် ဝဲယာ တစ်ဖက်တစ်ချက်၌ စားလုံစသည့် လက်နက်များ အစီအရီချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

လမ်းပြသောလူသည် သူတို့အား ထပ်မံခေါ်ဆောင်သွားရာ အနောက်ဘက်အဆောင်တွင်မူ လူပေါင်းပြည့်ညပ်စွာထိုင်နေကြသည်ကို တွေ့လိုက်ရသည်။

ထိုလူများသည် လူပေါင်းတစ်ထောင်ခန့်ထက်မနည်းရှိမည်ဟု ခန့်မှန်းရသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုက ရင်ထိတ်သွားသည်။

ဤကဲ့သို့ လူသူမရောက်သော တောင်ထိပ်ပေါ်၌ အဘယ်ကြောင့် ဤမျှများပြားသောလူများ လာရောက်ကာ စုဝေးနေကြပါသနည်း။

ဟိုကျောက်ကျုံးက ဝင်ရောက်ထိုင်ချလိုက်ပြီး ခေါင်းမော့ကြည့်လိုက်သည်။

အခန်း၏အလယ်ဗဟိုတွင် လူတစ်ရပ်ခန့်မြင့်သော ရုပ်တုတစ်ခုရှိသည်။

၎င်းရုပ်တု၏ကိုယ်ပေါ်တွင် စစ်သူကြီး အဝတ်တန်ဆာများဝတ်ဆင်ထားသည်။

ရုပ်တု၏ခေါင်းပေါ်၌ ရွှေဖြင့်ပြုလုပ်ထားသော စစ်ခမောက်တစ်လုံး ဆောင်းထားသည်ကို တွေ့ရသည်။

သူ၏ဘယ်ဘက်လက်မှာ မားတစ်လက်ကိုင်ဆောင်ထားပြီး ညာဖက်လက်တွင် အမိန့်ဟူသော စာလုံးပါသော တြိဂံအလံငယ်တစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့ရသည်။

ဧည့်ခန်း၏နံရံပေါ်၌ အလံများ ဓားများ သံချပ်ကာအင်္ကျီများ စသည်တို့ပြည့်နှက်စွာ ချိတ်ဆွဲထားသည်ကိုတွေ့ရသည်။

ဟိုကျောက်ကျုံးက ကြည့်ရင်းကြည့်ရင်း စိတ်ထဲ၌ သံသယဖြစ်လာလေသည်။

အခန်းပြရာလူများတို့၏ ဟန်မူရာမှာ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း စသည်များဖြစ်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။



ထိုစဉ် ရုပ်တုအနီးတွင်ရပ်နေသော လူတစ်ယောက်က ရုတ်တရက် ထ၍ မတ်တတ်ရပ်လိုက်သည်။

ထိုလူမှာ ပိန်ပိန်ရှည်ရှည်ဖြစ်သည်။

ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိလိုက်လေသည်။

ထို့နောက် ပရိသတ်ဘက်သို့ မျက်နှာမူလိုက်သည်။

"ကြွရောက်လာကြတဲ့ ရဲဘော် သွေးသောက်တို့ခင်ဗျာ၊ ဂါရဝပြုပွဲ စတင်ကျင်းပသောအချိန် ရောက်လာပါပြီ"

ပရိသတ်များတို့သည် ထိုင်ရာမှထ၍ ဒူးထောက်ကြလေသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့ကလည်း အများနည်းတူ ဒူးထောက်လိုက်ရသည်။

ကြူချုံးရှုက လူအုပ်ထဲမှထလိုက်ပြီး ရှေ့သို့လျှောက်သွားသည်။

သူသည် အသင့်ရေးသားထားသော စာရွက်အားဖြန့်လိုက်ပြီး အသံကျယ်လောင်စွာဖြင့် ဖတ်ကြားလိုက်သည်။

ဟိုကျောက်ကျုံးသည် ကြူချုံးရှုဖတ်ကြားသော စာများကို နားထောင်ရင်း ရင်ထိတ်သွားသည်။

ဖတ်ကြားသောစာမှာ နေပြည်တော်မှ အာဏာရဝန်မင်း ဝေ့ကုန်ကုန်နှင့် နို့ထိန်းအပေါ် စွဲချက်တင်သောစာပင်ဖြစ်သည်။

ထို့ပြင် ဘုရင်မင်းမြတ်မှာ လူတော်လူကောင်းဖြစ်ကြသော ဗိုလ်ချုပ်ကြီး ဟင်ကျင်းရို့နှင့် ဝမ်လျူဖန်တို့အား ရက်ရက်စက်စက် သတ်ဖြတ်လိုက်သည်ကို ပြစ်တင်ရှုတ်ချလေသည်။

ဘုရင်မင်းမြတ်က မန်ချူးနယ်ချဲ့အား တိုက်ခိုက်တွန်းလှန်ခြင်း မပြုဘဲ မျိုးချစ်ပုဂ္ဂိုလ်များ၏ အင်းအားစုကို မညှာမတာသုတ်သင်ခဲ့သည်ကို အားရပါးရ ပြစ်တင်သော စာပင်ဖြစ်လေသည်။

ဟုကျောက်ကျူးသည် နားထောင်ရင်း ထိုရုပ်တုမှာ ဗိုလ်ကြီး ဗိုလ်ကြီးဝမ်လျှူဖန်၏ပုံတူ ရုပ်တုဖြစ်သည်ကို နားလည်လိုက်သည်။

စုဝေးရောက်ရှိနေကြသောလူများမှာ ဗိုလ်ချုပ် ဝန်လျှူဖန်၏ လက်ထောက်ငယ်သားများဖြစ်သည်ကိုလည်း သဘောပေါက်နားလည်လိုက်လေ၏။

နောက်ဆုံး အားလုံးက ဝမ်လျှူဖန်၏ မပြီးဆုံးသေးသော တာဝန်များကို ဆက်လက်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း ကတိပေးကြလေသည်။

ပြီးနောက် ပရိသတ်တစ်ဦးချင်း မတ်တတ်ရပ်၍ မိတ်ဆက်ကြသည်။

သူသည် တွေ့ဆုံခဲ့ရသော လယ်သမားများဖြစ်ကြသော ကြူအန်းကု၊ အင်ရှောင်၊ အိယောင်နှင့် လိုတခြားတို့မှာ ဗိုလ်ချုပ်ကြီး ဝမ်လျှူ၏ လက်အောက်ဗိုလ်မှူးကလေးများဖြစ်ကြသည်ကိုလည်း သိရှိလိုက်ရသည်။

ထိုစဉ် ...

လူတစ်ယောက်က ဝင်ရောက်လာ၏။

ဗိုလ်ချုပ်ကြီး လီလျှူစိန်က သံတမန်တစ်ယောက် စေလွှတ်လိုက်သည်ဟု သတင်းပို့သွားလေသည်။



ကြူချူးရှုက ဝင်ခွင့်ပြုလိုက်၏။

✻ ✻ ✻

တစ်ခဏအကြာတွင် လူသုံးယောက် ဝင်ရောက်လာသည်။

ရှေ့ဆုံးလူသည် အသက် (၄၀) ကျော်ခန့်ရှိသည်ဟု ထင်ရသည်။

မျက်နှာတစ်ခုလုံးမှာ ကျောက်ပေါက်မာများရှိသည်။

သူ၏ကိုယ်ပေါ်တွင် ဂွမ်းကပ်အင်္ကျီ ဝတ်ဆင်ထားသည်။

သို့သော် အလွန်ဟောင်းနွမ်းနေသည်။

ခြေထောက်ပေါ်မှာမူ မြက်ဖြင့်ရက်လုပ်ထားသော ဖိနပ်စီးထားသည်။

သူ့နောက်တွင် အသက် (၃၀) ကျော်ခန့်ရှိသော လယ်သမားတစ်ယောက်နှင့် အသက် (၂၀) ကျော်ခန့်ရှိသော လူငယ်တစ်ယောက် ပါလာသည်။

ထိုလူငယ်သည် ကိုယ်ခန္ဓာထွားကျိုင်းပြီး အသားညိုသည်။

သူတို့သည် အခန်းထဲသို့ရောက်ရှိလာသည်နှင့် ရုပ်တုရှေ့သို့ ချဉ်းကပ်သွားသည်။

ထို့နောက် ဖယောင်းတိုင်ညှိပြီး အမွှေးတိုင်ဖြင့် ဂါရဝပြုသည်။

ရုပ်တု၏နံဘေး၌ လူငယ်တစ်ယောက်က ဒူးထောက်၍ ပြန်လည်အရိုအသေပြုနေသည်ကို တွေ့ရသည်။

ထိုလူငယ်မှာ စိန်ကြည်အမည်ရှိသော လူငယ်ပင်ဖြစ်သည်။

ထို့နောက် ကျောက်ချိုးဖန်အနီးထိုင်နေသောလူထံ စုံစမ်းသော အခါမှ ထိုလူငယ်မှာ ဗိုလ်ချုပ်ကြီး ဝမ်လျှုဖန်၏သားဖြစ်ကြောင်း သိရှိလိုက်သည်။

မျက်နှာပေါ်တွင် ကျောက်ပေါက်ရှိသောလူက ဂါရဝပြုပြီးသည် နှင့် အသံကျယ်လောင်စွာဖြင့်...

"ကျုပ်တို့ ဗိုလ်ချုပ်ကြီး လီလျှုစိန်က ဗိုလ်ချုပ်ကြီး ဝမ်လျှုဖန်မှာ မန်ချူးနယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်လိုက်မယ်လို့ သိရလို့ အလွန်ဂုဏ်ယူချီးကျူးခဲ့ပါတယ်၊ အခုတော့ ဘုရင်က အမျိုးသား သစ္စာဖောက်အမတ်ကြီးရဲ့စကားကိုနားထောင်ပြီး ဗိုလ်ချုပ်ကြီးကို သတ်လိုက်တဲ့အတွက် ပြည်သူလူထုများ အတော်ကလေး မကျေမနပ်ဖြစ်ကုန်ကြပါတယ်၊ ကျုပ်တို့ ပီကင်းမြို့အထိ ချီတက်ပြီး အမျိုးသားသစ္စာဖောက် အမတ်ကြီးကို သတ်မယ်၊ မန်ချူးနယ်ချဲ့ကို တော်လှန်မယ်"

သူသည် ယင်းသို့ပြောပြီး ထပ်မံဂါရဝပြုလိုက်ပြန်လေသည်။

ပြီးနောက် လူအုပ်ရှေ့တွင် ထိုင်ချလိုက်သည်။

ထိုစဉ် သူနှင့်အတူပါလာသောလူငယ်သည် မြေပေါ်သို့ ထိုင်ချမည်အပြုတွင် ရုတ်တရက် သူသည် မထိုင်သေးဘဲ ရှေ့တန်းတွင် ထိုင်နေသော လူနှစ်ယောက်ထံသို့ မျက်လုံးရောက်သွားသည်။

"ဟော့...မင်းက အမတ်ကြီးတို့ရဲ့လူမဟုတ်လား၊ ဒီကို ဘာလာလုပ်တာလဲ"

ဟု မေးလိုက်သည်။



အားလုံးက အနည်းငယ် ကြောင်အမ်းအမ်းဖြစ်ကုန်ကြလေသည်။

ရင်ထိတ်သွားကြသည်။

အကြောင်းမှာ အမတ်ကြီးချိုမှာ ယခုလက်ရှိနန်းတော်တွင် အာဏာအရှိဆုံးသော အမတ်တစ်ယောက်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဝမ်လျှုဖန်အား မတရားစွဲချက်တင်သည်မှာလည်း သူ၏လက်ချက်ဖြစ်သည်။

ရှေ့တန်းတွင်ထိုင်နေကြသော လူနှစ်ယောက်မှာ အသက် (၄၀) ပတ်ဝန်းကျင်ခန့်ရှိကြသည်။

တစ်ယောက်က အသားဖြူပြီး တစ်ယောက်က အသားဝါကျင့်ကျင့်ဖြစ်နေ၏။

အသားဖြူသောလူက မျက်နှာ ကွက်ခနဲပျက်သွားပြီးမှ ဣန္ဒြေဆည်လိုက်သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ"

လူငယ်က...

"ကျုပ် ဘာတွေပြောတယ်ဆိုတာ ခင်ဗျား နားလည်ပါတယ်"

မျက်နှာပေါ်တွင် ကျောက်ပေါက်မာရှိသောလူမှာ လျှုအိဟု ဖြစ်သည်။

လီလျှုစိန်၏ အားထားရသော တိုက်ခိုက်ရေးသမားတစ်ဦးလည်း ဖြစ်သည်။

သူသည် ထိုလူနှစ်ယောက်အား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဗိုလ်ချုပ်ကြီး ဝမ်ချုံးဖန်ရဲ့ လက်အောက်မှာ အမှုထမ်းခဲ့လို့လား"

ထိုလူနှစ်ယောက်သည် မဖြေနိုင်ဘဲဖြစ်နေ၏။

ကြူချုံးရှုက မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘယ်သူ့ လက်အောက်ကလဲ"

ထိုလူနှစ်ယောက်သည် အခြေအနေ ဖုံးကွယ်ထားနိုင်စွမ်း မရှိတော့ကို တွေးမိသဖြင့် အချင်းချင်း မျက်နှာကဲပြပြီး လျှပ်တစ်ပြက် လူငယ်အား ဖြိုင်တူတိုက်ခိုက်လိုက်သည်။

လူငယ်သည် အသက်အရွယ် နုငယ်သလောက် သိုင်းပညာမှာ အလွန်အံ့သြဖွယ်ရာကောင်းလှသည်။

သိုင်းကွက် (၂၀) ခန့်မျှသာ ယှဉ်ပြိုင်လိုက်သည်။

ထိုလူနှစ်ယောက်မှာ မြေပေါ်သို့လဲကျကာ သေဆုံးသွားလေသည်။

ထိုလူနှစ်ယောက်၏ ကိုယ်ပေါ်တွင် ရှာဖွေကြည့်သောအခါ အရှေ့စက်ရုံဟူသော စာတန်းပါသော တံဆိပ်ကိုယ်စီများရှိနေသည်ကို တွေ့ရလေသည်။

ကြူအန်းကုက ထိုလူငယ်အပေါ်အလွန်သဘောကျသွားသည်။ ထို့ကြောင့်

သွားရောက် နှုတ်ဆက်လိုက်လေ၏။

ထိုလူငယ်၏အမည်မှာ ကို့ချူစန်းဖြစ်သည်ကို သိလိုက်သည်။ လျူအိဟုက မိမိတို့မှာ ဗိုလ်ချုပ်ကြီး လီလျူစိန်၏အမိန့်အရ



ဗိုလ်ချုပ်ကြီး ဝမ်လျူဖန်းအား ဂါရဝပြုရင်း မဟာမိတ်ဖွဲ့စည်းရန် ကမ်းလှမ်းပါကြောင်း ပြောပြလေသည်။

ကြူချုံးရှုက လျူအိဟုအား နောက်ဘက်ဆောင်သို့ ခေါ်ဆောင်သွားသည်။

သူတို့သည် ထိပ်တန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မဟာမိတ်ဖွဲ့စည်းရန်အတွက် ဆွေးနွေးတိုင်ပင်ကြလေသည်။

ကြူအန်းကုကလည်း ကို့ချူစန်းနှင့် သိုင်းပညာရပ်များကို ဆွေးနွေးတိုင်ပင်ကြလေသည်။

❋ ❋ ❋

ကြူအန်းကုသည် ကို့ချူစန်းအား ချောင်ကျကျအခန်းထောင့်သို့ လက်ဆွဲခေါ်သွားသည်။

"မိတ်ဆွေနဲ့ ပထမအကြိမ်တွေ့ဖူးမြင်ဖူးခဲ့သော်လည်း ကျုပ်ကတော့ ခင်ဗျားကို လူရင်းတစ်ယောက်လို ရင်းနှီးနေတယ်ဗျ"

ကို့ချူစန်းက ရယ်မောလိုက်၏။

"မိတ်ဆွေတို့က မန်ချူးနယ်ချဲ့တို့ကို တိုက်ခိုက်နေတဲ့ ရဲဘော်တွေပါ၊ အခုလိုတွေ့ရတော့ အလွန်ဂုဏ်ယူမိပါတယ်ဗျာ"

အိယောက်က...

"ကျုပ်စကားတစ်ခွန်းတော့ မေးချင်တယ်ဗျာ"

"မေးပါ၊ ဘာများလဲ"

အိယောက်က...

"မိတ်ဆွေရဲ့ဆရာက ဘယ်သူများပါလိမ့်"

ကို့ချူစန်းက...

"ကျုပ်ဆရာကတော့ မိုးဟိန်းဓား ချန်းဃေယင်ပါ၊ ကွယ်လွန်သွားတာတော့ ကြာပါပြီ"

ကြူအန်းကုနှင့် အိယောက်တို့က အချင်းချင်းပြန်ကြည့်လိုက်သည်။

သူတို့သည် စိတ်ထဲ၌ သံသယဖြစ်လာလေသည်။

အိယောက်က ဟန်ဆောင်ခြင်း မရှိပါ။

ပွင့်လင်းစွာ မေးလိုက်သည်။

"မိုးဟိန်းဓားဆိုတဲ့နာမည်ကို ကျုပ်တို့ ကြားခဲ့တာကြာပါပြီ၊ လေးလည်းလေးစားပါတယ်၊ ဒါပေမယ့် ခင်ဗျားစိတ်မဆိုးဘူးဆိုရင် ကျုပ်စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ သံသယကိုဖွင့်မေးပါရစေ"

ကို့ချူစန်းက...

"မေးနိုင်ပါတယ်ဗျာ"

အိယောက်က...

"မိုးဟိန်းဓားရဲ့ သိုင်းပညာက မခေပါဘူး၊ ဒါပေမယ့် ခင်ဗျားကို မမီဘူးလို့ ထင်မိပါတယ်"

ကြူအန်းကုက...

"တချို့တပည့်က ဆရာထက်တောင် ဖောင်းထက်သေးတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ သိုင်းပညာကိုကြည့်ရတာ ခင်ဗျားမှာ တခြားဆရာများ ရှိသေးလားလို့ပါ"



ကို့ချူစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဆရာမိုးဟိန်းဓား ကွယ်လွန်ပြီး တစ်နှစ်အကြာမှာ သိုင်းပညာရှင်တစ်ဦးနဲ့ ရေစက်ဆုံမိလို့ သူ့ဆီက ပညာရပါတယ်၊ ဒါပေမယ့် သူက သူ့ကို ဆရာလို့မပြောပါနဲ့လို့ ကတိတောင်းထားလို့ပါ"

ကြူအန်းကု ခေါင်းညိတ်လိုက်သည်။

"အခုလိုမေးမြန်းနေတာ စပ်စုတယ်လို့ မထင်ပါနဲ့ဗျာ၊ ကျုပ်တို့မှာ အကြောင်းတစ်ခုရှိလို့ပါ"

ကို့ချူစန်းက...

"အမိန့်ရှိပါဗျာ"

ကြူအန်းကုက...

"ရှင်းရှင်းပြောရမယ်ဆိုရင် ဗိုလ်ချုပ်ကြီး ဝမ်လျူဖန်းရဲ့သား ဝမ်စိန်ကြည်ကို ကျုပ်တို့က စောင့်ရှောက်ထားပြီး သိုင်းပညာ သင်ပေးထားပါတယ်။ ဒါပေမယ့် ဒါ့ထက် အဆင့်မြင့်တဲ့ သိုင်းပညာကို သင်ကြားနိုင်ဖို့ ကျုပ်တို့က ဆရာတစ်ယောက်ကို အပူတပြင်း လိုက်ရှာနေပါတယ်"

ကို့ချူးစန်က...

"ခင်ဗျားတို့ ဆိုလိုတာက"

ကြူအန်းကုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ဒီကလေးကို ခင်ဗျားကသာ တာဝန်ယူပြီး သင်ကြားပေးမယ်ဆိုရင်..."

ကိုချူစန်းက လက်ကာ၍ ဟန့်တားလိုက်၏။

"ကျုပ်ရဲ့သိုင်းပညာလည်း သိပ်မခြားနားလှပါဘူးခင်ဗျာ၊ ဖြစ်နိုင်ရင်တော့ ကျုပ်ကို သိုင်းပညာသင်ပေးတဲ့ဆရာဆီပို့လိုက်ချင်တယ်"

အိယောက်က ဝမ်းသာသွား၏။

"ဒါဆို အတိုင်းထက်အလွန်ပေါ့ဗျာ"

ကိုချူစန်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ခက်တာက ဒီလူရဲ့စိတ်သဘောက တစ်မျိုးဗျ၊ ဒီအတိုင်း ခေါ်သွားရင်တော့ ဖြစ်မှာမဟုတ်ဘူး"

ကြူအန်းကုက ခေါင်းညိတ်လိုက်၏။

"ကျုပ် နားလည်ပါတယ်ဗျာ၊ ခင်ဗျားကပဲ အခွင့်အရေး အခြေအနေကိုကြည့်ပြီး ဖြစ်အောင်လုပ်ပေးပါခင်ဗျာ"

ကြူအန်းကုသည် ဝမ်စိန်ကြည်အား ခေါ်လိုက်ပြီး ကိုချူစန်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။

"စိန်ကြည်...သူ့နာမည်က ကိုချူစန်းလို့ခေါ်တယ်၊ မင်းက သူ့ကို ဦးလေးလို့ ခေါ်ရမယ်"

ဝမ်စိန်ကြည်သည် ကိုချူစန်းအား အရိုအသေပြုလိုက်သည်။

"ဦးလေးကို..."

ကိုချူစန်း သဘောကျသွားသည်။

သူသည် ဝမ်စိန်ကြည်အား အလိုလို ချစ်ခင်လာလေသည်။

"အေးလေ ဘာပဲဖြစ်ဖြစ် ကျုပ်တတ်ထားတဲ့ပညာကိုတော့ ရတဲ့အချိန်လေးမှာ အစွမ်းကုန် သင်ပေးပါ့မယ်"



ဝမ်စိန်ကြည်က ဒူးထောက်လိုက်ပြီး...

"ဆရာ"

ဟု ခေါ်လိုက်လေ၏။

ကိုချူစန်းက သူ့အား ဖေးမလိုက်၏။

"ငါ့ကို ဆရာ မခေါ်နဲ့ဦး"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဦးလေးကို"

ကိုချူစန်းက အားရပါးရ ရယ်မောလိုက်သည်။

ဝမ်စိန်ကြည်က မတ်တတ်ရပ်လိုက်၏။

"ဦးလေးကိုကို စကားတစ်ခွန်း မေးချင်ပါတယ်"

ကိုချူစန်းကက ရယ်မောလိုက်သည်။

"မင်းက ဘာမေးချင်လို့လဲ"

ဝမ်စိန်ကြည်က...

"ဦးလေးကိုက သစ္စာဖောက်နှစ်ယောက်ကို တိုက်ခိုက်လိုက်တဲ့ သိုင်းကွက်က ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

ကိုချူစန်းက...

"ဘာလဲ မင်းက ဒီသိုင်းကွက်ကို သင်ချင်လို့လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဦးလေးကို"

ကိုချူစန်းက ခေါင်းညိတ်လိုက်၏။

"အဲဒီသိုင်းကွက်ရဲ့ နာမည်ကတော့ ကျားနိုင်လက်ဝါးလို့

ခေါ်တယ်၊ အဲဒါကို သိုင်းပညာရှင်တစ်ယောက်က သင်ကြားပေးခဲ့တာ၊ ဒီသိုင်းကွက်ဟာ ကျုပ်က သိပ်ပြီး ကျွမ်းကျင်တယ်လို့တော့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် သာမန်ရန်သူလောက်ဆိုရင်တော့ လုံလောက်တယ်လို့ ကျုပ်ယူဆပါတယ်"

သူသည် စကားပြောရင်း မျက်နှာတည်ကြည်လေးနက်သွားသည်။

"ကျုပ် ဒီမှာ သုံးလေးရက်လောက် နေဦးမှာပဲ၊ ဒီသိုင်းကွက်ကို သင်ပေးပါ့မယ်၊ ဒါပေမယ့် ဒီသိုင်းကွက်ကို အလွဲသုံးစားမလုပ်ရဘူးလို့ ကတိပေးရပါမယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် ကတိပေးပါတယ် ဦးလေးကို့"

ကို့ချူစန်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ဒီလိုဆို ဦးလေးက နေ့စဉ် မနက်နဲ့ည နှစ်ကြိမ် တိတိ သင်ပေးပါ့မယ်"

❋ ❋ ❋

နောက်တစ်နေ့နံနက်...

ကို့ချူစန်းသည် ဝမ်စိန်ကြည်အား တောင်ထိပ်ပေါ်၌ ကျားနိုင်လက်ဝါးသိုင်းကွက်ကို စတင်သင်ကြားပေးလိုက်လေသည်။

ကို့ချူစန်းက ဝမ်စိန်ကြည်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။



"မင်းကို ကျားနိုင်လက်ဝါးသိုင်းကွက် မသင်ကြားပေးခင် ဒီသိုင်းကွက်ရဲ့ အစွမ်းထက်ပုံကို သရုပ်ပြပြီး လုပ်ပြပါ့မယ်"

သူသည် စကားဆုံးသွားသည်နှင့် ခန္ဓာကိုယ်ကို တစ်ချက်ယိမ်းထိုးလိုက်သည်။

ဝမ်စိန်ကြည်က ကို့ချူစန်း ပျောက်သွားသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပေသည်။

သူသည် ကမန်းကတန်း နောက်သို့ လှည့်ကြည့်လိုက်သည်။

ကို့ချူစန်းက သူ့နောက်တွင် ရောက်ရှိသွားပြီး သူ၏ပခုံးအား အသာအယာ ပုတ်လိုက်သည်။

"ငါ့ကို မိအောင်ဖမ်းစမ်း"

ဝမ်စိန်ကြည်သည် ကြူအန်းကုနှင့် အိယောက်တို့ထံမှ သိုင်းပညာရပ်များ သင်ကြားထားသဖြင့် သိုင်းပညာအခြေခံ အလွန်ကောင်းသည်။

သူသည် ရုတ်တရက် နောက်ကိုလှည့်လိုက်ပြီး ကို့ချူစန်း၏ ခြေထောက်အား ဖမ်းဆွဲလိုက်သည်။

"မင်း မဆိုးဘူး"

သူသည် ပြောရင်း ပျောက်ကွယ်သွားပြန်သည်။

ဝမ်စိန်ကြည်သည် အိယောက် သင်ကြားပေးထားသော သိုင်းပညာအခြခံကို အသုံးပြုကာ စိတ်ကိုတည်ငြိမ်စွာထားပြီး သူ၏ လက်ဝါးငယ်နှစ်ဖက်ဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်ရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်သွားသည်။

သူသည် အလွန်ကြီးမားသော သစ်ပင်တစ်ပင်၏ ပင်စည်သို့ ဆုတ်သွားပြီး ကျောကပ်လိုက်သည်။

"ဦးလေးကိုယ်ကို ကျွန်တော် တွေ့ရပါပြီဗျာ"

ကိုချူစန်းသည် သူ၏နောက်ကျောသို့ မသွားနိုင်တော့သဖြင့် ခြေလှမ်း ရပ်တန့်လိုက်သည်။

"မဆိုးဘူးဟေ့၊ မင်းဒီလောက် ဉာဏ်ကောင်းတယ်ဆိုရင် ကျားနိုင်လက်ဝါးသိုင်းကွက်ကို တတ်မှာသေချာတယ်"

သူသည် ကျားနိုင်လက်ဝါးသိုင်းကွက်ကို တစ်ကွက်ပြီး တစ်ကွက် သင်ကြားပြသတော့သည်။

❋ ❋ ❋

ကျားနိုင်လက်ဝါးသိုင်းကွက်သည် စုစုပေါင်း ၁၀၈ ကွက် ရှိသည်။

သိုင်းကွက်တစ်ကွက်တိုင်းမှာ နောက်ထပ် သိုင်းကွက်သုံးမျိုး ပြောင်းလဲသွားနိုင်သည်။

ထို့ကြောင့် စုစုပေါင်း ၃၂၄ ကွက်ပင် ဖြစ်သည်။

ဝမ်စိန်ကြည်သည် အာရုံစူးစိုက်စွာဖြင့် မှတ်သားထားသည်။

ကိုချူစန်းက သုံးကြိမ်တိတိ သင်ကြားပေးလိုက်သောအခါ သူသည် သိုင်းကွက်ပုံကြမ်းများကို ကောင်းစွာမှတ်သားမိလေတော့သည်။

ကိုချူစန်းသည် သရုပ်ပြရင်း ရှင်းပြလိုက်သည်။



သိုင်းကွက်တိုင်း၏ အနေအမြန် အပြောင်းအလဲအသုံးပြုပုံများကို အသေးစိတ်ရှင်းပြလိုက်သည်။

ဝမ်စိန်ကြည်သည် သိုင်းပညာအခြေခံရှိသည်။

သဘောပေါက်လွယ်သည်။

ထို့ကြောင့် အားလုံးကို ကောင်းစွာ မှတ်မိသဘောပေါက်လာသည်။

သို့သော် လေ့ကျင့်ရာတွင် ကျွမ်းကျင်ခြင်း မရှိသေးသဖြင့် လက်တွေ့အသုံးမပြုနိုင်သေးပေ။

သူတို့နှစ်ယောက်သည် တစ်ယောက်က အပင်ပန်းခံပြီး သင်ကြားပြသည်။

တစ်ယောက်က အာရုံစူးစိုက်စွာဖြင့် ကြိုးစားကျက်မှတ်သည်။

ဤသို့ဖြင့် သူတို့၏ ကျားနိုင်လက်ဝါးသိုင်းကွက်သည် တစ်မုဟုတ်ချင်း တိုးတက်လာတော့သည်။

❋ ❋ ❋

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

ဝမ်စိန်ကြည်၏ ကျားနိုင်လက်ဝါးသိုင်းကွက်သည် ထူးကဲစွာ တိုးတက်နေသည်ကို တွေ့မြင်လိုက်ရတော့သည်။

ကိုချူစန်းက သဘောကျစွာဖြင့် ပြုံးပြလိုက်သည်။

"ဘယ်နှယ့်လဲ ဝမ်စိန်ကြည်၊ တော်တော်ကလေး ရနေပြီလား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...ဦးလေးကို"

ကိုချူစန်းက သူ၏အပေါ်အင်္ကျီကို ချွတ်လိုက်လေသည်။

"ကဲ...မင်းရဲ့ပညာ ဘယ်လောက် အဆင့်ရှိပြီလဲဆိုတာ ဦးလေး စမ်းကြည့်မယ်"

သူသည် ပြောပြီးသည်နှင့် ဝမ်စိန်ကြည်၏ရင်ဝသို့ ရုတ်တရက် လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

ဝမ်စိန်ကြည်က ကမန်းကတန်းရှောင်တိမ်းရင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ကျားနိုင်လက်ဝါးသိုင်းကွက် ကို လေ့ကျင့်ကြသည်။

လက်တွေ့လေ့ကျင့်ရင်း ကိုချူစန်းက ဝမ်စိန်ကြည်၏ ချွတ်ယွင်းချက်များကို ထောက်ပြသွားသည်။

သူတို့နှစ်ယောက်သည် ကျားနိုင်လက်ဝါးသိုင်းကွက် ၃၂၄ ကွက်တို့ကို ထပ်တလဲလဲ လက်တွေ့လေ့ကျင့်ရာ မွန်းတည့်ချိန်ရောက် တော့မှ ကိုချူစန်းက ရပ်တန့်လိုက်တော့သည်။

ထို့နောက် သိုင်းကွက်၏ အဓိက အချက်အလက်များကို အသေးစိတ် ရှင်းပြလိုက်လေသည်။

❋ ❋ ❋

ရှစ်ရက်မြောက်သောနေ့ ရောက်သောအခါ ဝမ်စိန်ကြည်သည် ခါတိုင်းကဲ့သို့ တစ်ယောက်တည်း တောင်ထိပ်ပေါ်သို့ ကျားနိုင်



လက်ဝါးသိုင်းကွက်ကို လေ့ကျင့်နေစဉ် ကိုချူစန်းက ရောက်ရှိလာ လေသည်။

ဝမ်စိန်ကြည် လေ့ကျင့်ရာမှ ရပ်တန့်လိုက်ပြီး အရိုအသေ ပြုလိုက်လေတော့သည်။

ကိုချူစန်းက သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကဲ စိန်ကြည်...ဦးလေးတတ်နိုင်သမျှတော့ အိတ်သွန် ဖာမှောက် သင်ကြားပေးပြီးပါပြီ၊ တိုးတက်ရာတိုးတက်ကြောင်းဆိုတာ မင်းကိုယ်တိုင်ကြိုးစားမှ ရနိုင်လိမ့်မယ်၊ ရန်သူနဲ့ရင်ဆိုင်တဲ့အခါမှာ သိုင်းကွက်က ခုနစ်ပုံ၊ အခြေအနေကို သုံးသပ်ဖို့က သုံးပုံရှိပါတယ်၊ ဒါကြောင့် တိုက်ခိုက်တဲ့နေရာမှာ ဦးနှောက်သုံးဖို့လည်း အများကြီး လိုပါတယ်"

မည်သည့်ပညာရပ်မဆို ဆရာအသင်အပြတစ်ခုတည်းဖြင့် ပြီးပြည့်စုံနိုင်မည် မဟုတ်ပေ။ ကိုယ်တိုင်က ကြိုးစားလေ့ကျင့်မှ ထက်မြက်နိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ဉာဏ်ရည်ဉာဏ်သွေးရှိဖို့လည်း လိုအပ်၏။

ပညာချင်းတူလျှင် ဖြတ်ထိုးဉာဏ်ကောင်းသူက နှာတစ်ဖျား သာစမြဲဖြစ်ပေသည်။

ထို့ကြောင့် ပညာထက်မြက်အောင် ကြိုးစားရသလို ဉာဏ် ရည်ဉာဏ်သွေး တောက်ပြောင်ရန်လည်း အစဉ်ကြိုးစားရန်လိုအပ် လေသည်။

"ဆရာပြောတာကို မှတ်သားပါ့မယ်"

ကို့ချူစန်းက…

"မနက်ဖြန်ဆိုရင် ဦးလေးပြန်ရပါတော့မယ်၊ မင်းဆက်လက်ကြိုးစားပေတော့"

ဝမ်စိန်ကြည်သည် ငယ်ရွယ်သောလူတစ်ယောက်ဖြစ်သည်။

မိမိနှင့် ရစ်ရက်ခန့်အတူနေထိုင်ခဲ့သော ကို့ချူစန်းနှင့်ခွဲခွာရမည်ကိုသိရသဖြင့် ဝမ်းနည်းသွားလေသည်။

ကို့ချူစန်က သူ့၏ဦးခေါင်းကို အသာအယာ ပွတ်လိုက်သည်။

"ဝမ်းမနည်းပါနဲ့ကွာ…ခွင့်သာရင် နောက်တော့ တွေ့ကြဦးမှာပေါ့"

သူတို့နှစ်ယောက်သည် ဧည့်ခန်းရှိရာသို့ ပြန်လည်ရောက်ရှိသွားကြလေသည်။

ထို့နောက် ကို့ချူစန်းတို့သုံးယောက်သား ကြူအန်းကုတို့နှင့် နှုတ်ဆက်ကြလေသည်။

ဟိုကျောက်ကျုံးနှင့် ယန်းမင်တုတို့သုံးယောက်သည် ဟိုနန်နယ်သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း လာရောက် နှုတ်ဆက်ကြသည်။

ကြူအန်းကုက လမ်းစရိတ်များပေးပြီးလျှင် အောက်လက်ငယ်သားများအား တောင်အောက်အထိ လိုက်လံပို့ဆောင်စေလေသည်။

ထို့နောက် ကို့ချူစန်းတို့သုံယောက်အား ဂုဏ်ပြုထမင်းစားပွဲခင်းကျင်း၍ဧည့်ခံလေသည်။



သူတို့သည် ရစ်ရက်ခန့် အတူတကွ ရင်းနှီးစွာနေထိုင်ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီးသွားကြလေသည်။

ထို့အပြင် ဗိုလ်ချုပ်ကြီး ဝမ်လျူဖန်တို့၏ လက်အောက်ငယ်သားအားလုံးတို့မှာလည်း လီလျူစိမ်တို့နှင့် မဟာမိတ်ဖွဲ့ရန် သဘောတူလိုက်ပြီးဖြစ်သဖြင့် သူတို့သည် မဟာမိတ်ဖွဲ့စည်းသည့် အောင်ပွဲအဖြစ် ပျော်ရွှင်စွာ စားသောက်ကြလေတော့သည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

လီလျူစိမ်၏ သံတမန်များဖြစ်ကြသော လျူအိတနှင့် ကို့ချူစန်းတို့သည် ထွက်ခွာသွားရန် မြင်းများကို ပြင်ဆင်နေသည်။

ဝမ်စိန်ကြည်နှင့် ကြူအန်းကုတို့သည် အနီး၌ရပ်၍ စကားပြောနေကြသည်။

ထိုစဉ် အချက်ပေးခေါင်းလောင်းသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကြူအန်းကုတို့ ရင်ထိတ်သွားသည်။

ကမန်းကတန်း တောင်အောက်သို့ လှမ်းကြည့်လိုက်ရာ မီးတုတ်များသည် ရှည်လျားသော မြွေတစ်ကောင်ပမာ တောင်ပေါ်သို့ တက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မီးရောင်များနှင့်အတူ ညာသံပေး၍ တောင်ပေါ်သို့ တက်လာသော အသံများကိုလည်း ကြားလိုက်ရလေသည်။

ကြူချူးရှုက ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးထွက်လာသည်။

"မန်ချူးတွေ ချီတက်လာကြပြီ၊ အားလုံးအသင့်ပြင်ကြ"

ဟု အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

သူသည် စာပေသမားဖြစ်စေကာမူ ကြောက်ရွံ့သည့်အမူအရာ လုံးဝမရှိဘဲ မန်ချူးတပ်အားခုခံရန် စီမံခန့်ခွဲစေသည်။

အမျိုးကိုချစ်သောသူသည် ကိုယ့်မြေ တစ်လက်မမျှပင်ဖြစ်စေကာမူ ရန်သူ၏ကျူးကျော်မှုကို မခံနိုင်ချေ။

အင်အားချင်းမမျှသည့်တိုင် ရှိသမျှအင်အားဖြင့် ရင်မြေကတုပ်လုပ်၍ ကျူးကျော်ရန်စလာသူများကို ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ကြမည်သာဖြစ်ပေသည်။

တိုင်းပြည်နှင့်လူမျိုးကို ထိပါးလာမည့် ရန်သူမှန်သမျှကို လေ့ခွက်ချည်းကျန် အလဲမလဲစတမ်း ကာကွယ်တိုက်ဖျက်ကြမည်သာဖြစ်၏။

ကျူအန်းကု၊ အိယောက်၊ အင်းရှောင်၊ လိုတခြမ်း စသည်တို့သည် မန်ချူးတပ်အားခုခံရန် တာဝန်ကိုယ်စီဖြင့် ပြေးလွှားထွက်ခွာသွားကြလေသည်။

ကျူချုံးရှုသည် အားလုံးကို စီမံပြီးတော့မှ ကို့ချူစန်းဘက်သို့ လှည့်လိုက်သည်။

"ဒီမှာမိတ်ဆွေ ခင်ဗျားကို အလွန်အရေးကြီးတဲ့တာဝန်တစ်ခု ပေးရပါလိမ့်မယ်"

ကို့ချူစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ"

ကျူးချုံးရှုက ...



"ဗိုလ်ချုပ် ဝမ်လျူဖုန်မှာ ဒီသားလေးတစ်ယောက်ပဲရှိတော့တယ်၊ အဲဒါကို ခင်ဗျားက တာဝန်ယူပြီး လွတ်မြောက်အောင် ကာကွယ်ပြီး ခေါ်သွားစမ်းပါခင်ဗျာ"

ကို့ချူစန်းက ဦးညွှတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ် အသက်ပေးပြီး ကာကွယ်ပါ့မယ်"

တိုင်းပြည်၏အရေးကိစ္စဖြစ်၍ အသက်ပေး ကာကွယ်ရန် ဝန်မလေးပေ။

နယ်ချဲ့ကို တွန်းလှန်ဖြိုဖျက်ရန် မျိုးဆက်သွေးသစ်များရှိရန်လိုသည်။

မျိုးဆက်သွေးသစ်များကို နှစ်တကျ မွေးမြူပျိုးထောင်ရန်လိုသည်။

အချိန်မတိုင်မီ ပျက်ပြားဆုံးရှုံးသွားရပါက တိုင်းပြည်အတွက်ကြီးစွာသော နစ်နာ ဆုံးရှုံးမှုပင်ဖြစ်၏။

ထို့ကြောင့် မျိုးဆက်သွေးသစ်များ အကျိုးမဲ့မဆုံးရှုံးအောင် ကာကွယ်စောင့်ထိန်းခြင်းသည် မိမိကိုယ်တိုင် နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ထုတ်သည်နှင့် ထပ်တူထပ်မျှဖြစ်၏။

ကျူချုံးရှုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရန်သူရဲ့အင်အားဟာ တောင်ပံနှစ်ဖက်ကိုအားပြုထားတာ တွေ့ရတယ်။ အဲဒီတော့ ခင်ဗျားတို့ အလယ်လမ်းကြောင်းကနေ ထိုးဖောက်ဆင်းသွားမယ်ဆိုရင် လွတ်မြောက်နိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်"

သူသည်ပြောရင်း ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်သည်။

“စိန်ကြည် ဦးလေးနဲ့လိုက်သွားပါ၊ ဦးလေးကိုပြောတဲ့စကားတွေကို တစ်သဝေမတိမ်း နားထောင်ရမယ်နော်”

ဝမ်စိန်ကြည်သည် ကြူအန်းကုတို့နှင့် ခွဲခွာရမည်ဖြစ်၍ စိတ်မကောင်းဖြစ်နေသည်။

ထိုစဉ် မန်ချူးတပ်များ၏ ဆူညံစွာ အော်ဟစ်သောအသံများ တဖြည်းဖြည်း နီးကပ်လာလေ၏။

ကြူချုံးရှုက ခါးစည်းကို တင်းတင်းပြင်ချည်လိုက်သည်။

“ကဲ...အားလုံး ထိုးဖောက်ပြီး တောင်အောက်ဆင်းကြမယ်”

သူ၏စကားဆုံးသွားသည်နှင့် ကိုချူစန်းက ဝမ်စိန်ကြည်၏ လက်ကိုဆွဲကာ အလယ်လမ်းကြောင်းတည့်တည့်မှ တောင်အောက်သို့ ပြေးဆင်းသွားလေသည်။

ကြူအန်းကုနှင့် အိမ်ယောက်တို့လူစုသည် ကြူချုံးရှုအား အကာအကွယ်ပေးကာ တောင်အောက်သို့ ထိုးဖောက်ဆင်းသွားကြသည်။

* * *

တိုက်ပွဲသည် ပြင်းထန်လှပေသည်။

ကျိုးကန်တောင်အောက် တစ်ခုလုံးမှာ မီးတုတ်များပြည့်နှက်စွာ ရှိနေသည်။

အော်ဟစ်သောအသံများသည် တောတောင်တစ်ခုလုံး ဟိန်းသွားလေသည်။

နယ်ချဲ့မန်ချူးတပ်များနှင့် ဗိုလ်ချုပ်ကြီး ဝမ်လျူဖန်တို့၏



အောက်လက်ငယ်သားများကိုလည်း ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြသည်။

ကျိုးကန်းတောင်တစ်ခုလုံးမှာ ကမ္ဘာပျက်မတတ် ပွက်လောရိုက်နေ၏။

“ဝုန်း”

ဟူသောအသံတစ်ခု ဟိန်းထွက်လာသည်ကို ကြားလိုက်ရလေသည်။

တောင်ပေါ်မှ အဆောက်အအုံများ မီးတောက်မီးလျှံများက ဝါးမျိုသွားလေသည်။

ဝါးများ ပေါက်ကွဲသောအသံက တဖြောက်ဖြောက်မြည်ဟိန်းနေ၏။

ကိုချူစန်းသည် ဝမ်စိန်အား ကာကွယ်၍ တောင်အောက်သို့ ထိုးဖောက်ဆင်းသွားရာ ချီတက်လာနေကြသော မန်ချူးတပ်နှင့် ရင်ဆိုင်တိုးမိကာ တိုက်ခိုက်ရလေသည်။

ထိုစဉ် တိုတခြမ်းတို့လူစုက အချိန်မီရောက်လာသဖြင့် မန်ချူးတပ်များအား ဟန့်တားနိုင်ခဲ့သောကြောင့် သူတို့သည် တောင်အောက်သို့ ဆက်လက်ဆင်းနိုင်ကြလေ၏။

ကြူချုံးရှု မှန်းဆထားသည့်အတိုင်း ဤလမ်းကြောင်းမှ စစ်သည်တော်အား အပျော့ဆုံးဖြစ်လေသည်။

သို့သော် ကိုချူစန်း ပြေးဆင်းလာသည့် လမ်းတစ်လျှောက်တွင် အနည်းဆုံး မန်ချူးတပ်သုံးလေးဆယ်ခန့်နှင့် ရှေ့ဆင့်နောက်ဆင့်

ရင်ဆိုင်တွေ့ဆုံခဲ့လေတော့သဖြင့် ကိုချူစန်း၏ ရင့်ကျက်သော သိုင်းပညာ၊ ရဲရဲတောက် သတ္တိရှိသောစိတ်၊ ထို့အပြင် ဝမ်စိန်ကြည်ကလည်း သူသင်ကြားတတ်မြောက်ထားသော ကျားနိုင်လက်ဝါးသိုင်းဖြင့် ရန်သူကို တိုက်ခိုက်ခဲ့သောကြောင့် ရန်သူတပ်သား သုံးဆယ်ခန့်တို့ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပေသည်။

သို့သော် မန်ချူးတပ်သားများက အဆက်မပြတ် ထပ်မံရောက်ရှိလာသည်။

ကိုချူစန်းက မောဟိုက်လာပြီး အခြေအနေ ယိမ်းယိုင်လာသည်။

သူ၏ကိုယ်ပေါ်မှာလည်း ဒဏ်ရာများစွာ ရခဲ့လေတော့၏။

ဝမ်စိန်ကြည်က သူ့အားတွဲကာ လိုဏ်ဂူတစ်ခုထဲသို့ ဝင်ရောက်ပုန်းအောင်းလိုက်သောကြောင့် သက်သာရာရသွားလေသည်။

❋ ❋ ❋

ကိုချူစန်း၏တစ်ကိုယ်လုံးမှာ ဒဏ်ရာများ ရရှိထားသဖြင့် လိုဏ်ဂူထဲ၌ လဲလျောင်းနေ၏။

ဝမ်စိန်ကြည်မှာမူ အလွန်ပင်ပန်းခဲ့သောကြောင့် ကိုချူစန်းအနီးတွင် လဲလျောင်း၍ အိပ်ပျော်သွားလေသည်။

သူသည် အိပ်ရာမှနိုးလာသောအခါ ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းမဲက တိတ်ဆိတ်နေသည်ကို တွေ့ရှိရလေ၏။

သူသည် အသာအယာထလိုက်ပြီး လိုဏ်ဂူဝသို့ကြည့်လိုက်လေသည်။



ဝန်းကျင်တစ်ခုလုံး မည်းမှောင်လျက်ရှိနေသေး၏။

မိုးမလင်းသေးပါ။

သို့သော် တိုက်ခိုက်သံများ လုံးဝမကြားရတော့ပါ။

မန်ချူးတပ်များသည် ပြန်လည်ဆုတ်ခွာသွားသည်မှာ သေချာလှပေသည်။

သူသည် ကိုချူစန်းထံသို့ ချဉ်းကပ်လိုက်သည်။

"ဦးလေးကို့၊ လမ်းလျှောက်နိုင်သေးလားဟင်"

ကိုချူစန်း ခေါင်းညိတ်ပြလိုက်၏။

ဝမ်စိန်ကြည်က...

"မန်ချူးတပ်တွေကတော့ မရှိတော့ဘူး၊ ဒါပေမယ့် မိုးလင်းရင် နောက်တစ်ခေါက် လာနေဦးမလားမသိဘူး၊ ဒါကြောင့် သွားကြရင် မကောင်းဘူးလား"

ရန်သူကိုရင်ဆိုင်ရာတွင် ပရိယာယ်ရှိရန်လို၏။

ရန်သူ့အင်အားကို မနှိုင်းဆဘဲ တစ်ဖွတ်ထိုးရင်ဆိုင်ရန် ကြိုးစားခြင်းသည် အကြောင်းမဲ့ မိုက်ရဲရာရောက်၏။

မလျှော့မတင်း စောင်းကြိုးညှင်း ဟူသကဲ့သို့ ရန်သူ့အခြေအနေကြည့်၍ ဆုတ်တက် လှုပ်ရှားတတ်ရန် အရေးကြီး၏။

မိမိတွင် အင်အားမရှိသေးပါက အင်အားတောင့်တင်းရန် စုစည်းရမည်ဖြစ်သည်။

မိမိတွင် အင်အားမရှိပါဘဲလျက် ကြီးမားများပြားလှသည့် ရန်သူတပ်ကို ရင်ဆိုင်ရန် ကြိုးစားခြင်းသည်...

ကျောက်တောင်ကြီးကို ဝင်တိုက်ရန်ကြိုးစားသည့် ငှက်ငယ်ပမာသာ ဖြစ်ချေလိမ့်မည်။

သို့ဖြစ်ရာ ရန်သူကို ရင်ဆိုင်မည်ဆိုလျှင်...

ပရိယာယ်ရှိရန်လို၏။

အခြေအနေကို အမှန်အတိုင်း တွက်ဆရန်လို၏။

မှန်ကန်စွာ ဆုံးဖြတ်တတ်ရန်လည်း အရေးကြီး၏။

သို့မှသာ...

အင်အားကြီးမားသော ရန်သူကို အောင်မြင်နိုင်မည်ဖြစ်ပေ၏။

ကိုချူစန်း ခေါင်းညိတ်လိုက်၏။

"ကောင်းတာပေါ့၊ ဒီကနေ ဝေးဝေးသွားနိုင်လေ ကောင်းလေပေါ့"

ဝမ်စိန်ကြည်သည် ကိုချူစန်းအား တွဲထူလိုက်၏။

ကိုချူစန်း၏ ဘယ်ဘက်ခြေထောက်မှာ ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် ဓားကို မြေပေါ်ထောက်၍ ဝမ်စိန်ကြည်၏ပခုံးကို အားပြုကာ လိုဏ်ဂူထဲမှ ထွက်လာလေသည်။

❋ ❋ ❋

ဝမ်စိန်ကြည်နှင့် ကိုချူစန်းတို့သည် တောင်အောက်သို့ ရောက်ရှိလာသောအခါ မောဟိုက်လွန်းနေသဖြင့် ဆက်လက်မလျှောက်နိုင်တော့ဘဲ ပက်လက်လှန်လဲလျောင်းကာ အမောဖြေနေရလေသည်။

အတန်ကြာ အမောပြေတော့မှ သူတို့သည် ဆက်လက်လျှောက်သွားသည်။



မိုးလင်းသောအချိန်တွင် သူတို့သည် လယ်ကွက်ထဲရှိ တည်ဆောက်ထားသော အိမ်တစ်လုံးအား တွေ့မြင်လိုက်ရ၏။

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

"ဦးလေးကို ဟိုရှေ့မှာ အိမ်တစ်အိမ်တွေ့တယ်၊ အဲဒီမှာခဏသွားတည်းရရင် မကောင်းဘူးလား"

ကိုချူစန်း ခေါင်းညိတ်လိုက်၏။

ဝမ်စိန်ကြည်သည် ကိုချူစန်းအား တွဲ၍တဲအိမ်ရှိရာသို့ လျှောက်သွားသည်။

ကိုချူစန်းသည် တဲအိမ်၏ တံခါးဝသို့ ရောက်ရှိသောအခါ အားပြတ်လဲကျသွားလေတော့၏။

ဝမ်စိန်ကြည် ထိတ်လန့်တုန်လှုပ်သွား၏။

"ဦးလေးကို...ဦးလေးကို"

ထိုစဉ်မှာပင် တဲအိမ်တံခါးပွင့်သွားလေ၏။

အသက် (၄၀) ခန့်ရှိသော အမျိုးသမီးတစ်ယောက် ထွက်လာလေ၏။

ဝမ်စိန်ကြည် တောင်းပန်လိုက်၏။

"ဒေါ်ဒေါ်ရယ်...ကျွန်တော်တို့ လမ်းမှာ မန်ချူးတပ်နဲ့တွေ့လို့ ဦးလေးဒဏ်ရာရသွားတယ်၊ ကျွန်တော်တို့ကို ခဏတည်းခိုခွင့်ပြုပါ"

တိုင်းပြည်နှင့်လူမျိုးကို ချစ်သူမှန်သမျှ တိုင်းပြည့်ရန်သူကို တော်လှန်တိုက်ဖျက်နေသူအား တတ်နိုင်သည့်ဘက်မှ အားပေးကူညီကြစမြဲဖြစ်၏။

ကိုယ်ကိုယ်တိုင်က တိုက်ပွဲဝင်နိုင်သော အခြေအနေတွင် မရှိသည့်တိုင် တိုက်ပွဲဝင်သူများကို တစ်ဖက်တစ်လမ်းမှ အားပေးကူညီခြင်းသည်...

မိမိကိုယ်တိုင် တော်လှန်ရေးတိုက်ပွဲဝင်နေသည်နှင့်တူ၏။

တိုင်းပြည်နှင့်လူမျိုးကို ချစ်သောသူတိုင်း တိုင်းပြည့်ရန်စွယ်ကို နှိမ်နင်းနေသူများအား စိတ်ရောကိုယ်ပါ အားပေးကူညီလေ့ရှိကြပေ၏။

အမျိုးသမီးက အသက် ၁၈-၁၉ နှစ်ခန့်ရှိသော လူငယ်တစ်ယောက်အားခေါ်လိုက်ပြီး ဝမ်စိန်ကြည်နှင့်အတူ ကိုချူစန်းအား အိမ်ထဲသို့ တွဲခေါ်သွားလေ၏။

အိမ်ခန်းထဲရောက်သွားသောအခါ အမျိုးသမီးကြီးက ကိုချူစန်း၏ဒဏ်ရာကို သေချာစွာကြည့်လိုက်ရာ ထိတ်လန့်သွားလေသည်။

အကြောင်းမှာ ကိုချူစန်း၏ခြေထောက်တစ်ဖက်သည် ဒဏ်ရာကြောင့် ရောင်ကိုင်းနေ၏။

ထိုနေရာတွင် မြားတစ်စင်းစိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

အမျိုးသမီးကြီးက ခြေထောက်၏အပေါ်ပိုင်းကို အဝတ်ဖြင့်စည်းပြီးမှ ဝမ်စိန်ကြည်က မြားကိုဆွဲနုတ်လိုက်လေသည်။

ဒဏ်ရာတစ်ခုလုံးမှာ ညိုမည်းနေသည်ကို တွေ့ရသည်။

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်သွားလေသည်။

"မြားမှာ အဆိပ်ပါတဲ့အတွက် အဆိပ်ကို စုပ်မထုတ်ရင် သက်သာမှာ မဟုတ်ဘူး"



ဝမ်စိန်ကြည်က စကားတစ်ခွန်းမှမပြောဘဲ ဒဏ်ရာမှ သွေးများကို ပါးစပ်ဖြင့် စုပ်ထုတ်လိုက်လေသည်။

အကြိမ်ကြိမ် စုပ်ထုတ်တော့မှ သွေးရောင်များ နီရဲလာသည်ကို တွေ့ရလေသည်။

အမျိုးသမီးကြီးက ရေတစ်ခွက်ယူလာပြီး ဝမ်စိန်ကြည်အား ပါးစပ်ဆေးခိုင်းလိုက်လေသည်။

အဆိပ်များ ကုန်သွားသောကြောင့် ကိုချူစန်း၏ ဒဏ်ရာ အနည်းငယ် သက်သာလာလေသည်။

အမျိုးသမီးကြီးသည် သူတို့နေထိုင်ရန် နေရာထိုင်ခင်းပြင်ဆင်ပေးလိုက်သည်။

ဝမ်စိန်ကြည်မှာမူ ကိုချူစန်း၏အနီးတွင်လဲလျောင်းလိုက်သည်။

တစ်ညလုံး ပင်ပန်းလာသဖြင့် သူသည် တဖြည်းဖြည်းအိပ်ပျော်သွားလေတော့သည်။

❋ ❋ ❋

နောက်တစ်နေ့ နံနက်...

အမျိုးသမီးကြီး၏ သားဖြစ်ဟန်တူသော လူငယ်သည် အပြင်သို့ထွက်ရန် ပြန်လည်ရောက်ရှိလာသည်။

မန်ချူးတပ်များ လုံးဝထွက်ခွာသွားကြောင်း သိရှိရလေသည်။

ဝမ်စိန်ကြည်သည် ကိုချူစန်း၏အခြေအနေကိုကြည့်လိုက်ရာ ကိုချူစန်းမှာ တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူနေသည်ကို တွေ့လိုက်ရလေသည်။

သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေလေ၏။

ကယောင်ကတမ်း ဖြစ်နေလေသည်။

အမျိုးသမီးကြီးက သက်ပြင်းချလိုက်သည်။

"ဒီမှာ သူငယ်လေး၊ မင်းဦးလေးကို ဒီအတိုင်းထားလို့မဖြစ်ဘူးထင်တယ်၊ မြို့ထဲသွားပြီး သမားတော်ပင့်ရင် ကောင်းမယ်ထင်တယ်"

တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးမငဲ့ကွက်ဘဲ တိုက်ပွဲဝင်သူကို အကြောင်းမဲ့ အသက်မဆုံးရှုံးစေသင့်ပေ။

ဖြစ်နိုင်သမျှ နည်းလမ်းဖြင့် အသက်ရှင်သန်ရေးကို ကြိုးပမ်းလုပ်ဆောင်ပေးရမည်ဖြစ်၏။

နှမ်းစေ့တစ်စေ့ဖြင့် ဆီမဖြစ်နိုင်သော်လည်း…

အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် များစွာတန်ဖိုးရှိလှ၏။

သို့ဖြစ်ရာ နယ်ချဲ့တော်လှန်ရေးသမားတစ်ဦး၏ အသက်ကိုဖြစ်သည့်နည်းဖြင့် အရအမိ လုယူရမည်ဖြစ်ပေသည်။

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ဒါပေမယ့် မြို့ကို ဘယ်လိုသွားရမှာလဲခင်ဗျာ"

အမျိုးသမီးက သူမ၏လူငယ်ကို ညွှန်ပြလိုက်၏။

"သူ့နောက် လိုက်သွားပါ၊ သူလိုက်ပြပါလိမ့်မယ်"

ဤသို့ဖြင့် လူငယ်က နွားလှည်းကိုတပ်ကာ ကိုချူစန်းအားလှည်းပေါ်သို့ တင်ထားလိုက်၏။

ထို့နောက် မြို့ကလေးထဲသို့ ဦးတည်၍ မောင်းနှင်သွားလေသည်။



ထိုမြို့ကလေးသည် ငါးမိုင်ခန့်မျှသာ ကွာဝေး၏။

မကြာမီမှာပင် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

လူငယ်က သူတို့အား တည်းခိုခန်းတစ်ခန်းထဲသို့ချထားပြီးပြန်လည်ထွက်ခွာသွားလေသည်။

* * *

ဝမ်စိန်ကြည်သည် တည်းခိုခန်းထဲသို့ ရောက်ရှိတော့မှ မိမိ၌ငွေမပါလာသည်ကို သတိရလေတော့၏။

ကိုချူစန်းမှာလည်း ငွေလုံးဝမပါချေ။

ဝမ်စိန်ကြည်သည် လူငယ်ပီပီထိုင်၍ စိတ်ညစ်နေ၏။

သူသည် ငိုချင်သောစိတ်များပင် ဖြစ်ပေါ်လာပေသည်။

ထိုစဉ် ကိုချူစန်းက သတိရလာသည်။

"ငါတို့ ဘယ်ရောက်နေတာလဲ စိန်ကြည်"

စိန်ကြည်သည် ကိုချူစန်းသတိရသည်ကို တွေ့ရသဖြင့်ဝမ်းသာသွား၏။

"ကျွန်တော်တို့ တည်းခိုခန်းရောက်နေပါတယ် ဦးလေးကို"

ကိုချူစန်းက မျက်မှောင်ကြုတ်သွား၏။

"တည်းခိုခန်းနေတယ်ဆိုတာ ငွေရှိမှဖြစ်မယ်၊ မင်းမှာ ငွေရှိလို့လား"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းပြလိုက်၏။

ကိုချူစန်းက…

"ငွေမရှိရင် တခြားတန်ဖိုးရှိတဲ့ပစ္စည်းရှိလား"

ဝမ်စိန်ကြည် သတိရလာလေ၏။

သူသည် လည်ပင်းမှာဆွဲထားသော ရွှေဆွဲကြိုးတစ်ကုံးကို ချွတ်လိုက်၏။

"အဲဒါဆို ဖြစ်မလားဟင်"

ကို့ချူစန်းက ယူကြည့်လိုက်၏။

ထိုဆွဲကြိုးတွင် ရွှေအစစ်ဖြင့်ပြုလုပ်ထားသည့် ရွှေပြားတစ်ပြားလည်း ပါသည်။

ရွှေပြားပေါ်၌ စာများရေးသားထားသည်ကို တွေ့ရလေသည်။

ကို့ချူစန်းက ဖတ်ကြည့်လိုက်ရာ...

"ဝမ်လျူးဖန်၏သား မွေးနေ့လက်ဆောင်"

တစ်ဖက်တွင်...

"ကြူတဂူ လက်ဆောင်ပေးသည်"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ကို့ချူစန်းသည် သတိရလာသည်ဖြစ်သော်လည်း ပကတိကောင်းမွန်လာခြင်း မရှိသေးပါ။

သူသည် စဉ်းစားဆင်ခြင်ခြင်းပင် မပြုဘဲ...

"စိန်ကြည် မင်း အဲဒါကို အပေါင်ဆိုင်သွားပေါင်လိုက်၊ နောက်တို့ ပိုက်ဆံရှိမှ ပြန်ရွေးတာပေါ့"

ဝမ်စိန်ကြည်သည် ဆွဲကြိုးကိုယူ၍ ဆိုင်ရှင်နှင့်အတူ အပေါင်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားလေသည်။

အပေါင်ဆိုင်မှ အကဲဖြတ်သောသူသည် ဆွဲပြားကိုကြည့်လိုက်သောအခါ သူ၏မျက်နှာတစ်ခုလုံးမှာ ကွက်ခနဲပျက်သွားသည်။



"သူငယ် ခဏစောင့်ဦးနော်"

သူသည် ပြောပြီး နောက်ဘက်ခန်းသို့ ဝင်ရောက်သွားလေသည်။

အချိန်ကြာသွားပြီဖြစ်သော်လည်း အကဲဖြတ်သောလူကြီးကထွက်မလာသေးပါ။

နောက်ထပ်အတန်ကြာမှ အကဲဖြတ်လူကြီးကထွက်လာလေသည်။

"နှစ်ဆယ်ရမယ်"

ဆိုင်လုလင်က ဝင်ရောက်ပြောဆိုပေးတော့မှ နှစ်ဆယ့်ငါးကျပ်ဖြင့် ပေါင်၍ရလေသည်။

ဝမ်စိန်ကြည်သည် ငွေနှင့်အပေါင်လက်မှတ်ကိုယူ၍ ထွက်လာသည်။

ငွေရှိလာပြီဖြစ်သည်။

သူသည် ဆိုင်လုလင်နှင့်အတူ သမားတော်တစ်ယောက်သွားရောက်ပင့်ရလေသည်။

သို့သော် သူသည် တည်းခိုခန်းသို့ရောက်ရှိလာသောအခါ သူ့နောက်တွင် အဏ္ဏာသားတစ်ယောက်က ခြေရာခံလိုက်လာသည်ကို မသိလိုက်ပါ။

သူသည် အခန်းထဲသို့ရောက်ရှိလာရာ ကို့ချူစန်းမှာ ပြန်လည်အိပ်မောကျသွားပြီဖြစ်သည်။

သမားတော်ကြီးက ရောက်မလာသေးသဖြင့် သူသည် အခန်းအပြင်သို့ထွက်၍ မျှော်နေ၏။

ထိုစဉ်မှာပင် အာဏာသားခုနစ်ယောက်ခန့်တို့သည် ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အာဏာသားခေါင်းဆောင်လာသူသည် ရှေ့ဆုံးမှ သံပေတံတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

အာဏာသားများသည် ဝမ်စိန်ကြည်ကို တွေ့လိုက်သောအခါ...

"ဟိုကောင်လေးပဲ၊ ဟိုကောင်လေးပဲ"

ဟု ပြောလိုက်လေသည်။

အာဏာသားများ၏ ခေါင်းဆောင်မှာ ဝမ်စိန်ကြည်အား တစ်ချက်ကြည့်လိုက်ပြီး...

"ဟေ့ ကလေး...မင်းက ဝမ်စိန်ကြည်လား ပြောစမ်း"

ဟု ခပ်ငေါက်ငေါက် မေးလေတော့၏။

ဝမ်စိန်ကြည်သည် ရန်သူများနှင့် တွေ့ကြုံခဲ့ရသောကြောင့် ကြောက်ရွံ့နေလေသည်။

ထို့ကြောင့် ထိုလူမေးလာသောအခါ လိမ်ညာပြောလိုက်လေသည်။

"ဟင့်အင်း...မဟုတ်ဘူး"

အာဏာသား ခေါင်းဆောင်သည် အိတ်ထဲမှ ဆွဲကြိုးကို ထုတ်ယူလိုက်သည်။

ဝမ်စိန်ကြည် ပေါင်နှံခဲ့သော ရွှေဆွဲကြိုးကလေးကို လှုပ်ယမ်းပြလိုက်ပြီး...

"ကဲ...ပြောစမ်း၊ ဒီဆွဲကြိုးကို မင်းဘယ်က ခိုးလာတာလဲ"



ဝမ်စိန်ကြည် စိတ်ဆိုးသွားသည်။

"ကျုပ်ခိုးလာတာမဟုတ်ဘူးဗျ၊ ဒါ ကျုပ်ပစ္စည်း"

ဝမ်စိန်ကြည်သည် မိမိအား သူခိုးဟုပြောလိုက်သောကြောင့် ခံပြင်းဒေါသထွက်၍ အမှန်အတိုင်း ပြောလိုက်လေသည်။

အာဏာသားခေါင်းဆောင်၏မျက်နှာပေါ်မှာ ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်ထွက်ပေါ်လာပြီးလျှင်...

"ဟဲ ဟဲ ဒါ မင်းပစ္စည်းဆိုရင် ဝမ်လျူဖန်နဲ့ ဘာတော်သလဲ၊ မင်းမှန်မှန်ဖြေစမ်း"

ဝမ်စိန်ကြည် မဖြေရဲတော့ချေ။

အခန်းထဲသို့ လစ်ခနဲဝင်ပြေးသွားပြီး တံခါးကို ပိတ်လိုက်သည်။

ထို့နောက် ကို့ချူစန်းအား လှုပ်၍နှိုးလိုက်လေသည်။

အပြင်ဘက်မှ တံခါးထုသံ တဒုန်းဒုန်းပေါ်ထွက်လာပြီး...

"တံခါးဖွင့်စမ်း"

"မင်းတို့ အထဲမှာပုန်းနေလို့ လွတ်မယ်ထင်သလား"

"ကျီးကန်းတောင်က ဝရမ်းပြေးတွေ ဒီမှာပုန်းနေတယ်ဟေ့"

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်သောအသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ဆူညံသောအသံများကြောင့် ကို့ချူစန်းက လန့်၍နိုးလာလေသည်။

ကို့ချူစန်းသည် ဝမ်စိန်ကြည်အား တစ်ချက်ကြည့်ကာ ခုတင်ပေါ်သို့ ပြန်လဲကျသွားသည်။

"ဝုန်း...ဝုန်း...ဝုန်း"

အပြင်ဘက်မှ တံခါးအား ချိုးဖျက်နေသောကြောင့် အပေါက်ကလေးတစ်ခု တံခါးဝမှာ ဖြစ်ပေါ်လာသည်။

လက်တစ်ဖက်သည် ထိုအပေါက်ကလေးမှ အထဲရှိ မင်းတုပ်အားဖြုတ်ချရန် ဝင်လာသည်။

"မလုပ်နဲ့"

ဝမ်စိန်ကြည်သည် တအားကြီးအော်ပြီးလျှင် ထိုလက်အား လက်ဝါးစောင်းဖြင့် အစွမ်းကုန် ရိုက်ချလိုက်တော့သည်။

"ဖြောင်း"

"အား"

အရိုးကျိုးသံနှင့်အပြင်ဘက်မှ အော်သံတစ်ခုထွက်ပေါ်လာသည်။

တံခါးအား ထုရိုက်နေသောအသံများ ခေတ္တငြိမ်သက်သွားသည်။

မကြာမီ တဝုန်းဝုန်းနှင့် ပြန်လည်ထုနက်သံ ထွက်ပေါ်လာပြီးလျှင် တံခါးမင်းတုပ် ပြုတ်သွားလေသည်။

မင်းတုပ်ပြုတ်သွားပြီဖြစ်၍ တံခါးလည်း ပွင့်သွားလေသည်။

ဝမ်စိန်ကြည်သည် ပွင့်သွားသော တံခါးဝရှေ့၌ မားမား ရပ်လိုက်သည်။

အပြင်မှလူသည် ရုတ်တရက် ဝင်မလာသေးဘဲ အကဲခတ်ကြည့်နေသည်။



ဆူညံသောအသံများကြောင့် အပြင်ဘက်မှ စားသောက်နေကြသောလူများ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

အာဏာသားများသည် အသက် ၁၀ နှစ်ပင် မပြည့်သေးသောကလေးငယ်တစ်ယောက်အား ဝိုင်းဝန်းမာန်မဲနေကြသဖြင့် အားလုံးသောလူများ အံ့သြကုန်ကြသည်။

အာဏာသားများသည် ဝမ်စိန်ကြည်အားကျော်၍ အခန်းတွင်းသို့ တစ်ချက်အကဲခတ်ကြည့်လိုက်ရာ အခန်းထဲရှိ ခုတင်ပေါ်၌ လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရသဖြင့် သူ၏ လက်အောက်ငယ်သားများအား အမိန့်ပေးလိုက်သည်။

"ဖမ်းကြစမ်းဟေ့"

အာဏာသားတစ်ယောက်ကကြိုးဖြင့် ဝမ်စိန်ကြည်အား ပစ်ဖမ်းလိုက်သည်။

ဝမ်စိန်ကြည်က နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သောကြောင့် ကြိုးသည် သူ၏လည်ပင်းအား မစွပ်မိဘဲဖြစ်သွားသည်။

ထိုအာဏာသည် လူဆိုးဖမ်းရာတွင် အလွန်တော်သူ တစ်ယောက်ဟု ထင်ကြေးပေးခံထားရသောလူ ဖြစ်သည်။

ယခုကလေးအရွယ် ကောင်လေးအား မဖမ်းနိုင်သဖြင့် မျက်နှာနီရဲကာ နောက်တစ်ချက် ကြိုးဖြင့် ထပ်ဖမ်းလိုက်သည်။

"ခွေးကောင်လေး မင်းဘယ်ပြေးမလဲ"

ဝမ်စိန်ကြည်သည် ကို့ချူစန်း သင်ပြထားသော ကျားနိုင်လက်ဝါးသိုင်းဖြင့် ပြန်လည်ခုခံလိုက်ရာ အာဏာသားအချင်းချင်းတိုက်၍ အခန်းဝ၌ ခြေချော်လဲကုန်ကြသည်။

"ဝါး...ဟား...ဟား"

ဝိုင်းကြည့်နေသောလူများက ဖရိုဖရဲလဲသွားသော အာဏာ
သားများကိုကြည့်ကာ ဝိုင်း၍ရယ်မောလိုက်သည်။

အာဏာသားများသည် ဒေါသထွက်၍ မဆုံးတော့ပြီဖြစ်၍
လက်ဝါးစောင်းဖြင့် ဝမ်စိန်ကြည်အား ခုတ်ချလိုက်သည်။

"ယား"

ဝမ်စိန်ကြည်သည် ကိုချူစန်း သင်ပေးထားသော သိုင်းပညာ
ကို အစွမ်းကုန်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဖုတ်...ဖုတ်"

အာဏာသား၏လက်ဝါးသည် ဝမ်စိန်ကြည်၏ ခေါင်းပေါ်သို့
ကျော်သွားပြီး ဝမ်စိန်ကြည်၏ခြေထောက်သည် အာဏာသား၏
ရင်ဝ သို့ ကန်ကျောက်မိသွားသည်။

"အား"

အာဏာသားများသည် လဲကျသွားသောအခါ ဝိုင်းကြည့်နေ
သောလူများက သဘောကျကာ လက်ဝါးတီး၍ သြဘာပေးကြသည်။

"ဒီကလေး မဆိုးဘူးဟေ့"

"အာဏာသားတွေ အရှက်ကွဲပြီ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြလေ
သည်။

အာဏာသားခေါင်းဆောင်သည် ကလေးတစ်ယောက်အား
မနိုင်သည်ကို တွေ့သဖြင့် ဒေါသခြောင်းခြောင်းထွက်ကာ...

"အားလုံး ဝိုင်းဖမ်းကြဟေ့"



အမိန့်ပေးသံထွက်ပေါ်လာသောအခါ အာဏာသားများသည်
ဓားကို ဆွဲထုတ်လိုက်သည်။

ဝမ်စိန်ကြည်သည် ထိတ်လန့်တုန်လှုပ်သွားလေ၏။

ကြည့်နေသောလူများသည် ထိတ်လန့်ကာ နောက်သို့ဆုတ်
သွားကြ၏။

ဝမ်စိန်ကြည်သည် သိုင်းပညာတတ်သော်လည်း ကလေးငယ်
တစ်ယောက်ဖြစ်၍ ဓားကိုင်ဆောင်သော အာဏာသားလူကြီးများနှင့်
ရင်မဆိုင်နိုင်ပေ။

ဝမ်စိန်ကြည်သည် ချွေးများကျလာကာ ကြောင်အမ်းအမ်း
ဖြစ်နေလေသည်။

ထိုစဉ် ဝမ်စိန်ကြည်နှင့် အခန်းချင်းကပ်နေသောအခန်းမှ တံခါး
ဖွင့်လာကာ လူတစ်ယောက် ထွက်လာ၏။

ထိုလူသည် ဝမ်စိန်ကြည်ရှေ့သို့ လျှပ်တစ်ပြက်ခုန်ဝင်လိုက်ပြီး
ဝိုင်းရံထားသောလူများဖြင့် ရင်ဆိုင်လိုက်လေသည်။

အာဏာသားများက ညာသံပေး၍ ဝင်ရောက်တိုက်ခိုက်လိုက်
သည်။

ထိုလူသည် လက်ကိုတစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ချွမ်း...ချွမ်း...ချွမ်း"

အာဏာသားများ၏ဓားများ ကျိုးသွားလေ၏။

ထို့အပြင် အာဏာသားများသည် ပါးပြင်ပေါ်သို့ ထိုလူ၏
လက်က ဝင်ရိုက်ချလိုက်သည်။

"ဖြန်း...ဖြန်း...ဖြန်း"

အာဏာသားများနောက်သို့ ယိမ်းယိုင်သွားသည်။

သူတို့၏ပါးပြင်ပေါ်တွင် လက်ငါးချောင်းရာ ထင်လာလေသည်။

အာဏာသားခေါင်းဆောင်သည် ဝင်ရောက်လာသော လူအား ဒေါသတကြီး အော်ငေါက်လိုက်၏။

"ဟေ့...ကျုပ်တို့ ဝရမ်းပြေးဖမ်းနေတာ ဝင်မရှုပ်နဲ့"

ထိုလူသည် အာဏာသားခေါင်းဆောင်၏စကားကို လုံးဝ အရေးမစိုက်ဘဲ အင်္ကျီရင်ဘတ်ကိုကိုင်ကာ အဝေးသို့ ပစ်ပေါက်လိုက်သည်။

အာဏာသားခေါင်းဆောင်၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်ကာ နံရံနှင့်တိုက်မိ၍ လဲကျသွား၏။

လူအများသည် ကြောက်လန့်တကြား အော်ဟစ်လေတော့သည်။

ထိုလူသည် မည်သူ့မျှဂရုမစိုက်ဘဲ အာဏာသားများအား တစ်ယောက်ပြီးတစ်ယောက် ဆိုင်အပြင်သို့ တိုက်ခိုက်မောင်းထုတ်လိုက်သည်။

အာဏာသားများသည် ထိုလူနှင့်ဝေးရာသို့ ကြောက်လန့်တကြား ထွက်ပြေးသွားကြသည်ကိုကြည့်ကာ ထိုလူသည် လက်ညှိုးတထိုးထိုးနှင့် ထိုး၍ရယ်မောကာ...

"အ...အား"

တအားအားနှင့် ပြောနေ၏။



ယခုမှ ထိုလူသည် စကားမပြောတတ်သူ ဆွံ့အသူဖြစ်နေကြောင်း ဝမ်စိန်ကြည် သိလိုက်ရလေသည်။

ဝမ်စိန်ကြည်သည် ထိုလူအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ရင်း...

"ကျွန်တော့်ကို အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်"

ပြောပြီး ဂါရဝပြုလိုက်လေသည်။

ဆွံ့အနေသောလူကြီးသည် လက်နှစ်ဖက်ကို ဝှေ့ယမ်းပြလိုက်သည်။

ပြီးလျှင် လက်ဟန်ခြေဟန်ဖြင့် ဝမ်စိန်ကြည်အကြောင်းကို မေးမြန်းလိုက်လေတော့သည်။

ဝမ်စိန်ကြည်သည် ထိုလူကြီးအမေးကို ရုတ်တရက်နားမလည်နိုင်ချေ။

ဆွံ့အသူလူကြီးက ရိပ်မိဟန်ဖြင့် လက်နှစ်ဖက်ဖြင့် သိုင်းကွက်များ ဖော်ပြလိုက်၏။

ဝမ်စိန်ကြည် ကြောင်၍ကြည့်နေသည်။

ထိုလူသည် လက်နှစ်ဖက်ဝှေ့ယမ်းကာ သိုင်းကွက်တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ပြသနေ၏။

သိုင်းကွက် ၁၁ ကွက်ခန့်ရောက်မှ ဝမ်စိန်ကြည်တစ်စုံတစ်ခုကို အမှတ်ရလာ၏။

ထိုလူပြသသော သိုင်းကွက်များသည် ကိုချူစန်းသင်ပေးသော သိုင်းကွက်များနှင့် တစ်ပုံစံတည်း ဖြစ်နေလေတော့သည်။

ဝမ်စိန်ကြည်သည် သဘောပေါက်သွားပြီး လက်ဟန်ခြေဟန်ဖြင့် သိုင်းကွက်များအား ကစားပြလိုက်၏။

သိုင်းကွက် ၁၁ ကွက်မှစတင်ကာ နောက်ထပ် လေးငါးကွက် ဆက်တိုက်ကစားပြလိုက်သည်။

ထိုလူနှင့် ကို့ချူစန်း တစ်နည်းတစ်ဖုံ ပတ်သက်နေမည်ဟုလည်း သူယုံကြည်လေသည်။

ထိုလူသည် ဝူးဝူးဝါးဝါးဖြင့် သဘောကျစွာရယ်မောပြီး သူ့အား မေ့ချီလိုက်သည်။

ဝမ်စိန်ကြည်သည် အခန်းထဲသို့ လက်ညှိုးထိုးပြလိုက်သည်။

ထိုလူကြီးသည် ကို့ချူစန်းအိပ်နေသောအခန်းတွင်သို့ တစ်လှမ်းချင်း ဝင်လိုက်တော့သည်။

❋ ❋ ❋

အခန်းထဲသို့ရောက်သောအခါ ခုတင်ပေါ်၌ထိုင်နေသော ကို့ချူစန်းအား တွေ့မြင်လိုက်ရသည်။

ကို့ချူစန်း၏မျက်နှာပေါ်၌ နိုးရိမ်သော အရိပ်အယောင်များ ပေါ်လွင်နေသည်။

ဝမ်စိန်ကြည်အား လူတစ်ယောက်က မေ့ချီ၍ အခန်းတွင်းကို ဝင်လာသည်ကိုတွေ့လိုက်ရမှ စိတ်သက်သာရာ ရသွားလေတော့သည်။

သူ၏ဒဏ်ရာမှာ အဆိပ်အား အချိန်မီကုသခြင်းမရှိသည့်အတွက် ဒဏ်ရာတစ်ခုလုံး ရောင်ကိုင်း၍လာပြန်သည်။



အဆိပ်များကို ဝမ်စိန်ကြည် စုပ်ထုတ်ခဲ့သော်လည်း ကုန်စင်ခြင်းမရှိသည့်အတွက် ရောင်ကိုင်းနေပြီး ကို့ချူစန်း၏မျက်နှာတွင် သွေးရောင်ကွယ်ပျောက်ကာ ညိုမည်းနေသည်။

ဆံ့အနေသောလူကြီးသည် ကို့ချူစန်းကိုကြည့်ကာ တအားအားနှင့် စကားပြောနေသည်။

ခြေဟန်လက်ဟန်ပြသည်။

ဝမ်စိန်ကြည်သည် မည်သည့်အကြောင်းပြောနေခြင်းဖြစ်သည်ကို မသိပါ။

ဆံ့အသူကြီးသည် စိတ်မရှည်သော အမူအရာထွက်ပေါ်လာပြီး ကို့ချူစန်းအား မေ့ချီကာ ပခုံးပေါ်တင်လိုက်သည်။

သူ၏သန်မာသောလက်များဖြင့် ဝမ်စိန်ကြည်အား ခါးမှ သိုင်းဖက်ကာ လူနှစ်ယောက်အား တစ်ပြိုင်နက်တည်း မေ့ချီထားသော်လည်း ခြေလှမ်းများ တုံ့ဆိုင်းမနေပါ။

ဆံ့အသူကြီးသည် အခန်းပြင်သို့ လှမ်းထွက်လိုက်လေသည်။

အပြင်ဘက်မှ အခြေအနေစောင့်ကြည့်နေသူများသည် ဝမ်စိန်ကြည်တို့ထွက်လာသည်ကို တွေ့ရသဖြင့် ဘေးသို့ဖယ်ပေးကြသည်။

သူတို့ထွက်သွားပြီးမှ ပုန်းအောင်းနေသော အာဏာသားနှစ်ယောက် ခေါင်းထောင်လာသည်။

ထွက်သွားသောလူကြီးနောက်သို့ တိတ်တဆိတ်လိုက်ရန် နှစ်ယောက်တိုင်ပင်၍ တည်းခိုခန်းမှ ပြေးထွက်သွားကြသည်။

❋ ❋ ❋

ဆွဲ့အသူကြီးသည် ခြေလှမ်းကျဲကျဲဖြင့်ပြေးသွားရာ တစ်ခဏအကြာတွင် မြို့ပြင်သို့ရောက်သွားသည်။

နောက်မှ လူနှစ်ယောက်လိုက်လာသည်ကို သတိမထားမိချေ။

ထိုလူနှစ်ယောက် လိုက်လာကြောင်းကို ဝမ်စိန်ကြည်က သိလိုက်ပါသည်။

ထို့ကြောင့် မြို့ပြင်တောအုပ်သို့ရောက်လျှင် ထိုလူကြီး၏ လက်ကို ဆွဲကိုင်လှုပ်ရင်း...

"ဗျို့ ဦးလေးကြီး...နောက်မှာ ဟိုလူတွေ လိုက်လာနေကြတယ်"

ပြောရင်း မျက်နှာမှာလည်း ဟန်အမူအရာဖြင့် မဲ့ရွဲ့ပြလိုက်သည်။

ဆွဲ့အသူကြီးသည် နားလည်သည့်အလား ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆက်လက်ပြေးသွားသည်။

❋ ❋ ❋

ပြေးလွှားလာသည်။

လျှင်မြန်စွာပြေးလာနေသော အာဏာသားများ မမီအောင် အားကုန်ပြေးလိုက်သည်။

အရှေ့ဘက်သို့ရောက်လျှင် သစ်ပင်များကျဲလာပြီး တောင်တန်းဒေသအရိပ် ပိုပီပြင်လာသည်။

ရှေ့ဘက်သို့ နှစ်မိုင်ခန့် ပြေးလွှားလာသောအခါ ဝန်းကျင်တစ်ခုလုံးပို၍ ခေါင်လာတော့သည်။



ရှေ့တွင် လွင်တီးခေါင်ဖြစ်ပြီး ဝဲဘက်တွင် မြင့်မားရှည်လျားသော တောင်စဉ်တောင်တန်းများရှိသည်။

လွင်တီးခေါင်ကိုဖြတ်ကျော်ကာ လူအကြီးသည် တောင်ပေါ်သို့ ချိုးကွေ့ပြေးသွားသည်။

တစ်ခဏကြာသောအခါ ဆွဲ့အလူကြီးသည် ခြေလှမ်း ရပ်တန့်လိုက်သည်။

ဝမ်စိန်ကြည်သည် ပတ်ဝန်းကျင်အား အနည်းငယ်အကဲခတ်လိုက်သည်။

တောင်ပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

ဆွဲ့အလူကြီးသည် ကို့ချူစန်းအား မြေပေါ်သို့ အသာအယာချကာ ဝမ်စိန်ကြည်အား ကို့ချူစန်းအနီးတွင်နေရန် လက်ဟန်ခြေဟန်ပြလိုက်သည်။

ထို့နောက် နောက်ဘက်သို့လှည့်ကာ လျှင်မြန်စွာပြေးထွက်သွားသည်။

နောက်မှ နောက်ယောင်ခံလိုက်လာသော လူနှစ်ယောက်သည် ပုန်းကွယ်ရန် အချိန်မရလိုက်သဖြင့် ထွက်ပြေးရန်ကြိုးစားကြသည်။

ဆွဲ့အလူကြီးသည် ထိုလူနှစ်ယောက်အား လည်ကုပ်မှကိုင်ကာ တစ်ဖက်သို့ လွှင့်ပစ်လိုက်သည်။

တစ်ဖက်တွင် နက်ရှိုင်းသော ကျောက်ကမ်းပါးကြီးများရှိနေသည်ကို တွေ့လိုက်ရလေသည်။

"အား..."

"အား..."

နောက်ယောင်ခံ လိုက်လာသော လူနှစ်ယောက်သည် ရုတ်တရက် အော်ဟစ်ပြီး ချောက်ကမ်းပါးထဲသို့ လွင့်စဉ်ထိုးကျသွားလေတော့သည်။

ဆွံ့အလူကြီး၏ လုပ်ရပ်ကိုကြည့်ပြီး ဝမ်စိန်ကြည် ထိတ်လန့်သွားသည်။

ဆွံ့အလူကြီးသည် ပြန်လည်လျှောက်လာပြီး ကို့ချူစန်းအား ပခုံးပေါ်သို့ ထမ်းလိုက်သည်။

ထို့နောက် ဝမ်စိန်ကြည်အား မွှေ့ချီကာ ပြေးထွက်သွားလေတော့သည်။

❋ ❋ ❋



## လူထူးလူဆန်း အဘိုးအို

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တောအထပ်ထပ် တောင်အထပ်ထပ်ကို အတန်ကြာကျော်ဖြတ်လွန်လာခဲ့ပြီဖြစ်သည်။

ထိုအခါ အရှေ့တောင်ဘက်တွင် ဝါးခြံနိမ့်များဖိုးထားသော တဲတန်းလျားရှည်တစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

တဲတန်းလျားရှည်တွင် ဝမ်စိန်ကြည်ထက် အသက်တစ်နှစ်နှစ်နှစ်ခန့်ကြီးမည်ဟုထင်ရသော ကလေးတစ်ယောက် ဆော့ကစားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကစားနေသူမှာ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းကလေးသည် ဆွံ့အသောလူကြီးအား တွေ့မြင်လိုက်သောအခါ အိမ်ဘက်သို့ပြေးသွားပြီး အိမ်ထဲသို့အော်ပြောလိုက်လေသည်။

"မေမေရေ မြန်မြန်လာပါ၊ အိမ်ရှေ့မှာ ဧည့်သည်တွေ ရောက်နေတယ်"

သူမ၏စကားမဆုံးမီ ဆွဲ့အလူကြီးသည် အနားသို့ ရောက်သွားလေသည်။

ထိုစဉ် တဲထဲမှရှိုလှင်သောအသံတစ်ခုထွက်ပေါ်လာလေသည်။

"သမီး ရှောင်ဖွေး ဘယ်သူတွေတုန်း"

တဲအိမ်တံခါးပွင့်သွားပြီး တဲအိမ်ထဲမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

ထိုအမျိုးသမီးသည် လယ်သူမများ ဝတ်ဆင်တတ်သောဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသည်။

သို့သော် သူမ၏ပုံစံမှာ အထက်တန်းကျသူတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေသည်။

သူမသည် ဆွဲ့အလူကြီးကို တစ်ချက်ကြည့်ကာ...

"ဧည့်သည်ဆိုလို့ ဘယ်သူတွေများလည်းမှတ်တယ် လက်စသတ်တော့ ရှင်ကိုး"

ဆွဲ့အလူကြီးသည် ကို့ချူစန်းနှင့် ဝမ်စိန်ကြည်အား မြေပေါ်သို့ချကာ လက်ဟန်ခြေဟန်ဖြင့် စကားပြောလိုက်သည်။

အမျိုးသမီးကလည်း ခေါင်းတညိတ်ညိတ်ဖြင့် အိမ်ထဲဝင်ရန် လက်ယမ်းပြလိုက်ပြီး တစ်ဆက်တည်း...

"ရှောင်ဖွေး...အိမ်နောက်ဖေးမှာ ရေနွေးအိုးသွားယူလိုက်ပါ"

"ဟုတ်ကဲ့ မေမေ"

ကလေးသည် အိမ်နောက်ဖေးသို့ ပြေးသွားလေတော့သည်။

ဆွဲ့အလူကြီးသည် ဝမ်စိန်ကြည်အား ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အိမ်ထဲသို့ဝင်သွားသည်။



အမျိုးသမီးသည် ကို့ချူစန်းအတွက် ခုတင်တစ်လုံးပြင်ဆင်ပေးလေသည်။

ကို့ချူစန်းသည် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေလေသည်။

ဆွဲ့အလူကြီးသည် အမျိုးသမီးအား ခြေဟန်လက်ဟန်ဖြင့် တစ်စုံတစ်ခုကို ပြောနေလေသည်။

အမျိုးသမီးကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အခန်းအတွင်းသို့ ဝင်သွားလေသည်။

ပြန်ထွက်လာသောအခါ သူမ၏လက်ထဲ၌ သေတ္တာတစ်လုံးပါလာလေသည်။

ဆွဲ့အလူကြီးနှင့် အမျိုးသမီးကြီးတို့၏ ပုံဟန်မှာ ရန်ပြုမည့်သူမဟုတ်ကြောင်း ဝမ်စိန်ကြည်အကဲခတ်မိသဖြင့် စိတ်သက်သာရသွားလေသည်။

အမျိုးသမီးကြီးသည် ကို့ချူစန်းအား ဆေးကုရန်ပြင်ဆင်ရင်းဖြစ်ပျက်ခဲ့သောအကြောင်းများအား ဝမ်စိန်ကြည်အား မေးမြန်းလိုက်လေသည်။

ဝမ်စိန်ကြည်သည် ဖြစ်ပျက်ခဲ့သမျှ အကျိုးအကြောင်းအားလုံးကို ချန်မထားဘဲ အလုံးစုံပြောပြလိုက်လေသည်။

အမျိုးသမီးကြီးမှာ သိမ်မွေ့နူးညံ့သည့်စိတ်စေတနာကောင်းမွန်ဟန် ပေါ်လွင်လာလေသည်။

ဝမ်စိန်ကြည် ပြောပြသောအကြောင်းအရာကိုနားထောင်ရင်း...

တစ်ဖက်ကလည်း ကိုချူစန်းဒဏ်ရာကို ဆေးထည့်ပေးနေသည်။

ဆေးသေတ္တာထဲမှ ဆေးပုလင်းနှစ်ပုလင်းကို ထုတ်ယူလိုက်သည်။

တစ်ပုလင်းတွင် အဖြူရောင်ဆေးမှုန့် အနည်းငယ်ယူ၍ နောက်ပုလင်းမှ အနီရောင်ဆေးမှုန့်ကို ရောင်ဖွေးဆိုသော ကလေးမလေး ယူလာသော ရေနွေးနှင့်ရောမွှေကာ ကိုချူစန်းအား တိုက်ကျွေးလိုက်လေသည်။

ထို့နောက် အဆိပ်မိထားသဖြင့် ညိုမည်းရောင်ကိုင်းနေသော နေရာကို ဓားပါးကလေးဖြင့် ခွဲဖောက်ထုတ်ကာ အဆိပ်များထုတ်ယူလေသည်။

တစ်ဖန် ဆေးကြောလိုက်ပြီး ပုလင်းတစ်လုံးထဲမှ အဝါရောင်ဆေးများကို ထုတ်ယူကာ အနာပေါက်သို့ ထည့်ပေးလိုက်လေသည်။

ကိုချူစန်းအား သုံးကြိမ်သုံးခါ ဆေးတိုက်ရသည်။

ဆေးလိမ်းရသည်။

အနာအနီးတစ်ဝိုက်တွင် အရောင်လျော့စေရန် ရေနွေးဖြင့် ကြပ်ထုပ်ထိုးပေးရသည်။

အတန်ကြာမှ ကိုချူစန်းထံမှ ဟင်းခနဲတစ်ချက် ညည်းညူသံ ထွက်ပေါ်လာသည်။

ထိုအခါမှ အမျိုးသမီးကြီးသည် သွားတက်ကလေးပေါ်အောင် အားရပါးရ ပြုံးလိုက်သည်။

ထို့နောက် အေးဆေးတည်ငြိမ်သောလေသံဖြင့်...



"သူ့အတွက် စိုးရိမ်စရာမရှိတော့ပါဘူး၊ ဒါပေမယ့် အခု လောလောဆယ်တော့ လှုပ်လှုပ်ရှားရှားမလုပ်ဘဲ အေးအေးဆေး ဆေးအနားယူရလိမ့်မယ်"

ဆွံ့အလူကြီးသည် ခေါင်းညိတ်၍ သဘောတူလေသည်။

ကိုချူစန်း၏ဒဏ်ရာကို သူကောင်းစွာအကဲခတ်မိပြီးဖြစ်သည်။

အမျိုးသမီးသည် သူ၏ဆေးပုလင်းများကို ပြန်လည်သိမ်းဆည်းရင်း စကားဆက်လိုက်သည်။

"ငါ့နာမည် အမ်းဆင့်ဆင့်လို့ခေါ်တယ်၊ မင်းကတော့ ဒေါ်ဒေါ်အမ်းလို့ ခေါ်နိုင်တယ်၊ ရောင်ဖွေးကတော့ ကျုပ်ရဲ့ သမီးပါပဲ၊ အမ်းရောင်ဖွေးလို့ ခေါ်တယ်၊ အခုလောလောဆယ်တော့ မင်းတို့ ဒီမှာနေဦးပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ"

ဝမ်စိန်ကြည်သည် အမ်းဆင့်ဆင့်ဟူသောအမည်ကို မှတ်သားထားလိုက်လေသည်။

အမျိုးသမီးက ဆွံ့အသူနှင့် ဝမ်စိန်ကြည်အား လူနာခုတင်ပေါ်မှဆင်းခိုင်း၍ အိမ်ရှေ့သို့ ထွက်စေလေသည်။

"လူနာအနားယူပါစေဦး၊ မင်းတို့ဧည့်ခန်းမှာထိုင်ကြပါ"

သူမသည် ပြောပြီး နောက်ဖေးမီးဖိုချောင်သို့ ဝင်ရောက်ကာ စားသောက်စရာများ စီမံလေသည်။

ဝမ်စိန်ကြည်သည် အရှယ်နှင့်မလိုက်အောင် ဒုက္ခနှင့် ရင်ဆိုင်ကာ အခက်အခဲကြားမှ ဖြတ်ကျော်လာသဖြင့် ပင်ပန်းနွမ်းနယ်နေလေသည်။

အေးအေးဆေးဆေး ဧည့်ခန်းတွင် အနားယူရသောအခါ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

သူအိပ်ရာမှ နိုးထလာသောအခါ နောက်တစ်နေ့နံနက် မိုးစင်စင်လင်းနေပြီဖြစ်သည်ကို တွေ့လိုက်ရလေသည်။

❋ ❋ ❋

နေခြည် ပွင့်လာပြီဖြစ်သည်။

ဝမ်စိန်ကြည်သည် အိပ်ရာမှနိုးလာသောအခါ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ၍ ဝမ်းတွင်း၌ အလွန်ပင် ဆာလောင်မွတ်သိပ်နေလေသည်။

သူမျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် သူ့အား ငုံ့ကြည့်နေသော အမျိုးသမီးနှင့် သူမ၏သမီးကို တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်သည် လူးလဲထလိုက်ပြီး အမျိုးသမီးအား တစ်ချက်ကြည့်ကာ...

"ဒေါ်ဒေါ် ဦးလေးကို ဘယ်လိုနေသေးသလဲဟင်၊ ကျွန်တော် သူ့ကို သွားကြည့်ချင်တယ်"

အမျိုးသမီး၏မျက်နှာပေါ်၌ ကရုဏာသက်သည့် အရိပ်အယောင်များထွက်ပေါ်လာပြီး စကားတစ်ခွန်းမှမပြောဘဲ ဝမ်စိန်ကြည်အား ငေးစိုက်ကြည့်နေ၏။

ဝမ်စိန်ကြည်၏စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ ခံစားလိုက်ရသဖြင့်...

"ဒေါ်ဒေါ် ဦးလေးကို..."



သူ၏စကားမဆုံးမီ အနီး၌ရပ်နေသော အမ်းရှောင်ဖွေးက ကြားဖြတ်ပြောဆိုလိုက်သည်။

"ဦးလေးကို မရှိတော့ဘူး၊ သူ့ကို ဆွဲ့အကြီးက မနက်အစောကြီး ကျောပိုးပြီး ထွက်ခွာသွားပြီ"

"ဗျာ...သူတို့ထွက်သွားပြီဟုတ်လား၊ ကျွန်တော့်ကို ပစ်ထားခဲ့တယ်ပေါ့"

သူသည်ပြောရင်းနှင့် ဝမ်းနည်းလာသည်။

အားငယ်စိတ်များဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် မျက်ရည်များ ကျဆင်းလာသည်။

အမ်းရှောင်ဖွေးက သူမ၏မိခင်လက်ကို အသာအယာ ဆုပ်ကိုင် လိုက်ပြီး ခေါင်းငုံ့ထားလိုက်သည်။

အမ်းဆင့်ဆင့်က သက်ပြင်းရှည်တစ်ချက်ချပြီး...

"မင်းဦးလေးကို့ရဲ့ဒဏ်ရာက တော်တော်ပြင်းထန်တယ်၊ သူမိထားတဲ့အဆိပ်ကို ဒေါ်ဒေါ် ခဏပဲကုသပေးနိုင်တယ်၊ သူ့ရဲ့ဒဏ်ရာကို ဖိဖိစီးစီး မကုသရင် ခြေထောက်ကိုဖြတ်ပစ်ရလောက်အောင် အန္တရာယ်ရှိလာနိုင်တယ်၊ ဒါကြောင့် သူ့ကိုကုသနိုင်တဲ့လူတစ်ယောက်ဆီ ပို့ခိုင်းလိုက်တာပဲ၊ သူ့ဒဏ်ရာပျောက်တော့ ပြန်လာမှာပေါ့ကွယ်"

ဝမ်စိန်ကြည် မျက်ရည်များ မကျတော့ပါ။

သို့သော် သူ၏မျက်ရည်ဝိုင်းနေသော မျက်လုံးများသည် အမ်းဆင့်ဆင့်ကို ငေးကြည့်နေသည်။

အမ်းဆင့်ဆင့် တစ်ချက်ပြုံးရင်း...

"မင်းဘာမှ အားမငယ်ပါနဲ့၊ ဒီမှာနေပြီး မင်းဦးလေးကိုကို စောင့်ပါ၊ နောက်ပြီးတော့ ရှောင်ဖွေးနဲ့လည်း ကစားဖော်ရတာပေါ့၊ မင်းဦးလေးပြန်လာတော့ လိုက်သွားပေါ့ မဟုတ်ဘူးလား"

ဝမ်စိန်ကြည်က စိုးရွံ့သောလေသံဖြင့်...

"ဦးလေးက ဘယ်တော့ပြန်လာမှာလဲဟင်"

"သိပ်မကြာပါဘူးကွယ်"

ဝမ်စိန်ကြည်စိတ်ထဲ၌ အနည်းငယ် သက်သာရာရသွားလေသည်။

ထိုအမျိုးသမီးနှင့် သူ၏သမီးမှာ ဝမ်စိန်ကြည်အား ကြင်ကြင်နာနာရှိသည်ဟုလည်း ထင်မိသည်။

ဝမ်စိန်ကြည်သည် ငယ်စဉ်ကတည်းက မိဘများဆုံးပါးကွယ်လွန်သွားသဖြင့် မိဘမေတ္တာကို တောင့်တနေသူတစ်ယောက်ဖြစ်သည်။

အမ်းဆင့်ဆင့်အား အလိုလိုချစ်ခင်လေးစားလာသည်။ သူသည် ဤအိမ်တွင်နေထိုင်ပြီး ဦးလေးကို ပြန်လာမည့်ရက်ကို စောင့်ဆိုင်းရန် စိတ်ဒုန်းဒုန်းချလိုက်သည်။

"ကျွန်တော့်ကို အခုလို နေခွင့်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ယဉ်ကျေးစွာ ပြောလိုက်သည်။

❋ ❋ ❋

အမ်းဆင့်ဆင့်သည် မိခင်ကောင်းပီသသည်။



အမ်းရှောင်ဖွေးနည်းတူ ဝမ်စိန်ကြည်ကိုလည်း သားသမီးပမာကြင်နာယုယသည်။

ဝမ်စိန်ကြည်သည် အမ်းဆင့်ဆင့်အပေါ် ပို၍သံယောဇဉ်ဖြစ်လာသည်။

အမ်းဆင့်ဆင့်အိမ်တွင် နေထိုင်ရသည်ကိုပင် ဝမ်စိန်ကြည်နှစ်သက်ပျော်ရွှင်လာသည်။

ညအိပ်ရာဝင်ကာနီးတွင် အမ်းဆင့်ဆင့်ပြောပြသော သူရဲကောင်း ပုံပြင်ကို သဘောကျဆုံးဖြစ်သည်။

ဝမ်စိန်ကြည်စိတ်ထဲ၌ ပုံပြင်ထဲမှ သူရဲကောင်းမျိုး ဖြစ်ချင်စိတ်တဖွားဖွား ပေါ်ပေါက်လာသည်။

အမ်းဆင့်ဆင့်သည် ဝမ်စိန်ကြည်အား အားလပ်သောအချိန်တွင် သိုင်းပညာကို လေ့ကျင့်ခိုင်းသည်။

သို့သော် ဝမ်စိန်ကြည် သိုင်းပညာလေ့ကျင့်နေချိန်တွင် သူမသည် ဝမ်စိန်ကြည်အနားမှ ထွက်ခွာသွားတတ်သည်။

ရှောင်ဖွေးကိုလည်း အကြောင်းတစ်ခုခုကိုပြစေကာ သူ၏အနီးမှ ဖယ်ထုတ်ပစ်တတ်သည်။

ဝမ်စိန်ကြည်အား ကိုယ်ကျင့်တရားကောင်းမွန်ပြီး သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာစေရန် အမ်းဆင့်ဆင့် မျှော်လင့်ထားသည်။

မည်သို့ဆိုစေ ဝမ်စိန်ကြည် သိုင်းပညာ လေ့ကျင့်နေလျှင် ကြည့်လည်းမကြည့်၊ အမှားကိုလည်းထောက်မပြ၊ လိုသည်ကိုလည်း ဖြည့်

စွက်မပေး၊ သူမကိုယ်တိုင် ဘာမှထောက်ပြခြင်းမပြုဘဲ ရှောင်နေသည်မှာ ထူးဆန်းသည်။

❋ ❋ ❋

တစ်နေ့....

တစ်နေ့တွင် အမ်းဆင့်ဆင့် အပြင်ထွက်စရာအကြောင်းဖန်လာသည်။

သူတို့အိမ်ကလေး၏ စားနပ်ရိက္ခာကိုမြို့တက်ဝယ်ရန်ဖြစ်သည်။

ယခင်ကဆိုလျှင် အိမ်တံခါးကိုပိတ်၍ အမ်းရှောင်ဖွေးကိုပါ ခေါ်သွားတတ်သည်။

ယခု ဝမ်စိန်ကြည်ပါရှိနေသဖြင့် ခေါ်သွား၍မဖြစ်တော့ချေ။

ဝမ်စိန်ကြည်ပါခေါ်သွားလျှင် အာဏာသားများနှင့်တွေ့လျှင် ဒုက္ခရောက်မည်ကို စိုးရိမ်လေ၏။

ထို့ကြောင့် ဝမ်စိန်ကြည် အဖော်ရအောင် ရှောင်ဖွေးကိုပါ ထားခဲ့လေသည်။

သူမသည် မသွားမီ မှာစရာရှိသည်ကို မှာကြားနေပေတော့သည်။

"ငါ့တူ...မင်းတို့ချည်းနေကြရမှာဆိုတော့ အိမ်ထဲမှာပဲနေ၊ အပြင်မထွက်နဲ့၊ အိမ်တံခါးကိုပိတ်ထား၊ အထဲမှာ ကစားကြပါ၊ အပြင်ဘက်ကို တောထဲက မြွေဆွေးတွေ လာတတ်တယ်၊ ဒါကြောင့် အပြင်မထွက်ပါနဲ့"



"ဟုတ်ကဲ့၊ ကျွန်တော်တို့ အပြင်မထွက်ဘဲ အိမ်ထဲမှာနေပါ့မယ်"

"ကောင်းပြီ၊ ဒေါ်ဒေါ် ပြန်မလာမချင်း ဘယ်သူပဲလာလာ တံခါးမဖွင့်ပေးနဲ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

အမ်းဆင့်ဆင့်က ရှောင်ဖွေးကိုလည်းမှာကြားပြီး ဈေး ခြင်းတောင်းဆွဲကာ ထွက်သွားလေသည်။

သူမထွက်သွားသောအခါ ဝမ်စိန်ကြည်နှင့် ရှောင်ဖွေးတို့သည် အိမ်ထဲ၌ပင် ကစားကြပေသည်။

ရှောင်ဖွေးသည် ပန်းကန်လုံးကလေးများ ခွက်ကလေးများဖြင့် ကစားနေလေသည်။

ရှောင်ဖွေးက ဝမ်စိန်ကြည်အားကြည့်ကာ...

"တို့ကစားနေတာ ရိုးနေပြီ၊ တစ်မျိုးပြောင်းကစားရအောင်"

ဝမ်စိန်ကြည်က...

"တို့မှာ တခြားကစားစရာမှမရှိတာ၊ ဒါပဲကစားတာ ကောင်းပါတယ်"

ရှောင်ဖွေးက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

"အိမ်ရှေ့မှာပေါက်နေတဲ့ မှိုကလေးတွေသွားနုတ်ပြီး ကစားရင် ကောင်းမယ်နော်"

ဝမ်စိန်ကြည်က ရှောင်ဖွေးကိုကြည့်ကာ...

"မဖြစ်ပါဘူး၊ ဒေါ်ဒေါ် မှာသွားတယ်၊ အပြင်မထွက်ရဘူး၊ အိမ်ထဲမှာပဲနေပါလို့၊ တော်ကြာ မြွေဆွေးတွေနဲ့ တွေ့နေဦးမယ်"

ရောင်ဖွေးက ရယ်မောကာ...

"ကိစ္စမရှိပါဘူး၊ အိမ်ရှေ့လေးတင်ပဲ သွားနှက်လိုက်မယ်"

"မသွားပါနဲ့"

"ငါတို့ ဒီမှာလာနေတာ ကြာပြီ၊ မြွေခွေးဆိုတာ တကယ်မရှိပါဘူး၊ မေမေက တို့တောထဲထွက်ကစားမှာစိုးလို့ သက်သက်ညာပြောတာပါ"

"မသွားပါနဲ့၊ ဒေါ်ဒေါ်ပြန်လာလို့သိသွားရင် မကောင်းဘူး"

"မပူပါနဲ့၊ မေမေ မဆူပါဘူး"

"ဟော့...ဟော့...မသွားနဲ့"

ဝမ်စိန်ကြည် အတင်းတားနေသောကြားကပင် ရောင်ဖွေး ပြေးထွက်သွားလေသည်။

ဝမ်စိန်ကြည်က နောက်မှပြေးလိုက်သွားမည့် ဟန်ပြင်ပြီးမှ ခြေလှမ်းရပ်တန့်လိုက်သည်။

အမ်းဆင့်ဆင့် ပြောထားသောစကားများကို ကြားယောင်၍ ရပ်လိုက်ခြင်းဖြစ်သည်။

အမ်းဆင့်ဆင့် ပြန်လာလျှင် အဆူခံရမည်ကိုတွေးကာ စိုးရွံ့သွားသည်။

ထို့ကြောင့် သူလိုက်မသွားဘဲ ရောင်ဖွေးပြန်အလာကို စောင့်နေလေသည်။

သို့သော် အချိန်အတော်ကြာလာသော်လည်း ရောင်ဖွေးပြန်လာခြင်း မရှိပေ။

ဝမ်စိန်ကြည် စိုးရိမ်လာသည်။



သို့သော် အပြင်မထွက်ရဲသဖြင့် အတွင်းမှအော်ခေါ်လိုက်သည်။

"ရောင်ဖွေးရေ...ပြန်လာတော့ဟေ့"

သူ၏ခေါ်သံကို ရောင်ဖွေးကြားလောက်သည်ဟု ထင်သော်လည်း ပြန်ထူးသံ မကြားရချေ။

ဝမ်စိန်ကြည်သည် အမ်းဆင့်ဆင့်ပြောခဲ့သလို အပြင်ဘက်တွင် မြွေခွေးများ လာရောက်၍ ရောင်ဖွေးကို ကိုက်ချီသွားပြီလောဟု တွေးမိလေသည်။

မဖြစ်နိုင်ချေ။

မြွေခွေးလာလျှင်တော့ အသံကြားရမည်ဖြစ်သည်။

ယခု အော်သံလည်းမကြားရသဖြင့် ထူးဆန်းနေလေသည်။

"ရောင်ဖွေး...ရောင်ဖွေး"

သူထပ်မံခေါ်လိုက်သည်။ ရောင်ဖွေး၏တုံ့ပြန်သံ မကြားရပါချေ။

ဝမ်စိန်ကြည် စိုးရိမ်လာလေသည်။

သူသည် ဆူခံရမည်ကို မစဉ်းစားနိုင်တော့ပါ။

မီးဖိုချောင်သို့ဝင်ပြီး မီးဆွသောသံချောင်းချွန်တစ်ချောင်းကို ယူ၍ အိမ်ပြင်သို့ပြေးထွက်လာခဲ့လေသည်။

အိမ်အပြင်သို့ရောက်သောအခါ ရောင်ဖွေးအား လူကြီးတစ်ယောက်က ချိုင်းတွင်ညှပ်ကာပြေးလွှားထွက်ပြေးနေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်စိန်ကြည် မျက်လုံးပြူးကျယ်သွားလေသည်။

"ဟေ့လူ လွှတ်လိုက်ပါ၊ ရောင်ဖွေးကို လွှတ်လိုက်ပါဗျ"

သူသည် အော်ပြောရင်း နောက်မှ ပြေးလိုက်သွားသည်။

ထိုလူသည် ရောင်မွေးအား ချိုင်းကြားတွင်ညှပ်၍ ပြေးလွှားနေရသဖြင့် လျင်မြန်အောင် မပြေးနိုင်ချေ။

ဝမ်စိန်ကြည်သည် နောက်မှတအားပြေးလိုက်သွားရင်း သံချောင်းကိုမြှောက်ကာ...

"ဟေ့ ရပ်လိုက်...ရပ်လိုက်"

သူသည် အော်ပြောရင်း သံချောင်းချွန်ဖြင့် ထိုလူနောက်ကျောသို့ ထိုးချလိုက်သည်။

သို့သော် ထိုလူမှာ လျင်မြန်စွာပြေးလွှားနေသောကြောင့် မထိချေ။

ဝမ်စိန်ကြည်သည် အံကိုတစ်ချက်ကိုက်လိုက်ပြီး ထပ်မံထိုးလိုက်သည်။

ထိုလူ၏တင်ပါးကို ထိုးမိသွားလေသည်။

ဝမ်စိန်ကြည်သည် သံချောင်းချွန်ကို လှံတိုသဖွယ်အသုံးပြု၍ တိုက်ခိုက်လိုက်သည်။

ထိုလူသည် တင်ပါးကို သံချောင်းဖြင့်အထိုးခံရသဖြင့် ဒေါသခြောင်းခြောင်းထွက်ကာ ရောင်မွေးအား အောက်သို့ပစ်ချပြီး ဓားကိုဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

ဝမ်စိန်ကြည်သည် နောက်သို့တစ်ချက်ခုန်ဆုတ်လိုက်ပြီး လက်ထဲမှသံချောင်းဖြင့် ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။



ဝမ်စိန်ကြည်သည် ထိုလူ၏သိုင်းကွက်ကို ကြားဖူးနားဝရှိထားသည်။

ထိုလူအသုံးပြုလိုက်သော သိုင်းကွက်မှာ "ရှောင်လင်ရဟန်း" သိုင်းကွက်ဖြင့် အသုံးပြုတိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည်သည် အသက်ပင်ငယ်သော်ငြားလည်း အတွေ့အကြုံရှိနေသော သိုင်းသမားတစ်ယောက်ပမာ ခုန်၍ ရှောင်လိုက်ပြီး လက်ထဲမှ သံချောင်းဖြင့် ထိုလူ၏အောက်ခြေကို ထိုးလိုက်သည်။

ထိုလူသည် ဟန်ချက်ပျက်သွားလေသည်။

သိုင်းကွက် ၁၀ ကွက်ကျော်ကျော် တိုက်ခိုက်လိုက်ပြီးဖြစ်သော်လည်း ဝမ်စိန်ကြည်က ပေါ့ပါးစွာ ခုန်ရှောင်နိုင်ခဲ့သဖြင့် ထိုလူသည် ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

"ခွေးကောင်လေး သေပေတော့"

ဟု ကြုံးဝါးရင်း သိုင်းကွက်ပြောင်းကာ ဝမ်စိန်ကြည်၏ ဦးခေါင်းကို ခုတ်ချလိုက်လေသည်။

သူ၏တိုက်ကွက်သည် ဦးခေါင်းကို အဓိကထား တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ တစ်ချက်တည်းနှင့် အပိုင်ခုတ်ချခြင်းမျိုးဖြစ်သည်။

ဝမ်စိန်ကြည်သည် ကမန်းကတန်း ရှောင်တိမ်းလိုက်ရသော်လည်း ထိုသူမှာ သွက်လက်လျင်မြန်သဖြင့် ဆံပင်အနည်းငယ် တိခနဲ ပြတ်သွားလေသည်။

ထိုလူမှာ ဝမ်စိန်ကြည် ဟန်ချက်ပျက်သွားကာ နောက်သို့ဆုတ်မည်ကိုကြည့်၍ တရစပ် ဝင်တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်မှာ အခက်ကြုံနေရလေသည်။

သိုင်းပညာတတ်သော်လည်း ကလေးငယ်ဖြစ်နေသဖြင့် လူကြီးတစ်ယောက်နှင့် ယှဉ်ပြိုင်သောအခါ အသက်လု၍ရှောင်တိမ်းနေရသည်။

ထိုစဉ်...

"ဓားကြည့်ထား"

စူးရှသောအသံနှင့်အတူ တစ်စုံတစ်ယောက်သည် ထိုလူထံသို့ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုလူသည် ဝမ်စိန်ကြည်အား မဲ၍တိုက်ခိုက်နေစဉ် နောက်ကျောမှ မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ထိတ်လန့်တကြား ရှောင်တိမ်းကာ နောက်ဆုတ်လိုက်ရသဖြင့် ဝမ်စိန်ကြည် သက်သာရာရသွားလေသည်။

ထိုလူသည် ရှောင်တိမ်းပေးလိုက်သောအခါ ဝင်ရောက်တိုက်ခိုက်သူမှာ သူခုနကချထားလိုက်သော ရှောင်ဖွေးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖွေးသည် ကစားနေသော နှစ်ဖက်သွားဓားကလေးဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူ၏ဓားမှာ မီးဖိုချောင်သုံး နှစ်ဖက်သွား သားလှီးဓားကြီး တစ်ချောင်းဖြစ်၏။

ရှောင်ဖွေး၏ဓားကွက်မှာ "နတ်သားလမ်းညွှန်" ဖြစ်၏။ ထိုလူ၏ ရင်ဝတည့်တည့်သို့ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

"ဒီကောင်လေး မလွယ်ပါလား"



ဟု တစ်ချက်ညည်းညူလိုက်ပြီး အမြန်ဆုံး ရှောင်တိမ်းလိုက်ရလေ၏။

ရှောင်ဖွေး၏ ပထမတိုက်ကွက်များ လွတ်သွားသဖြင့် သူမကျေမနပ်ဖြစ်ကာ တရစပ် တိုက်ခိုက်လိုက်ပြန်သည်။

ထိုလူသည် ရှောင်ဖွေး၏ တိုက်ကွက်အား တစ်ပတ်လှည့်၍ ခုခံလိုက်၏။

ဝမ်စိန်ကြည်သည် ကြောင်အမ်းအမ်းဖြစ်နေရာမှ သတိဝင်လာပြီး ထိုလူ၏နောက်ကျောသို့ သံချောင်းဖြင့် ထိုးချလိုက်၏။

ထိုလူသည် ခါးကို တိမ်းစောင်းကာ ရှောင်လိုက်၏။

ရှောင်ဖွေး၏ဓားကို သူ၏ဓားဖြင့်ခံပေးလိုက်ပြီး ဝမ်စိန်ကြည် သံတုတ်အား ရှောင်ပေးလိုက်၏။

ဝမ်စိန်ကြည်သည် တစ်ဆက်တည်းမှာပင် ခြေထောက်ဖြင့် ဝိုက်ကာ ထိုလူ၏ဦးခေါင်းကို နောက်ပြန်ကန်ထည့်လိုက်သည်။

"ဝုန်း"

ထိုလူသည် အဝေးသို့ လွင့်စဉ်လဲကျသွားသည်။

နာကျင်စွာ တစ်ချက်ညည်းညူလိုက်ပြီး လူးလိမ့်ထလိုက်သည်။

သူသည် ရှက်လည်းရှက် ဒေါသလည်းထွက်နေသဖြင့် တိုက်ကွက်များအား အစွမ်းကုန်ထုတ်၍ ရှောင်ဖွေးနှင့် ဝမ်စိန်ကြည်တို့အား တိုက်ခိုက်လိုက်၏။

ရှောင်ဖွေးမှာ သိုင်းပညာအဆင့်မြင့်သည်။ ဝမ်စိန်ကြည်မှာ သတ္တိရှိ၏။

ထို့ပြင် ရှေ့နောက် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်သဖြင့် ခံလိုက်

ရသော်လည်း ထိုလူ၏အားမာန် ပြင်းထန်သော တိုက်ကွက်အား မခံနိုင်ချေ။

ထို့ကြောင့် နောက်သို့ ရှောင်တိမ်းလိုက်ရ၏။

ထိုလူသည် ဆက်၍ တရကြမ်းမတိုက်ဘဲ တိုက်ကွက်အား လျှော့ချပြီး ဟန်ပြလောက်သာ ထပ်၍ တိုက်ခိုက်လိုက်၏။

သူအားလျှော့တိုက်ခိုက်ခြင်း ဟန်ပြလိုက်ခြင်းမှာ ရှောင်ဖွေးနှင့် ဝမ်စိန်ကြည်တို့၏ နုနယ်သောအင်အားများ အချိန်ဆွဲ၍ ယုတ်လျော့စေရန်အကြံဖြင့် ဖြစ်လေသည်။

အချိန်ကြာလာသောအခါ ရှောင်ဖွေးနှင့် ဝမ်စိန်ကြည်မှာ မောဟိုက်လာ၏။

ထိုလူကြီးသည် ကောက်ကျစ်စဉ်းလဲစွာ တစ်ချက်ပြုံးရင်း...

"သေပေတော့"

ဟု အော်ငေါက်လိုက်ရင်း သူ၏ဓားဖြင့် ရှောင်ဖွေး၏ ဓားကိုင်ထားသောလက်အား မွှေနှောက်လိုက်၏။

"ခြွင်"

ရှောင်ဖွေးလက်ထဲမှ ဓားလွတ်ကျသွားလေတော့၏။

တစ်ဆက်တည်း သူ၏ဓားသည် ရှောင်ဖွေး၏လည်ချောင်းကို ထိုးဖောက်ရန် ကြိုးစားလိုက်၏။

ဝမ်စိန်ကြည်သည် ကမန်းကတန်း လက်ထဲမှ သံချွန်ဖြင့် ရှောင်ဖွေးရှေ့မှ ဝင်ရောက်ကာ ခံပေးလိုက်၏။

"ခြွင်"

ဓားနှင့်သံချွန် ရိုက်မိသွားလေသည်။



ဝမ်စိန်ကြည် လက်တစ်ခုလုံး ထုံကျဉ်သွား၏။

ထိုလူသည် ဝမ်စိန်ကြည်အား ခြေဖျားဖြင့် ခတ်လိုက်၏။

"အွန့်"

ဝမ်စိန်ကြည်သည် ဝမ်းဗိုက်အား လက်ဖြင့်ဖိနှိပ်၍ နာကျင်သော ဝေဒနာအား ပြင်းထန်စွာ ခံစားလိုက်ရ၏။

မြေပေါ်သို့ ဖင်ထိုင်လျက်သား လဲကျသွားလေ၏။

သို့သော် လက်ထဲမှ သံတုတ်ကို လွတ်မကျစေရန် အားတင်း၍ ကိုင်ထား၏။

ထိုလူကြီးသည် သူ့အား ဂရုမစိုက်တော့ဘဲ ရှောင်ဖွေးကို ဖမ်းချုပ်၍ ထွက်ပြေးရန် ခြေလှမ်း လှမ်းလိုက်၏။

"ရပ်လိုက်"

ဝမ်စိန်ကြည်သည် ဟန့်တားရင်းလက်ထဲမှ သံတုတ်ကိုကိုင်ကာ ထိုလူကြီး၏ဦးခေါင်းကို တည့်မတ်စွာ ရိုက်ချလိုက်၏။

ထိုလူသည် ရှောင်ဖွေးကိုလွှတ်ကာ လက်ဖြင့် ဝမ်စိန်ကြည်၏ သံတုတ်ကိုင်ထားသောလက်၏ တံတောင်ဆစ်အား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

"ဖုတ်..."

"အား..."

ဝမ်စိန်ကြည်သည် တစ်ချက်ညည်းညူကာ သံတုတ်လွတ်ကျသွားသည်။

ထိုလူသည် ရှောင်ဖွေးဘက်သို့ ပြန်လှည့်လိုက်သည်။

ရှောင်မွေးသည် ကြောက်ရွံ့နေ၍ ကြောင်အမ်းအမ်းဖြင့် ရပ်နေသည်။

သူ သတိရသည်နှင့်တစ်ပြိုင်နက်တည်း ပြေးရန်ကြိုးစားလေတော့သည်။

သို့သော် နောက်ကျသွားချေပြီ။

ထိုလူ၏လက်က သူမ၏ဆံပင်ကို ဖမ်းဆွဲထားလိုက်သည်၊

ဝမ်စိန်ကြည်သည် သံတုတ်မရှိတော့ပါ။

ထို့အပြင် လက်မှာလည်း နာကျင်လွန်းလှသဖြင့် ညည်းညူရင်း...

"ဟေ့...ရပ်လိုက်"

ဟု အော်ကာ နောက်မှတအားကြိုး၍ ကန့်ထည့်လိုက်သည်။

ဝမ်စိန်ကြည်၏ခန္ဓာကိုယ်သည် လေထဲ၌ တစ်ပတ်ကျွမ်းပစ်ကာ ခြေနှစ်ချောင်းဖြင့် ထိုလူ၏နောက်ကျောသို့ စုံကန်ပစ်လိုက်သည်။

"ဝုန်း"

ထိုလူသည် ရှောင်မွေးနှင့်အတူ မှောက်လျက်လဲကျသွားသည်။

ထိုလူသည် ဒေါသတကြီးဖြင့်အော်ဟစ်လိုက်သည်။

"မင်းကို ကလေးမို့ မသတ်ချင်တာ၊ ဒါလောက်တောင်ဖြစ်နေတော့"

ပြောပြောဆိုဆိုဖြင့် သူ၏လက်ထဲမှဓားကို ကန့်လန့်ဖြတ်ခုတ်ချလိုက်သည်။

ဝမ်စိန်ကြည် ကိုယ်ခန္ဓာကိုညွတ်၍ ရှောင်တိမ်းလိုက်သည်။



သို့သော် ထိုလူ၏ဓားမှာ လျင်မြန်လွန်းသောကြောင့် ပခုံးအားရှပ်၍ ထိမှန်သွားသည်။

"အား"

ဝမ်စိန်ကြည်သည် မြေပေါ်သို့ လဲကျသွားသည်။

ပခုံးပေါ်၌ သွေးများ ခြင်းခြင်းနီရဲနေသည်။

အလွန်မောဟိုက်နေသော်လည်း စိတ်ကို တင်းကာ မတ်တတ်ရပ်ရန် ကြိုးစားလိုက်သည်။

"ဟား...ဟား မင်းကို မသတ်ချင်လို့ ဒါလောက်ပဲ ပညာပေးလိုက်မယ်၊ သေချင်ရင်တော့ လိုက်ခဲ့ပေါ့လေ"

ထိုလူပြောပြီး ရှောင်မွေးအားဆွဲကာ ပြေးလွှားထွက်သွားသည်။

သူသည် အံကို တင်းတင်းကြိတ်ကာ...

"ရှောင်မွေးကို လွှတ်လိုက်"

"မင်း သေချင်နေပြီလား"

ဝမ်စိန်ကြည်က...

"ခင်ဗျား ရှောင်မွေးကိုလွှတ်လိုက်ပါ"

"မလွှတ်ချင်လို့ပေါ့ကွာ၊ မင်းသေချင်ရင်တော့ လိုက်ခဲ့ပါ"

"ခင်ဗျား မလွှတ်ရင်တော့ ကျုပ် လိုက်ရမှာပဲ"

သူသည် ပြောပြောဆိုဆိုဖြင့် သံတုတ်ကို ကောက်ကာ တိုက်ခိုက်လိုက်သည်။

"အင်း...မင်းကို ငါမသတ်ရင်တော့ မင်း ငါ့နောက် တကောက်ကောက် လိုက်နေဦးမှာပဲ"

သူသည်ပြောရင်း ခြေထောက်ဖြင့် နှစ်ဆင့်ကန်လိုက်သည်။

ဝမ်စိန်ကြည်၏ဝမ်းဗိုက်သို့တစ်ချက်၊ ဦးခေါင်းသို့တစ်ချက် နှစ်ချက် တစ်ပြိုင်နက် အကန်ခံလိုက်ရသည်။

"အား...အင့်"

ဝမ်စိန်ကြည် မရှောင်နိုင်တော့သဖြင့် မြေပေါ်သို့ ထပ်မံလဲကျသွားသည်။

ထိုအခါ ထိုလူသည် ဓားဖြင့်ပိုင်နိုင်စွာ ခုတ်ချလိုက်လေသည်။

ဝမ်စိန်ကြည် မရှောင်နိုင်သောအချိန်တွင် သူသည် မျက်လုံးအစုံကိုမှိတ်၍ ကိုယ်ခန္ဓာကို မြေ၌လှိမ့်၍ထွက်လိုက်သည်။

ရှောင်ဖွေးမှာ ဓားဖြင့် ခုတ်သတ်နေသည်ကို မကြည့်ဝံ့ပါ။

သို့သော် မတတ်နိုင်တော့ချေ။

သူမသည် တအားကြိုး၍ ထိုလူ၏လက်အားကိုက်ချလိုက်သည်။

"အား"

ထိုလူသည် နာကျင်လွန်း၍ လက်ထဲမှဓားကို လွတ်ချလိုက်သည်။

ကံဆိုးသည်မှာ ဝမ်စိန်ကြည်၏နဖူးကို ဓားဖြင့် ကန့်လန့်ဖြတ်ခြစ်မိသွားသည်။

"အား"

ရှောင်ဖွေး၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားခြင်းဖြစ်သည်။

ထိုလူ၏လက်ပြန်ရိုက်ခြင်းကို မခံနိုင်တော့ချေ။



ထိုအခါ ထိုလူသည် ဓားကို ကောက်ကိုင်လိုက်ပြီး ဝမ်စိန်ကြည်အား ခုတ်ချလိုက်သည်။

"ချွမ်"

ဓားသည် သံတုတ်ကိုသာ ခုတ်မိသွားသည်။

ထိုလူသည် အံကို တစ်ချက်ကိုက်ကာ ထပ်မံခုတ်ချရန် ဟန်ပြင်လိုက်သည်။

"ခွပ်"

အသံတစ်ချက်ထွက်ပေါ်လာပြီး ဝမ်စိန်ကြည်အား ခုတ်ချရန်ဟန်ပြင်နေသောလူသည် ရုတ်တရက် ဓားက မိုးပေါ်သို့ထောင်ထားသည့်အတိုင်း ရပ်တန့်သွားသည်။

ထိုလူ၏မျက်နှာပေါ်တွင် ကြက်ဥတစ်လုံးဖြင့် ပစ်ပေါက်ခြင်းကို ခံလိုက်ရသောကြောင့်ပင် ဖြစ်သည်။

မျက်နှာတစ်ခုလုံးမှာ ကြက်ဥနှစ်များဖြင့် ပေကျံကုန်လေသည်။

ထိုအချိန်ကို အခွင့်ကောင်းယူကာ ဝမ်စိန်ကြည်က ထိုလူဘေးသို့ ရှောင်တိမ်းလိုက်သည်။

ကြက်ဥလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ သူအလွန်ဝမ်းသာသွား၏။

"ဒေါ်ဒေါ်အမ်း"

အားရဝမ်းသာစွာ တစ်ချက်အော်လိုက်၏။

ထိုလူသည် ဝမ်စိန်ကြည်၏စကားကို ကြားလိုက်ရသဖြင့် နောက်သို့ မသိမသာ ခြေလှမ်းဆုတ်သွားလေသည်။

ရှောင်ဖွေးအနီးသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်သွားလေသည်။

"ဗိုး"

"ခွပ်...ခွပ်"

တစ်ဆက်တည်း အမ်းဆင့်ဆင့် ကြက်ဥနှစ်လုံး ထပ်မံပစ်လွှင့်လိုက်သည်။

ထိုလူ၏မျက်နှာတစ်ခုလုံးမှာ ကြက်ဥအနှစ်များဖြင့် ကြည့်မကောင်းဘဲဖြစ်နေသည်။

အမ်းဆင့်ဆင့်သည် တောင်ကမူလေးတစ်ခုအနီး၌ ဆွဲခြင်းကိုတင်လျက် လက်ထဲတွင် ကြက်ဥများဖြင့်ပစ်၍ တိုက်ခိုက်လိုက်သည်။

ထိုလူသည် ဓားကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး အမ်းဆင့်ဆင့်ထံသို့ ခုန်အုပ်လိုက်ပြီးလျှင် တိုက်ကွက်ပေါင်း ၃ ကွက်သည်ခေါင်း၊ ဝမ်းဗိုက်၊ ခြေထောက် စသည့် သုံးနေရာခွဲ တိုက်ခိုက်လိုက်သည်။

အမ်းဆင့်ဆင့်သည် ဈေးခြင်းတောင်းအား ရှေ့သို့တိုး၍ ခုခံလိုက်၏။

ထို့နောက် ဆေးခြင်းတောင်းထဲမှ အဝတ်စကိုယူကာ နောက်သို့ ခုန်၍ဆုတ်လိုက်သည်။

အမ်းဆင့်ဆင့်သည် မြေပေါ်သို့ ခြေချလိုက်သည်နှင့် ကိုယ်ခန္ဓာကို မြေပေါ်သို့လှဲချကာ မြေတွင်လိမ့်၍ ရေအိမ် အနီးသို့ လိမ့်ဝင်သွားသည်။

ထိုအချိန်ကို အခွင့်ကောင်းယူကာ လိမ့်သွားသော အမ်းဆင့်ဆင့်အား ဓားဖြင့် မိုးခုတ်လိုက်သည်။



ဝမ်စိန်ကြည်က လေပေါ်သို့တစ်ချက်ခုန်ကာ သံတုတ်ဖြင့် ထိုလူကျောပြင်သို့ ရိုက်ချလိုက်သည်။

"ဝုန်း"

ထိုလူမှာ အောက်သို့ မှောက်လျက် လဲကျသွားသည်။

အောက်မှ အမ်းဆင့်ဆင့်သည် ခြေဖြင့်ထောက်၍ ကန်လိုက်သည်။

"အား"

နောက်ပြန် လွင့်ကျသွားသည်။

"ဘူးလောက်စန်း၊ ငါမရှိတုန်း ဘာကြောင့် ကလေးတွေအနိုင်ကျင့်နေရတာလဲ၊ ဒီအတွက် ရှင့်ကို ဒဏ်ခတ်ရမယ်၊ ကလေးတွေကို နှိပ်စက်တဲ့ရှင်ဟာ ယောကျ်ားတစ်ယောက်မဟုတ်ဘူး၊ ရှင်နောင်တရစေရမယ်"

ပြောပြောဆိုဆို အဝတ်စဖြင့် ထိုလူ၏မျက်နှာကို ရိုက်ချလိုက်သည်။

ထိုလူ၏အမည်မှာ ဘူးလောက်စန်းဖြစ်ကြောင်း ဝမ်စိန်ကြည်သိရှိလိုက်သည်။

သို့သော် အဘယ်ကြောင့် ရှောင်ဖွေးကိုဖမ်းသည်ကိုတော့မသိပါချေ။

ဘူးလောက်စန်းသည် ကလေးနှစ်ယောက်အား သွား၍ တိုက်ခိုက်မိသဖြင့် အချိန်ကြာမြင့်ခဲ့သောကြောင့် အမ်းဆင့်ဆင့်ရောက်လာသဖြင့် သူ၏အကြံကို လျင်မြန်စွာရုတ်သိမ်းပြီး ထွက်ပြေးလမ်းရန်ပြေးလမ်းကို ရှာလိုက်သည်။

"ဒီလိုထွက်ပြေးလို့ ရစတမ်းလား"

အမ်းဆင့်ဆင့်သည် ဘူးလောက်စန်း၏အကြဲကို ရိပ်မိသဖြင့် ခြေထောက်နှစ်ချောင်းကို မြေမှတစ်ဆင့် ဆောင့်ခုန်လိုက်ပြီး လေထဲ၌ ခန္ဓာကိုယ်အား တစ်ပတ်လှည့်ကာ နောက်ကျောသို့ ရိုက်ချလိုက်သည်။

"ဗုန်း"

"အွန့်"

ဘူးလောက်စန်း၏ခန္ဓာကိုယ်မှာ လဲကျသွားခြင်းမရှိသော်လည်း ခန္ဓာကိုယ်တစ်ချက် ယိမ်းယိုင်သွားသည်။

နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာလေ၏။

လက်ထဲမှဓားအား ဝမ်စိန်ကြည်က သံတုတ်ဖြင့် ဝင်ရောက်ရိုက်ချလိုက်သည်။

"ချွမ်း"

လက်ထဲမှဓား လွတ်ကျသွားသဖြင့် ဆက်မနေရဲတော့ဘဲ ကိုယ်လွတ်ရန်းကာ ထွက်ပြေးသွားရင်း ပါးစပ်မှအော်ပြောသွားလေသည်။

"တစ်နေ့တော့ သိကြသေးတာပေါ့"

အမ်းဆင့်ဆင့်သည် ဆက်လိုက်ခြင်းမပြုတော့ဘဲ ရပ်နေလေသည်။

❋ ❋ ❋

ဘူးလောက်စန်းသည် တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။



ဝမ်စိန်ကြည်သည် ကြောင်အမ်းအမ်းဖြင့် ရပ်နေရာမှ ဘူးလောက်စန်း ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ နောက်မှလိုက်သွားရန် ဟန်ပြင်လိုက်၏။

အမ်းဆင့်ဆင့် ဟန့်တားလိုက်သည်။

"နေပါစေတော့၊ မလိုက်ပါနဲ့တော့ကွယ်"

ဝမ်စိန်ကြည်သည် ခြေလှမ်းအား ရပ်တန့်လိုက်သည်။

ရှောင်ဖွေးသည် အတန်ကြာငေးငိုင်နေရာမှ သတိဝင်လာပြီး အမ်းဆင့်ဆင့်၏ရင်ခွင်သို့ တိုးဝှေ့ကာ ဝင်ရောက်ငိုချလိုက်သည်။

အမ်းဆင့်ဆင့်သည် သူမအား ချော့မော့နှစ်သိမ့်လိုက်လေသည်။

အမ်းဆင့်ဆင့်က ရှောင်ဖွေးအား သိုင်းဖက်ကာ ဝမ်စိန်ကြည်၏ လက်ကိုဆွဲ၍ တဲအတွင်းသို့ လျှောက်ဝင်သွားသည်။

အိမ်ထဲသို့ရောက်သောအခါ အမ်းဆင့်ဆင့်သည် ဝမ်စိန်ကြည်၏ ဒဏ်ရာကို ရေနွေးနှင့် ကျပ်ထုပ်ထိုးလိုက်၏။

အတန်ကြာတော့မှ ဒဏ်ရာမှ နာကျင်သော ဝေဒနာ အနည်းငယ် သက်သာလာသည်။

ဝမ်စိန်ကြည်သည်လည်း ကုလားထိုင်၌ မှီထိုင်ရင်း သက်ပြင်းတစ်ချက်ချလိုက်၏။

အမ်းဆင့်ဆင့်က ဝမ်စိန်ကြည်အားကြည့်ကာ အဖြစ်အပျက်များကို မေးလိုက်လေသည်။

ဝမ်စိန်ကြည်သည် ကုလားထိုင်ကို သက်သာရန် ရွှေ့ထိုင်ပြီး အဖြစ်အပျက်များကို အမှန်အတိုင်း အသေးစိတ်ပြောပြလေတော့သည်။

အကြောင်းအရာ အဖြစ်အပျက်များကို ကြားသိရသောအခါ ဝမ်စိန်ကြည်၏ သတ္တိရှိပုံနှင့် မိတ်ဆွေအပေါ် အသက်စွန့်၍ကူညီတတ်မှုက ဝမ်စိန်ကြည်အား စေတနာရောင်ပြန်ဟပ်သော အကြင်နာများကို အမ်းဆင့်ဆင့်ထံမှ ရရှိလိုက်သည်။

အမ်းဆင့်ဆင့်သည် ဝမ်စိန်ကြည်အား တစ်ချက်ငေးကြည့်၍ သက်ပြင်းတိုးတိုးကလေး ချလိုက်၏။

ဝမ်စိန်ကြည်ဘဝ တိုးတက်စေရန် ဤနေရာမှ စွန့်ခွာသွားမှ ဖြစ်မည်ဟု စဉ်းစားမိလေသည်။

ထို့ကြောင့် သူမသည် ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်လေတော့၏။

❋ ❋ ❋

ညဉ့်နက်လာပြီဖြစ်သည်။

အမ်းဆင့်ဆင့် မဆိပ်သေးဘဲ ပစ္စည်းများ.. သိမ်းဆည်းနေလေသည်။

ပေါ့ပါးသွက်လက်သောခြေလှမ်းဖြင့် နောက်မှလူရိပ်တစ်ခုသည် တံခါးဖွင့်၍ ဝင်ရောက်လာလေ၏။

ရုတ်တရက် အမ်းဆင့်ဆင့်သည် ထိတ်လန့်ကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ထိုသူမှာ ကို့ချူစန်းအားခေါ်သွားသော ဆွံ့အသူကြီးဖြစ်သည်ကို တွေ့မှ စိတ်သက်သာရာ ရသွားလေသည်။

ဆွံ့အကြီးသည် သူ၏သန်မာထွားကျိုင်းသော ခန္ဓာကိုယ်အား



ခြေသံမကြားအောင် လှမ်းဝင်လာနိုင်သဖြင့် သူ၏ကိုယ်ဖော့ပညာအဆင့်မသေးကြောင်း ဖော်ပြလိုက်ခြင်းပင်ပေတည်း။

အမ်းဆင့်ဆင့်သည် ဆွံ့အသူကြီး၏နောက်မှ တံခါးဝဘက်သို့ မျှော်ကြည့်ရင်း စကားစလိုက်သည်။

"ရှင်တစ်ယောက်တည်းလား၊ ကို့ချူစန်းကော မပါပါလား"

ဟု မေးလိုက်လေသည်။

ဆွံ့အသူကြီးသည် ဆွံ့အရုံတင်မကဘဲ နားပါလေးထိုင်းနေသူဖြစ်၍ ခြေဟန်လက်ဟန် အမူအရာပါမှ သဘောပေါက်ကာ ခေါင်းခါယမ်းပြလိုက်သည်။

ဆွံ့အကြီးသည် ဧည့်ခန်းအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခြေဟန်လက်ဟန်ဖြင့် ဝမ်စိန်ကြည်အား မေးလေသည်။

အမ်းဆင့်ဆင့်က ဝမ်စိန်ကြည် အိပ်ရာအနီးသို့သွားရောက်ကာ နှိုးလိုက်လေသည်။

"ဝမ်စိန်ကြည် ထ...ထ၊ ဧည့်သည်တွေ ရောက်နေတယ်လေ၊ ဝမ်စိန်ကြည် ထလေ"

ဝမ်စိန်ကြည်သည် အပျင်းတစ်ချက်ဆန့်လိုက်ပြီး မျက်လုံးကို ပွတ်သပ်ကာ အမ်းဆင့်ဆင့်နောက်မှ လိုက်ပါလာလေတော့သည်။

ဝမ်စိန်ကြည်သည် အပြင်ဘက်မှ ခန္ဓာကိုယ်ထွားကျိုင်းသော ဆွံ့အကြီးကို တွေ့လိုက်ရသဖြင့် အလွန်ဝမ်းသာသွားလေသည်။

"ဟင်...ဦးလေး၊ ဦးလေးကို့ မပါဘူးလားဟင်"

သူက ဝမ်းသာအားရ မေးလိုက်ခြင်းဖြစ်သည်။

သူ၏အမေးစကားကို ဆွံ့အကြီးက မဖြေသဖြင့် ဝမ်စိန်ကြည်

သည် အခန်းဟိုဒီဒီ ရှာဖွေကြည့်လိုက်သည်။ ကို့ချူစန်းမပါသည်ကို သိရှိလိုက်ရသည်။

ဆွဲ့အကြီးသည် ဝမ်စိန်ကြည်အား စိုက်ကြည့်နေသည်၊ သူ၏အကြည့်သည် ကျေနပ်နှစ်သိမ့်နေကြောင်း ပေါ်လွင်နေသည်၊

ဝမ်စိန်ကြည်အား အတန်ကြာစိုက်ကြည့်ပြီးမှ အမ်းဆင့်ဆင့်ဘက်သို့လှည့်ကာ ခြေဟန်လက်ဟန်ဖြင့် စကားပြောလိုက်သည်။

အမ်းဆင့်ဆင့်သည် ဆွဲ့အကြီးပြောဆိုနေသော အကြောင်းအရာကို နားလည်သဘောပေါက်ဟန် ရှိလေသည်။

သူမသည် တစ်ခါတစ်ရံ ဆွဲ့အကြီးကို ခြေဟန်လက်ဟန်ဖြင့် စကားပြန်ပြောလေသည်။

ထို့နောက် ဝမ်စိန်ကြည်အား လက်ညှိုးညွှန်၍ စကားဆက်လိုက်လေသည်။

သူတို့ပြောဆိုနေသည်ကို ငေးကြောင်ရုံမှလွဲ၍ ဝမ်စိန်ကြည် မည်သို့မျှ မတတ်နိုင်ပါချေ။

အတန်ကြာတော့မှ အမ်းဆင့်ဆင့်သည် ဝမ်စိန်ကြည်အား စကားပြောလိုက်သည်။

"ငါ့တူ...မင်း ဒေါ်ဒေါ့်နောက်ကို လိုက်ခဲ့ပါ"

ဝမ်စိန်ကြည်အား ဤသို့ပြောပြီး အိမ်ခန်းထဲသို့ ဝင်သွားလေသည်။

ဝမ်စိန်ကြည်သည် နောက်မှလိုက်သွားပြီး အမ်းဆင့်ဆင့်က ဝမ်စိန်ကြည်အား မျက်နှာထားတည်ကြည်စွာဖြင့်...

"ဒေါ်ဒေါ် အရေးကြီးတဲ့စကားမပြောခင်မှာ မင်းဟာ ဒေါ်ဒေါ့်



သားလေးနဲ့တူတယ်၊ ဒေါ်ဒေါ် မင်းကို သဘောကျတယ်ဆိုတာ ပြောပါရစေကွယ်"

ဝမ်စိန်ကြည် ခေါင်းငုံ့ထားလိုက်သည်။

"ကျွန်တော် ဒေါ်ဒေါ်ကို လေးစားချစ်ခင်ပါတယ်"

"ငါ့တူ...မင်း ဒေါ်ဒေါ့်နောက်ကို လိုက်ခဲ့ပါ"

"ငါ့တူ ရှောင်ဖွေးရဲ့အသက်ကိုကယ်တဲ့အတွက် ဒေါ်ဒေါ် ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ဒေါ်ဒေါ်မှာ ဝေးလံတဲ့ခရီးကို သွားစရာပေါ်လာလို့ ဒေါ်ဒေါ် သွားရတော့မယ်"

ဝမ်စိန်ကြည် အံ့သြသွားသည်။

"ဒေါ်ဒေါ်သွားမယ်ဆိုတော့ ရှောင်ဖွေးကို ခေါ်သွားမှာပေါ့နော်"

"အေးပေါ့"

"ဒီလိုဆိုရင် ကျွန်တော်လည်း လိုက်မယ်"

အမ်းဆင့်ဆင့် ခေါင်းခါယမ်းလိုက်သည်။

"မင်းလိုက်လို့မဖြစ်ဘူးကွယ့်"

ဝမ်စိန်ကြည်မှာ သူ့အတွက် အမ်းဆင့်ဆင့်တို့ အနှောင့်အယှက်ဖြစ်မည်ကို မလိုလားပါချေ။

ထို့ကြောင့် အမ်းဆင့်ဆင့်က ခေါ်သွားရန် ငြင်းပယ်လျှင် စောဒက မတက်တော့ပါချေ။

"ကောင်းပါပြီ၊ ဒေါ်ဒေါ်တို့ ပြန်လာတဲ့အထိ ကျွန်တော် စောင့်နေပါ့မယ်"

အမ်းဆင့်ဆင့် ခေါင်းခါယမ်းလိုက်ပြန်သည်။

"မင်းစောင့်နေလို့လည်း မဖြစ်ဘူးကွယ့်"

"ခင်ဗျား"

ဝမ်စိန်ကြည် နားလည်နိုင်အောင် ဖြစ်သွားလေတော့သည်။

အမ်းဆင့်ဆင့်က ဆက်ပြောလေသည်။

"မင်းဒီမှာဆက်နေရင် ဒုက္ခရောက်နိုင်တယ်၊ ဒါကြောင့် သူနဲ့ လိုက်သွားရလိမ့်မယ်"

ဆွဲ့အကြီးနှင့် လိုက်သွားရမည်ဖြစ်ကြောင်း ဝမ်စိန်ကြည် နားလည်လိုက်လေသည်။

"ငါတို့ကို ဒေါ်ဒေါ်ထားစေချင်ပါတယ်၊ ဒါပေမယ့် ဒေါ်ဒေါ် ဆီမှာနေလို့ ငါ့တူကြီးဘဝ တိုးတက်လာမှာမဟုတ်ဘူး၊ ငါ့တူရဲ့ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းတက်နိုင်မှာမဟုတ်ဘူး၊ ငါ့တူဟာ ရှေ့ဘဝခရီးတစ်လျှောက် အခက်အခဲဒုက္ခတွေရင်ဆိုင်ပြီး ကြိုးစား အားထုတ်မှုနဲ့ ရည်ရွယ်ချက်ကို မဖြစ်မနေဆောင်ရွက်ရဦးမယ်၊ ဒါကြောင့် သူနဲ့ထည့်လိုက်တာပါ၊ သူက ငါ့တူရဲ့ဘဝကို မြှင့်တင် ပေးနိုင်တဲ့ လူတစ်ယောက်ဆီကို ခေါ်သွားလိမ့်မယ်"

အမ်းဆင့်ဆင့် ဖျောင်းဖျနှစ်သိမ့်လိုက်လေသည်။

ဝမ်စိန်ကြည်လည်း ကျူအန်းကုတို့ မှာကြားလိုက်သည့်စကား များကို ပြန်လည်ကြားယောင်လာသည်။

"ဝမ်ကိုယ်တော်လေးဟာ တစ်နေ့ သခင်ကြီး ဝမ်ချုံးဖန်လို ဖြစ်လာအောင် ကြိုးစားရမယ်၊ လူအများကြည်ညိုလေးစားတဲ့လူ၊ အမှန်တရားဘက်က အသက်စွန့်ဝံ့တဲ့လူ၊ အများအကျိုးဆောင်ရွက် တဲ့လူ ဖြစ်လာအောင် အရေးအကြီးဆုံးက ကျုးကျော်သူတွေကို မောင်းထုတ်မယ့် မျိုးချစ်သူရဲကောင်းတစ်ယောက်ဖြစ်လာအောင်



ကြိုးစားရမယ်ဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့၊ တိုင်းပြည်နဲ့ အများ အကျိုးကို ပထမဦးစားပေးရမယ်၊ ကိုယ်ရေးကိုယ်တာကို နောက်မှ လုပ်ရမယ်ဆိုတာ မြဲမြဲမှတ်ထားစေချင်တယ်"

ထိုသို့ ပြန်လည်ကြားယောင်လာသည်နှင့် သူ၏စိတ်ဓာတ် တက်တက်ကြွကြွ ဖြစ်လာလေသည်။

သူ၏ဘဝတိုးတက်ရန် ကြိုးစားရမည်ဟု နားလည်လာသည်။

အမ်းဆင့်ဆင့်တို့နှင့် ခွဲခွာရမည်ကို အကြီးအကျယ် စိတ်ထိခိုက် ခြင်း မဖြစ်မိတော့ပါချေ။

အမ်းဆင့်ဆင့်က ဆက်ပြောပြန်လေသည်။

"ဆွဲ့အကြီးက မင်းကို လူထူးဆန်းအဘိုးအိုဆီကို ခေါ်သွား လိမ့်မယ်"

ဝမ်စိန်ကြည် စိတ်ဝင်စားလာသည်။

ထို့ကြောင့် မေးကြည့်လိုက်လေသည်။

"ဒေါ်ဒေါ် လူထူးဆန်းအဘိုးအိုဆိုတာ ဘယ်သူလဲဟင်"

အမ်းဆင့်ဆင့်ပြုံးကာ...

"မင်းဦးလေး ကို့ချူစန်းရဲ့ဆရာပေါ့၊ သူ့တစ်သက်မှာ တပည့် နှစ်ယောက်ပဲ လက်ခံခဲ့တယ်၊ ကို့ချူစန်းတောင်မှ သူ့တပည့်အစစ် မဟုတ်ဘူး၊ တပည့်လို့ မပြောရသေးဘူး"

ဝမ်စိန်ကြည် နားထောင်နေရသည်။ သူ့အတွက် ထူးခြား လာမည့်ရှေ့ရေးကို နားဆင်နေရသည် မဟုတ်ပါလား။

အမ်းဆင့်ဆင့် သက်ပြင်းချကာ...

"အင်း...မင်းကိုထည့်လိုက်ပေမယ့် လူထူးဆန်းအဘိုးအိုက လက်ခံမယ် လက်မခံဘူးဆိုတာ မသိရသေးဘူး"

ဝမ်စိန်ကြည် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဟင်...သူလက်မခံရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော် ဒီကို ပြန်လာရင် ဒေါ်ဒေါ်တို့ရှိနေမှာ မဟုတ်တော့ဘူး"

အမ်းဆင့်ဆင့် ခေါင်းညိတ်ကာ ပြတ်သားသောစကားဆိုလေသည်။

"ဒါကြောင့် သူလက်ခံလာအောင် မင်းကြိုးစားရလိမ့်မယ်၊ မင်းဟာ သိုင်းပညာအခြေခံကောင်းတယ်၊ စိတ်ထားမွန်မြတ်ပြီး ကိုယ်ကျင့်တရားပါ ကောင်းတယ်၊ ဒါကြောင့် သူသဘောကျလက်ခံမယ်လို့ ဒေါ်ဒေါ်ထင်ပါတယ်"

ဝမ်စိန်ကြည်မှာ မမြင်ရသေးသော လူထူးဆန်းအဘိုးအိုအား ရော်ရမ်းမှန်းဆတွေးကြည့်မိသည်။

လူထူးဆန်းအဘိုးအိုသည် နာမည်နှင့်လိုက်အောင် ထူးဆန်းသူဖြစ်မည်ဟုကား ခြွင်းချက်မရှိ ယုံကြည်လေသည်။

သူတွေးတောနေစဉ် အမ်းဆင့်ဆင့်၏စကားသံထွက်ပေါ်လာပြန်သည်။

"ဆွံ့အကြီးဟာ လူထူးဆန်းအဘိုးအိုရဲ့ အခိုင်းတစ်ယောက်ပဲ၊ သူက မင်းကို တပည့်အဖြစ်လက်ခံလာအောင် ဝိုင်းကူပြောပေးလိမ့်မယ်၊ မင်း စိတ်ချလက်ချသာ လိုက်သွား၊ အေး...တကယ်လို့များ မင်းကို လက်မခံဘူးဆိုရင် ဒေါ်ဒေါ့်ဆီကို သူပဲပြန်ပို့ပေးလိမ့်မယ်"



သူမ အကွက်ကျကျ စီစဉ်ထားပုံကို ဝမ်စိန်ကြည်ကျိတ်၍ သဘောကျမိလေသည်။

ထို့ကြောင့်လည်း ဆွံ့အကြီးနှင့်လိုက်သွားရန် သဘောတူလိုက်လေသည်။

"ကောင်းပါပြီဒေါ်ဒေါ်၊ ကျွန်တော် လိုက်သွားပါတော့မယ်၊ ဒေါ်ဒေါ့်ရဲ့စေတနာကိုလည်း လေးစားပါတယ်"

အမ်းဆင့်ဆင့်က လက်ကာပြလိုက်သည်။

"အင်း...မင်းကိုတစ်ခုတော့ မှာလိုက်ချင်သေးတယ်"

"အမိန့်ရှိပါ ဒေါ်ဒေါ်"

"လူထူးဆန်းအဘိုးအိုဟာ တကယ့်ကို နာမည်နဲ့လိုက်အောင် စိတ်နေသဘောထားထူးဆန်းတယ်ကွယ့်၊ သူ့စကားနားမထောင်ရင် သဘောကျမှာမဟုတ်ဘူး၊ နားထောင်ပြန်ရင်လည်း မင်းက သူ့အကြိုက်လိုက်တယ်၊ ဒါမှမဟုတ် ရိုးအတယ်၊ သူများပြောတိုင်း ယုံတယ်၊ နာခံတယ်၊ သတ္တိမရှိဘူးလို့ ပြောဦးမယ်၊ ဒီတော့ စကားပြောတာ ဆိုတာကအစ အထူးပဲသတိထားရလိမ့်မယ်"

ဝမ်စိန်ကြည် ရင်လေးမိပါသည်။

လူထူးဆန်းအဘိုးအို လက်ခံလာအောင် သူ မည်သို့ပြုရမည်နည်း။

အမ်းဆင့်ဆင့်ကဆက်၍ပြောပြပြန်လေသည်။

"အမှန်တော့ ဆွံ့အကြီးက ဝိုင်းကူပြောရုံပဲ ပြောနိုင်မှာ၊ တကယ်တမ်း လက်ခံဖို့တော့ အာမခံနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းရဲ့ ဖြတ်ထိုးဉာဏ်နဲ့ ကံတရားအပေါ်မှာ မူတည်တယ်၊ မင်း

ကြိုးစားပါ၊ မျက်စိနဲ့နားကို အစွမ်းကုန်ဖွင့်ထားပါ၊ လုံ့လဝီရိယ အကျိုးဟာ တစ်ချိန်မှာ မင်းကို အောင်မြင်လာစေမယ်၊ ရည်ရွယ်ချက် ပန်းတိုင်ကို ရောက်ရစေပါမှာပေါ့ကွယ်"

နားလည်သဘောပေါက်မိသဖြင့် ဝမ်စိန်ကြည် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်မိလေသည်။

အမ်းဆင့်ဆင့်၏ဆုံးမစကားများကို နားထောင်ရင်း ကျေးဇူး တင်မဆုံးအောင် ဖြစ်နေရလေတော့သည်။

အမ်းဆင့်ဆင့်က သူမ၏လက်တွင် စွပ်ထားသော ရွှေမျှင် လက်ကောက်ကို ချွတ်လိုက်သည်။

လက်ဝါးတွင်ထည့်ကာ လက်နှစ်ဖက် အသာကျုံ့လိုက်လျှင် လက်ကောက်ကွင်း ခပ်သေးသေးကလေး ဖြစ်သွား၏။

ထိုအခါမှ ဝမ်စိန်ကြည်၏လက်တစ်ဖက်ကိုဆွဲယူပြီး စွပ်ပေး ကာ အမှာစကား ပြောလေသည်။

"မင်း သိုင်းပညာတတ်မြောက်ပြီး လူကြီးဖြစ်လာတဲ့အချိန်မှာ တို့သားအမိနှစ်ယောက်ကို မမေ့ပါနဲ့ကွယ်"

သူမ၏မျက်နှာ ပြုံးနေသည်။

သို့သော် မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ရစ်ဝိုင်းနေ သည်။

ဝမ်စိန်ကြည်၏ရင်ထဲ ဆို့ဆို့နင့်နင့်ကြီး ဖြစ်လာ၏။ ငိုသံပါကြီးဖြင့်...

"စိတ်ချပါဒေါ်ဒေါ်၊ ကျွန်တော် ဘယ်တော့မှ မေ့နိုင်မယ် မဟုတ်ပါဘူး၊ ဒေါ်ဒေါ်အားရင်လည်း ညီမလေး ရှောင်ဖွေးကိုခေါ်ပြီး ကျွန်တော့်ဆီ လာလည်ကြပါဦးနော်"



အမ်းဆင့်ဆင့် ခေါင်းညိတ်သည်။

"အေး...အေး၊ အားရင် မင်းဆီလာလည်မှာပေါ့၊ တို့မင်းကို အမြဲသတိရနေမယ် သိလား၊ ဒေါ်ဒေါ် စာတစ်စောင်ရေးပေးလိုက် တယ်၊ ဆွံ့အကြီးဆီမှာ၊ ကဲ...အချိန်လည်း တော်တော်ကုန်သွားပြီ၊ သူစောင့်နေရတာ အားနာဖို့ကောင်းလှပါပြီ၊ မင်းအတွက် အဝတ်ချုပ် ဖို့ ပိတ်စဝယ်လာတယ်၊ တစ်ခါတည်းသာ ယူသွားပေတော့"

ပြောပြီး ဝမ်စိန်ကြည်အတွက် အထုပ်အပိုး ပြင်ဆင်ပေးလေ သည်။

တကယ်တမ်း ခွဲကြရတော့မည်ဖြစ်ရာ ဝမ်စိန်ကြည် စိတ် မကောင်းနိုင်တော့ချေ။

အမ်းဆင့်ဆင့်တို့နှင့် နေခဲ့သည်မှာ ကြာမြင့်လှသည်မဟုတ် သော်လည်း သားသမီးနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့သဖြင့် သံယောဇဉ် တွယ်တာနေမိခြင်းဖြစ်ပါသည်။

အထုပ်အပိုးများ ပြင်ဆင်ပြီးသောအခါ အိမ်ရှေ့သို့ထွက်လာ ခဲ့ကြသည်။

အမ်းဆင့်ဆင့်က ဝမ်စိန်ကြည်အား လက်ဆွဲကာ ဆွံ့အကြီး လက်ထဲသို့ အပ်လိုက်လေသည်။

"ကဲ...ကျွန်မတော့ သူ့ကို ရှင့်လက်ထဲအပ်လိုက်ပြီ၊ အခု အချိန်ကစပြီး သူ့အတွက် ရှင်ပဲ အစစအရာရာ တာဝန်ယူရတော့ မယ်"

ဆွံ့အကြီးက နားလည်သဘောပေါက်သည့်အလား ခေါင်းညိတ်ပြလေသည်။

ချက်ချင်းပင် ဝမ်စိန်ကြည်အတွက် ပြင်ဆင်ပေးထားသော အထုပ်ကလေးကို ဆွဲယူလိုက်သည်။

ကျန်လက်တစ်ဖက်က ဝမ်စိန်ကြည်အား အရုပ်ကလေးတစ်ရုပ်သဖွယ် ဆွေ့ခနဲဆွဲယူကာ ချိုင်းကြားတွင်ညှပ်ပြီး အမ်းဆင့်ဆင့်အား အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

ထို့နောက် ခပ်သွက်သွက်ပင် ထွက်သွားသည်။

ညအမှောင်ထုအောက်တွင် အိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ကျန်ရစ်ခဲ့လေသည်။

အမ်းဆင့်ဆင့်သည် အိမ်ပေါက်ဝမှနေ၍ သူတို့ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေသည်။

ဝမ်စိန်ကြည်မှာ သံယောဇဉ် တွယ်တာမိသူများကို မကြာခဏခွဲခွာပြီး ထွက်ခဲ့ရသူ ဖြစ်လေသည်။

သို့ဖြစ်၍လည်း ဝမ်းနည်းကြေကွဲလာသည်။

မျက်ဝန်းအစုံမှ မျက်ရည်များ၊ တလိမ့်လိမ့် စီးဆင်းကျလာပြီး ဆွံ့အကြီး၏ ခြေနှင့်လက်ပေါ်သို့ ပေါက်ခနဲပေါက်ခနဲ ကျသွားသည်။

ဆွံ့အကြီးမှာ ဝမ်စိန်ကြည်၏ခံစားချက်ကို နားလည်သဘောပေါက်မိဟန်တူ၏။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲတစ်ချက်တုန်ခါသွားသည်။



အမှောင်ထဲသို့တိုးဝင်ကာ ပို၍လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

* * *

## ဘဝလမ်းအစ

ဆွံ့အကြီးသည် ဝမ်စိန်ကြည်အား ချိုင်းကြားတွင်ညှပ်ကာ ခြေကုန်သုတ်ပြေးလွှားသွားလေသည်။

သူသည် တောလမ်းများကိုသာ ရွေးချယ်အသုံးပြု၍ ခရီးသွားနေခြင်းဖြစ်သည်။

တောတောင်များကို ဖြတ်ကျော်ရင်း မြို့ရွာများအနီးသို့ ရောက်သွားလျှင်ပင် မဝင်ဘဲကွေ့ရှောင်ကာသွားသည်။

စားစရာသောက်စရာအတွက်မူ ဝမ်စိန်ကြည်အား လုံခြုံသည့်နေရာတွင် ခေတ္တဝှက်ထားပြီးမှ တစ်ယောက်တည်း သွားရှာလေ့ရှိသည်။

ထိုအချိန်မျိုး၌ ဝမ်စိန်ကြည်အား အသံမထွက်ရန်နှင့် ပုန်းကွယ်ရာမှမထွက်ရန် အမူအရာဖြင့် အတန်တန်မှာကြားသွားတတ်သည်။

ညဘက်ရောက်လျှင် ချုံဖုတ်များ၌လည်းကောင်း၊ သစ်တောများအတွင်း၌လည်းကောင်း အိပ်စက်ခဲ့ရသည်။



ဤခရီးမှာ ဝမ်စိန်ကြည်အတွက် အလွန်ပင်ပန်းပြီး ကြမ်းတမ်းသော ခရီးဖြစ်သည်။

ခရီးသွားနေစဉ် တစ်ချိန်လုံး ဆွံ့အကြီးက သူ့အား ချိုင်းကြားညှပ်ကာ ခေါ်သွားသဖြင့် ခြေလက်များ တောင့်တင်းညောင်းညာလာလျှင်ပင် အညောင်းဖြေခွင့် မရချေ။

သူကလည်း တစ်လုံးတစ်ပါဒမျှ မညည်းညူဘဲ လိုက်လာခဲ့သည်။

ခရီးကြမ်းကို ဆက်ရက်နီးပါး နှင်လာပြီးသောအခါ အလွန်ခေါင်သော တောင်တန်းဒေသတစ်ခုသို့ ရောက်လာကြလေသည်။

တောအုပ်များသည် နေပြောက်မဝင်နိုင်အောင် ထူထပ်သည်။

တောင်များသည်လည်း မျှော်ကြည့်၍မဆုံးနိုင်အောင် မြင့်မားသည်။

လမ်းတစ်လျှောက် ဆူးပင်ချုံပင်များ ကျောက်တုံးကမူများသာ ဖုံးလွှမ်းနေသည်။

ရှေ့တွင် လူနေအိမ်ခြေ ရှိမည်မဟုတ်ပါ။

ဆွံ့အကြီးသည် သူ့အား မည်သည့်နေရာသို့ခေါ်ဆောင်လာခဲ့ပါသနည်း။

ကြာသော် ဝမ်စိန်ကြည် မနေနိုင်တော့ချေ။

“ဘယ်သွားမလဲ”

ဟု အဓိပ္ပာယ်ရအောင် ခြေဟန်လက်ဟန်ဖြင့် မေးကြည့်လိုက်သည်။

ထိုအခါ ဆွဲ့အကြီးက အရှေ့ဘက်သို့သာ လက်ညှိုးညွှန်ပြ၏၊

အရှေ့ဘက်တွင် အလွန်မြင့်မားမတ်စောက်သော တောင်တန်းများသာရှိ၏။

တောင်ကြောတစ်လျှောက် သစ်ပင်များ ဖုံးလွှမ်းနေသည်။

မတ်စောက်လှသဖြင့် တောင်ပေါ်တက်ရန် မလွယ်ပါချေ။

တောင်ပေါ်တက်ရန် လမ်းညွှန်ဟူ၍လည်း မည်မည်ရရမရှိပါ၊

သို့သော် ဆွဲ့အကြီးသည် ဝမ်စိန်ကြည်အား ကျောပိုးပြီး ခြေလက်များအသုံးပြုရင်း တောင်ပေါ်သို့ တက်သွား၏။

မတ်စောက်သော တောင်နံရံကို ကုတ်ကပ်တက်နေသည့်သားတစ်ချီထားသော မြေခွေးတစ်ကောင်နှင့် တူနေပေတော့၏။

တောင်အမြင့်ပိုင်းသို့ ရောက်သောအခါ ဆွဲ့အကြီး၏လှုပ်ရှားမှုမှာ မြေခွေးတစ်ကောင်အသွင် မဟုတ်တော့ဘဲ မျောက်ဝံကြီးတစ်ကောင်နယ် ပို၍တူလာတော့၏။

ဝမ်စိန်ကြည်မှာ ဆွဲ့အကြီး၏ခါးကို ဒူးနှစ်ဖက်ဖြင့်ညှပ်သည်၊ လက်နှစ်ဖက်က ဆွဲ့အကြီး၏ပခုံးကို အတင်းဆုပ်ကိုင်ထား၏။

အောက်ဘက်သို့ ငုံ့မကြည့်ရဲပါ။

အသည်းတအေးအေးဖြင့် လိုက်နေရ၏။

မတော်တဆ ခြေချော်လက်ချော် ပြုတ်များကျခဲ့ပါလျှင် တောင်အောက်ရောက်သည့်အခါ အရိုးအသားပင် ရှာရနိုင်တော့မည် မဟုတ်ပါ။

တောင်၏ တစ်ဖက်တစ်ချက်တွင် အလွန်နက်ရှိုင်းသော



ချောက်ကမ်းပါးကြီးများက သေမင်းနှုတ်ခမ်းဝသဖွယ် တည်ရှိနေပါသည်။

မြူနှိုးများ ပိတ်ဆီးနေသဖြင့် အောက်ခြေသို့ မမြင်ရပါ။

ဝမ်စိန်ကြည်လည်း ကြောက်အားပိုးကာ ဆွဲ့အကြီးအား တိုးဖက်ထားမိတော့၏။

မျက်လုံးမှိတ်ကာ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားလိုက်၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဆွဲ့အကြီး၏ တစ်ကိုယ်လုံး ချွေးများစိုရွှဲလာသည်။

တောင်အမြင့်ပိုင်းသို့ ရောက်လေလေ အောက်ဘက်သို့ ပြန်ကြည့်ရဲလေလေပင်။

တောင်တစ်ခုလုံး ထင်းရှူးတောများ ပိတ်ဖုံးနေသည်။

အလွန်မတ်စောက်သည်ဖြစ်သော်လည်း ဆွဲ့အကြီးမှာ သွားနေကျ လာနေကျဖြစ်ပုံရသည်။

စိတ်ချလက်ချ တွယ်ကပ်တက်သွားရာ နောက်ဆုံး တောင်ပေါ်သို့ ရောက်ရှိသွားလေသည်။

တောင်ပေါ်သို့ရောက်လျှင် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးများ လေးငါးလုံးခန့်ရှိနေသည်ကို ဘွားခနဲ တွေ့မြင်လိုက်ရတော့သည်။

❋ ❋ ❋

ကျောက်တုံးအိမ်ကလေးများ။

ကျောက်တုံးအိမ်ကလေးများကိုတွေ့ရလျှင် ဆွံ့အကြီး၏ မျက်နှာ ပြုံးရွှင်သွားသည်။

နှစ်ပေါင်းများစွာ ခွဲခွာလာခဲ့ရသော ကိုယ့်ရပ်ရွာ ကိုယ့်ဇာတိ ပြန်ရောက်လာသလို ရွှင်ရွှင်မြူးမြူး ဖြစ်သွားသည်။

ဝမ်စိန်ကြည်အား မြေပေါ်ချပြီး သက်သာသလိုနေရန် ခြေဟန် လက်ဟန်ပြ၏။

သူကိုယ်တိုင်မူ အနားယူခြင်းမရှိဘဲ ကျောက်တုံးအိမ်ကလေး တစ်လုံး၏ တံခါးဖွင့်ကာ တံမြက်စည်းတစ်ချောင်းယူ၍ သန့်ရှင်းရေး လုပ်နေလေတော့သည်။

ဆွံ့အကြီး ရှင်းလိုက်မှ ကျောက်တုံးအိမ်ကလေးများသည် ယခင်လို ရှုပ်ပွမနေဘဲ သန့်သန့်ရှင်းရှင်းဖြစ်သွား၏။

ကျောက်တုံးအိမ်ကလေးများအနက် မည်သည့်နေရာတွင် မည်သည့်ပစ္စည်းရှိသည်ကို ဆွံ့အကြီး အတပ်သိနေသည်။

ကိုယ့်အိမ်ကိုယ်ယာကဲ့သို့ သန့်ရှင်းရေးလုပ်ပြီးလျှင် သူတို့ အတွက် အိပ်ရာများ ပြင်ဆင်တော့သည်။

တစ်ဖန် ရိက္ခာများရှာဖွေကာ စားသောက်ရန် ချက်ပြုတ်တော့ သည်။

ထိုအခါ ...

ဝမ်စိန်ကြည်မှာ ဝိုင်းကူလုပ်ပေးလိုသော်လည်း မည်သို့လုပ်ပေး ရမှန်း မသိပါ။



ဆွံ့အကြီးသည် သူ့အား လိုလေသေးမရှိ ပြုစုစောင့်ရှောက် ထားသည်။

စားချိန်တန်စား၊ အိပ်ချိန်တန်အိပ်၊ အလုပ်လည်းမရှိ၊ ပျင်းစရာ ကြီး ဖြစ်နေ၏။

ဤသို့ဖြင့် တောင်ပေါ်သို့ရောက်ပြီး သုံးလေးရက်မျှ အဝိပ္ပာယ် ကင်းမဲ့စွာ အချိန်ကုန်ဆုံးသွားလေတော့သည်။

❋ ❋ ❋

တစ်ရက် ... နှစ်ရက် ... သုံးရက်။

သုံးရက်တိုင်တိုင် အချိန်ကုန်သွားသော်လည်း ဆွံ့အကြီးမှာ ဤနေရာတွင် ခရီးတစ်ထောက်နားပြီး ရှေ့ဆက်မည့်ပုံ မတွေ့ရချေ။

ဆွံ့အကြီး အေးအေးဆေးဆေး နေလေလေ ဝမ်စိန်ကြည် မရိုးမရွ ဖြစ်လာလေလေပင်။

မတတ်သာသည့်အဆုံး ခြေဟန်လက်ဟန်ဖြင့် မေးမြန်းကြည့် သည်။

ဤနေရာတွင် ဘယ်လောက်ကြာအောင် နေမည်နည်း၊ ဘယ် တော့ ရှေ့ခရီးဆက်မည်နည်းဟူသော မေးခွန်းမျိုး မေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ဆွံ့အကြီးက သူ၏အမေးကို မသိနားမလည်ချင် ဟန်ဆောင်ကာ အဖြေမပေးဘဲနေသည်။

ထို့ကြောင့် ဝမ်စိန်ကြည် စိတ်ပျက်လာရလေတော့သည်။

တောင်အောက်သို့ မဆင်းဝံ့သလို တောင်ပေါ်ရောက်နေပြီ ဖြစ်၍ ရှေ့ဆက်သွားရန်လည်း လမ်းမရှိတော့ချေ။

ပျင်းရိငြီးငွေ့ခြင်းကို အတတ်နိုင်ဆုံး မျိုသိပ်ထားပြီး ဆွံ့အကြီးနှင့် အဖော်ပြုကာနေခဲ့ရသည်။

သုံးရက်အတွင်း ဆွံ့အကြီး၏လုပ်ရပ်ကို ကောင်းစွာ အကဲခတ်နိုင်ခဲ့လေသည်။

ဆွံ့အကြီးသည် ကျောက်တုံးအိမ် လေးလုံးရှိသည့်အနက် သုံးလုံးကို သူထင်သလို ဝင်ထွက်သွားလာသည်။

တစ်လုံးကိုမူ သန့်ရှင်းရေးပြုလုပ်ပြီးသည်နှင့် တံခါးပြန်ပိတ်ထားလိုက်သည်။

နောက်ထပ် အဝင်အထွက် မလုပ်တော့ချေ။

ထိုကျောက်တုံးအိမ်ရှေ့သို့ရောက်လျှင် သူ၏မျက်နှာတွင် ရိုသေလေးစားသည့် အမူအရာများ ပေါ်လွင်လာသည်။

ဤကျောက်တုံးအိမ်ကလေးတွင် နေထိုင်သူမှာ ဆွံ့အကြီး အလွန်လေးစားသူ ဖြစ်ရပေမည်။

ဆွံ့အကြီးလိုလူစားမျိုးသည် သူ၏ဆရာကိုသာ လေးစားမည့် သူမျိုး ဖြစ်သည်။

ကျောက်တုံးအိမ်ကလေးတွင် နေထိုင်သူမှာ ဆွံ့အကြီး၏ ဆရာသာ ဖြစ်ရပေမည်။

ကျောက်တုံးအိမ်တွင် လူမရှိသဖြင့် ဆွံ့အကြီး၏ဆရာ ခရီးထွက်နေသည်နှင့် တူသည်။



အဘယ်ကြောင့် ရှေ့ခရီးမဆက်တော့သည်ကို ဝမ်းစိန်ကြည် ကောင်းစွာ နားလည်မိပြီဖြစ်သည်။

သုံးရက်အတွင်း တောင်ထိပ်ပေါ်တွင် လှည့်ပတ်ကြည့်ရှုလေသည်။

ဆွံ့အကြီးကို တတ်စွမ်းသမျှ ကူညီလုပ်ကိုင်ပေးသည်။

အလုပ်အားလျှင် သိုင်းပညာ ပြန်လေ့ကျင့်သည်။

ဤသို့ဖြင့် ပျင်းရိငြီးငွေ့သောအချိန်များကို ကုန်ဆုံးစေခဲ့လေတော့သည်။

သုံးရက်မြောက်သော ညတွင်...

❋ ❋ ❋

ဝမ်းစိန်ကြည်သည် ဆွံ့အကြီး သူ့အတွက် စီစဉ်ပေးထားသော အိပ်ရာတွင် နှစ်ခြိုက်စွာ အိပ်မောကျနေပါသည်။

ကလေးငယ်ဖြစ်သည့်အတိုင်း အပူအပင်များ မေ့လျော့ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်းဖြစ်သည်။

သို့သော် သူအိပ်နေသည်ကို တစ်စုံတစ်ယောက်က စူးစိုက်ကြည့်နေသည်ဟု မသိစိတ်က ခံစားလာရသည်။

ထိုအခါ အိပ်ပျော်ရာမှ ဆတ်ခနဲလန့်နိုးလာလေတော့သည်။

မှိန်ဝါးဝါးမီးရောင်အောက်၌ သူ၏ခုတင်နံဘေးတွင် လူနှစ်ယောက်ရပ်နေကြသည်ကို တွေ့ရလျှင် အထိတ်တလန့် အော်မိမလို ဖြစ်သွား၏။

လူနှစ်ယောက်အနက် တစ်ယောက်မှာ ဆွဲ့အကြီးဖြစ်ကြောင်း တွေ့ရှိသော အသံထွက်မအော်မိခဲ့ခြင်းပင်။

ကျန်တစ်ယောက်မှာကား သူတစ်ခါမျှမတွေ့မြင်ဖူးသော အဘိုး အိုတစ်ယောက်ဖြစ်လေ၏။

မှုန်ဝါးဝါး မီးရောင်သည် ဆွဲ့အကြီး၏လက်ထဲတွင် ကိုင်ထားသော ဖယောင်းတိုင်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆွဲ့အကြီးက ဖယောင်းတိုင်အား ဝမ်စိန်ကြည်၏မျက်နှာ အနီးသို့ ကပ်၍ပြလေသည်။

အဘိုးအိုသည် မီးရောင်ဖြင့် ဝမ်စိန်ကြည်၏မျက်နှာကို သေသေ ချာချာအကဲခတ်ကြည့်ပြီး ပြုံးနေသည်။

ဝမ်စိန်ကြည်မှာ မျက်လုံးဖွင့်ကြည့်မိပြီဖြစ်ရာ အဘိုးအို၏ ရုပ်ရည် သန့်ပြန့်ပြီး မြင်သူတိုင်း လေးစားကြည်ညိုလာစိတ် ပေါ် ပေါက်လာနိုင်စေသည့် ရုပ်ရည်ပိုင်ရှင်မျိုးဖြစ်ကြောင်း ဒက်ခနဲ တွေးမိသည်။

ထိုကဲ့သို့ ဥပမိရုပ်ပိုင်ရှင်များသည် မည်သည့်ကိစ္စတွင်မဆို ပြတ်သားစွာ ဆောင်ရွက်တတ်သူများ ဖြစ်သည်။

မတရားမလုပ်သလို မဟုတ်မခံစိတ်ရှိသည်။

ဆုံးဖြတ်ချက်တစ်ခုချပြီးလျှင် ပြန်ပြင်မည့်လူစားမျိုး မဟုတ် ကြချေ။

ဝမ်စိန်ကြည်လည်း ကြည့်ရင်းအလိုလို လေးစားကြည်ညိုစိတ် များ တဖွားဖွားပေါ်ပေါက်လာတော့သည်။



ချက်ချင်းပင် ခုတင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

ခုတင်အောက်ဆင်းပြီး အဘိုးအိုရှေ့တွင် ဒူးထောက်ကာ ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။

ထိုအခါ ပြုံးရွှင်နေသော အဘိုးအို၏မျက်နှာ ခပ်တည်တည် ဖြစ်သွားသည်။

ဝမ်စိန်ကြည်ကို မျက်မှောင်ကြုတ်၍ကြည့်သည်။

တစ်ဖန် လက်ဝှေ့ယမ်းပြလိုက်ရင်း...

"ဟေ့...ဟေ့၊ မင်းကို ဘယ်သူက ရှိခိုးခိုင်းလို့လဲ၊ ရပ်စမ်း" ဟု အော်ငေါက်လိုက်သည်။

ဝမ်စိန်ကြည်က သူ၏စကားကိုအလေးမထားဘဲ ထပ်မံ ရှိခိုး ဦးချကာ...

"ဆရာ...ဆရာ့ကို ကန်တော့ပါတယ်၊ ဂါရဝပြုပါတယ်" ဟု စိတ်ပါလက်ပါ ပြောလိုက်သည်။

အဘိုးအို ခေါင်းခါယမ်းရင်း...

"နေစမ်းပါဦး...မင်းက ဘာကြောင့် ငါ့ကိုဆရာလို့ခေါ်တာ လဲ၊ မင်းကို ဘယ်သူက ဆရာခေါ်ခိုင်းလို့လဲ၊ မင်းဟာ ငါ့တပည့် မဟုတ်ဘူး၊ ငါက တပည့်အဖြစ်လက်ခံမယ်လို့လည်း မပြောသေး ပါလား"

ပြောရင်း ရယ်မောလိုက်လေသည်။

သူ၏လေသံနှင့် ရယ်မောပုံမှာ တခြားစီဖြစ်နေသည်။

လေသံက မာသည်။

မျက်နှာက ပျော့ပျောင်းပြီး ရယ်မောနေသည်။

အကင်းပါးသော ဝမ်စိန်ကြည်မှာ သူ့အား တပည့်အဖြစ် လက်ခံလိမ့်မည်ဟု ရိပ်စားမိလာသည်။

အလွန်ဝမ်းသာသွားပြီးလျှင်…

"ဆရာ…ဆရာ့ရဲ့အမူအရာကိုကြည့်ပြီး ကျွန်တော် ရိပ်မိပါတယ်၊ ပြီးတော့ ဒေါ်ဒေါ်အမ်းက ဆရာ့ကိုတွေ့တာနဲ့ ဆရာလို့ ခေါ်ရမယ်လို့ မှာလိုက်ပါတယ်"

အဘိုးအို သက်ပြင်းချလိုက်လေသည်။

"အင်း…မင်းဒေါ်ဒေါ်အမ်းက ငါ့ကိုတယ်ပြီးဒုက္ခပေးချင်တာကိုး၊ ကဲ…ထားလိုက်ပါတော့၊ မင်းဟာ ဉာဏ်လည်းကောင်းတယ်၊ ငါ့တပည့်တွေထဲမှာ မင်းလို အသက်ငယ်ပြီး ဉာဏ်ကောင်းတဲ့လူမရှိသေးဘူး၊ ပြီးတော့ မင်းအဖေရဲ့မျက်နှာကိုထောက်ထားပြီး လက်ခံလိုက်မယ်၊ မင်းအဖေရဲ့နာမည်ဟာ ငါ့ရဲ့သဘောထားကို ပျော့ပျောင်းသွားစေခဲ့တယ်ဆိုတာတော့ မင်း မမေ့ပါနဲ့"

တကယ်တမ်း လက်ခံမည်ဟုပြောလာသဖြင့် ဝမ်စိန်ကြည် ထခုန်မိမတတ် ဝမ်းသာအားရဖြစ်သွားလေတော့သည်။

အခက်အခဲနှင့် ရင်ဆိုင်ရမည်ဟုထင်နေရာမှ လွယ်လွယ်ကူကူ လက်ခံလိုက်သဖြင့် စိတ်သက်သာရာ ရရှိသွားလေ၏။

နဖူးကို ကြမ်းပြင်နှင့်ထိအောင် ထပ်မံဦးညွှတ်ကန်တော့လိုက်ပြန်သည်။

အဘိုးအိုက သူ၏ပခုံးကို အသာအယာ ပုတ်ရင်း…



"တော်လောက်ပြီ၊ မင်းပြန်အိပ်တော့၊ မနက်ကျမှတွေ့ကြသေးတာပေါ့"

ပြောပြီး ဆွံ့အကြီးနှင့်အတူ ထွက်သွားလေတော့၏။

ဝမ်စိန်ကြည်အဖို့ ထိုညအတွက် မည်သို့မျှ အိပ်မပျော်နိုင်ပါတော့ချေ။

ကို့ချူစန်း၏ သိုင်းပညာ ထက်မြက်လှပေရာ ဆရာဖြစ်သူမှာ ဂုဏ်တော်ပေလိမ့်မည်။

သူ့အား တပည့်အဖြစ်လက်ခံကာ သိုင်းပညာသင်ကြားပေးလျှင် သူလည်း တစ်နေ့ ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်လာပေလိမ့်မည်။

ဝမ်စိန်ကြည် ဟိုတွေးဒီတွေးဖြင့် အိပ်ရာထက်ဝယ် လူးလွန့်နေရာ အရှေ့ဘက်ဆီတွင် ရောင်နီများပင် သန်းလာတော့သည်။

မကြာမီ မိုးလင်းပေတော့မည်။

ဝမ်စိန်ကြည်သည် ခုတင်ပေါ်မှ ငေါက်ခနဲထထိုင်လိုက်လေတော့သည်။

❋ ❋ ❋

အရှေ့ဆီတွင် ရောင်နီများ ပျို့အန်ထွက်ပေါ်လာ၏။

တောင်ပေါ်ဒေသဖြစ်၍ စောစီးစွာမိုးလင်းပြီး နောက်ကျမှ မိုးချုပ်တတ်သည်။

စောစောစီးစီး အိပ်ရာမှထလာခဲ့သော ဝမ်စိန်ကြည်မှာ ကျောက်

တုံးအိမ်ကလေး အပြင်ဘက်ရောက်လျှင် ရေနွေးအိုးတည်နေသည့် ဆွဲ့အကြီးအား တွေ့မြင်သွားလေ၏။

ဆွဲ့အကြီးထံသို့ ခပ်သွက်သွက်ကလေး လျှောက်သွားလိုက်သည်။

တောင်ပေါ်တွင် ချမ်းအေးလှပြီဖြစ်သော်လည်း ဝမ်စိန်ကြည် အမှုမထားချေ။

အချို့လူများဆိုလျှင် ချမ်းချမ်းစီးစီး နံနက်စောစော အပြင်မထွက်ဘဲ အိပ်ရာထက်တွင် ကွေးနေကြမည်သာဖြစ်ပေသည်။

ဝမ်စိန်ကြည်အားတွေ့ရလျှင် ဆွဲ့အကြီး ဝမ်းသာသွားပုံရလေသည်။

လူငယ်ကလေးဖြစ်သော်လည်း လုံ့လဝီရိယရှိသည်ကို သဘောကျ ကျေနပ်သွားခြင်းကြောင့် ဖြစ်၏။

"အား...အား"

တအားအားဖြင့် ဝူးဝူးဝါးဝါးအော်ရင်း ဝမ်စိန်ကြည်အား ဆွဲယူပွေ့ဖက်ကာ လေထဲ၌ ပစ်မြှောက်လိုက် ပြန်ဖမ်းလိုက်နှင့် ချီးကျူးနေတော့၏။

ခင်မင်ရင်းနှီးသည့်အမူအရာ ပြသနေပေတော့သည်။

ဝမ်စိန်ကြည်အား တပည့်အဖြစ်လက်ခံလိုက်ပြီဖြစ်ရာ ကိုယ့်လူ အချင်းချင်းဖြစ်သွားပြီ မဟုတ်ပါလား။

ဝမ်စိန်ကြည်လည်း ဆွဲ့အကြီး၏ကျေးဇူးကို မမေ့နိုင်ပါတော့ချေ။



ဆွဲ့အကြီးကြောင့် သူနှင့် ကိုချူစန်းတို့ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်။

ဆွဲ့အကြီး၏ ဝမ်းသာမှုက သူ့ထံသို့ကူးစက်လာ၏။

ဝမ်စိန်ကြည်လည်း စိတ်လက်ပေါ့ပါးစွာဖြင့် ရယ်မောနေလေတော့၏။

ဆွဲ့အကြီး၏အသံမှာ တအားအားထွက်ပေါ်လာပြီး ဝမ်းစိန်ကြည်၏အသံများမှာမူ ကလေးငယ်တစ်ယောက်ဖြစ်၍ တခစ်ခစ် ထွက်ပေါ်လာသည်။

နံနက်စောစောတောင်ပေါ်တွင် ကြည်နူးဝမ်းသာသည့် ရယ်မောသံတို့ဖြင့် မင်္ဂလာပြည့်ဝနေပေတော့၏။

သူတို့ပျော်ရွှင်ကြည်နူး ရယ်မောနေကြသည်ကို သီးသန့်ကျောက်တုံးအိမ်အတွင်းမှ အဘိုးအိုက အကဲခတ်ကြည့်နေပါသည်။

ဝမ်စိန်ကြည်၏ ဝီရိယကောင်းပုံကို သဘောကျသွားပြီဖြစ်သည်။

"ဒီကလေး မဆိုးဘူး"

ဟု ကြိတ်၍ချီးကျူးပြီး အိမ်အပြင်သို့ ထွက်လာခဲ့၏။

သူထွက်လာသည်ကိုတွေ့လျှင် ဝမ်စိန်ကြည်နှင့်ဆွဲ့အကြီးတို့ ကိုယ်ရှိန်သတ်ကာ ဦးညွှတ်အရိုအသေပြုလိုက်ကြသည်။

အဘိုးအိုသည် သူတို့အနီးသို့ရောက်လျှင် ဝမ်စိန်ကြည်အား လက်ယပ်ခေါ်လိုက်ပြီးလျှင်...

"မင်းနာမည် ဝမ်စိန်ကြည် မဟုတ်လား"

ဟု မေးလိုက်လေ၏။

ဝမ်စိန်ကြည်လည်း ဟုတ်မှန်ကြောင်း ခေါင်းညိတ်ကာ ခပ်သွက်သွက် ပြန်ဖြေ၏။

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး...မင်းဟာ မင်းအဖေ ဝမ်လျူဖန်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမယ်ဆိုတာ ဘယ်တော့မှ မမေ့လေနဲ့၊ ယောကျာ်းကောင်း ယောကျာ်းမြတ်စိတ်ထားကို အမြဲနှလုံးသွင်းထားရမယ်၊ ကိုယ့်ထက် သိုင်းပညာနိမ့်တဲ့လူကို ဘယ်တော့မှ နိုင့်ထက်စီးနင်း မပြုကျင့်ရဘူး၊ မနှိပ်စက်ရဘူး"

ဆရာပြောတဲ့အတိုင်း လိုက်နာပါ့မယ်လို့ ကတိပြုပါတယ် ဆရာ"

ဟု ပြောလိုက်၏။

အဘိုးအို မျက်နှာပြုံးပြုံးဖြင့်...

"ကဲ...ကဲ မင်းတတ်ထားတဲ့ပညာ ဘယ်လောက်ရှိသလဲ ဆိုတာ လေ့ကျင့်ကစားပြစမ်း"

ဟု အမိန့်ပေးလိုက်သည်။

ဝမ်စိန်ကြည် ကြောင်အမ်းအမ်းဖြစ်သွားရပါသည်။

သူ၏ပညာမှာ မတောက်တခေါက် သိုင်းပညာဖြစ်သည်ဟု ယူဆထား၏။

အဘိုးအိုက အဘယ်ကြောင့် ကြည့်လိုသည်ကို သူစဉ်းစား မရချေ။



ဝမ်စိန်ကြည် ငေးငိုင်နေစဉ် အဘိုးအို၏အသံထွက်ပေါ်လာသည်။

"ဟေ့...ငါပြောနေတာ ကြားတယ်မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့၊ ကြားပါတယ်ဆရာ"

"ကြားရင်လုပ်လေ ဘာငိုင်နေတာလဲ၊ မင်းတတ်ထားတဲ့ ပညာကိုပြမှ ရှေ့ဆက်ဘယ်လိုလုပ်ရမယ်ဆိုတာ ငါသိရမှာပေါ့၊ ပြီးတော့ မင်းမှာ အခြေခံဘယ်လောက်ရှိတယ်ဆိုတာ ငါသိဖို့ လိုအပ်တယ် မဟုတ်လား"

ယခုမှ ဝမ်စိန်ကြည် သဘောပေါက်သွားပြီး တတ်မြောက်ထားသော သိုင်းကွက်များကို ချက်ချင်းပင် ကစားပြလိုက်သည်။

အထူးသဖြင့် ကိုချူစန်းသင်ကြားပေးသော သိုင်းကွက်များကို အဓိကထား၍ ကစားပြလိုက်ခြင်းဖြစ်လေသည်။

အဘိုးအိုသည် သူ့အား မျက်တောင်မခတ်စိုက်ကြည့်နေသည်။

ဝမ်စိန်ကြည်၏ လေ့ကျင့်မှုပြီးဆုံးသွားသည့်အခါ သဘောကျသွားဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"မဆိုးဘူး...ကိုချူစန်းက ဉာဏ်ကောင်းတယ်လို့ပြောတာ ငါမယုံခဲ့ဘူး၊ အခုလက်တွေ့မြင်ရမှပဲ ယုံတော့တယ်၊ ရက်နည်းနည်းနဲ့ ဒီလောက်ရတာ မဆိုးလှပါဘူး"

ဝမ်စိန်ကြည် အံ့သြသွားသည်။

ကိုချူစန်းနှင့် အဘိုးအိုတို့တွေ့ခဲ့ပြီးပြီဖြစ်ကြောင်း သူနားလည်၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

ကိုချူစန်းနှင့် သူသည် ကောင်းသော လမ်းခွဲခြင်းမျိုးဖြင့် ခွဲခဲ့ရခြင်း မဟုတ်ချေ။

သူ၏အမူအရာကိုကြည့်ပြီး ရင်တွင်းမှ ခံစားချက်များကို နားလည်သည့်အလား အဘိုးအိုက...

"ဘာလဲ မင်းက ကိုချူစန်းအကြောင်း သိချင်နေတယ် မဟုတ်လား"

ဟု ပြုံးစစဖြင့် မေးလိုက်ရာ ဝမ်စိန်ကြည်လည်း ခေါင်းညိတ်မိတော့၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဦးလေးကိုချူစန်း ဘယ်ရောက်နေပြီဆိုတာလည်း ပြောပြပါခင်ဗျာ"

"သူဟာ မျိုးချစ်တပ်ထဲ ပြန်သွားပြီကွယ့်"

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

ကိုချူစန်း မျိုးချစ်အဖွဲ့အစည်းကို ပြန်သွားပြီဆိုလျှင် သူ၏ဒဏ်ရာများအတွက် စိုးရိမ်ပူပန်စရာ မလိုအပ်တော့ချေ။

ကိုချူစန်း၏ဒဏ်ရာနှင့်အဆိပ်ကို တစ်စုံတစ်ယောက်က ပျောက်ကင်းအောင် ကုသပေးလိုက်ပြီဖြစ်ကြောင်း ရှင်းနေပေတော့၏။

ထိုစဉ်မှာပင် ခပ်စောစောကထွက်သွားသော ဆွံ့အကြီးသည် အထုပ်အပိုးများပွေ့ပိုက်၍ သူတို့အနီးသို့ ပြန်လည်ရောက်ရှိလာသည်။



ဝမ်စိန်ကြည်မှာတော့ ဆွံ့အကြီး မည်သည့်အချိန်က ထွက်သွားသည်ကိုပင် သတိမပြုမိခဲ့ပါချေ။

ဆွံ့အကြီးသည် အထုပ်အပိုးများကိုချပြီး ဖယောင်းတိုင်များ အမွှေးတိုင်များ ပြင်ဆင်လိုက်၏။

အဘိုးအိုကမူ ဆွံ့အကြီးယူလာသည့်အထုပ်ထဲမှ ပန်းချီကားတစ်ချပ်ကို ထုတ်ယူလိုက်သည်။

ဝမ်စိန်ကြည်က ပန်းချီကားကို လှမ်းကြည့်မိသည်။

ထိုပန်းချီကားမှာ အဘိုးအိုတစ်ယောက်၏ ရုပ်သွင်ကို သက်ရှိလူနှင့်မခြားအောင် လက်ရာမြောက်စွာ ရေးဆွဲထားသည့်ပုံတူ ပန်းချီကားတစ်ချပ် ဖြစ်ပေသည်။

ပန်းချီကားထဲမှ အဘိုးအို၏ပုံသည် အလွန်ခံ့ညားပြီး တောက်ပြောင်ကာ အချွန်အတက်များပါသည့် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ရာထူးရာခံရှိသူတစ်ယောက်က သူ၏အဆင့်အတန်းနှင့် လိုက်ညီသည့်ဝတ်စုံအား ဝတ်ဆင်ထားခြင်း ဖြစ်နိုင်ကြောင်း ဝမ်စိန်ကြည် တွေးမိလေသည်။

ပန်းချီကား၏ထောင့်ကိုရွှေချထားပြီး အနီရောင်ဆေးသားဖြင့် စာများရေးသားထားသည်ကို တွေ့မြင်ရသည်။

ယင်းစာသားများကို ဖတ်ကြည့်လိုက်သည့်အခါ...

"ဝါဆန်းဂိုဏ်းအား စတင်တည်ထောင်ခဲ့သည့် ဂိုဏ်းချုပ်ကြီး၏ ပုံတူပန်းချီကား"

ဟု ရေးသားထားသည်ကို တွေ့ရသည်။

အစ်ကိုကြူ(ဝါ) ကြူအန်းကုတို့ထံမှသိခဲ့ရသော သိုင်းလောက၏ ဖြစ်ရပ်များအရ ဝါဆန်းဂိုဏ်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

ထို့ကြောင့် ဝါဆန်းဂိုဏ်းအား စတင်တည်ထောင်ခဲ့သည့် ပုံတူပန်းချီကားထဲမှ အဘိုးအိုမှာ သက်ရှိထင်ရှားရှိမနေဘဲ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်းလည်း ကျိုးကြောင်းဆက်စပ်တွေးတောမိသည်။

ထိုစဉ် အဘိုးအိုက...

"မင်း ဒီပုံကို ဦးသုံးကြိမ်ချပါ၊ ဒါဟာ တို့ဝါဆန်းဂိုဏ်းကို စတင်တည်ထောင်ခဲ့တဲ့ ဂိုဏ်းချုပ်ကြီးပဲ"

ထိုအခါမှ အဘိုးအိုသည် ဝါဆန်းဂိုဏ်းကို စတင်တည်ထောင်ခဲ့တဲ့ ဂိုဏ်းချုပ်ကြီးပဲ"

ထိုအခါမှ အဘိုးအိုသည် ဝါဆန်းလူတစ်ယောက်ဖြစ်ကြောင်း သိလာရတော့သည်။

ဝမ်စိန်ကြည်က အဘိုးအိုအမိန့်ပေးသည့်အတိုင်း ပန်းချီကားရှေ့တွင် ဒူးထောက်ကာ ဦးသုံးကြိမ်ချ၍ ဂါရဝပြုလိုက်သည်။

အဘိုးအိုသည် သူ၏ရှေ့တည့်တည့်တွင် ရပ်လာသည်။

ပြီးလျှင် လက်တစ်ဖက်ကို ဝမ်စိန်ကြည်၏ ဦးခေါင်းပေါ်သို့ တင်ကာ...

"မင်းဟာ ငါ့ရဲ့တရားဝင် တပည့်တစ်ယောက်ဖြစ်သွားပြီ၊ မင်းဟာ ဒီကနေ့ကစပြီး ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းဝင်ငယ်သားတစ်ယောက် ဖြစ်ပြီ"



ဝမ်စိန်ကြည်က သူ့အားထပ်မံကန်တော့လိုက်ပြန်သည်။

အဘိုးအိုက...

"အရင်က ငါ့မှာ တပည့်နှစ်ယောက်ရှိခဲ့တယ်၊ နောက်ပိုင်းမှာတော့ ငါသဘောကျတဲ့လူမတွေ့လို့ တပည့်ထပ်မမွေးခဲ့ဘူး၊ (၁၀) နှစ်ကျော်လာခဲ့ပြီ၊ အခု မင်းကို ငါလက်ခံလိုက်ပြီ၊ မင်းဟာ ငါရဲ့ တတိယမြောက် တပည့်ဆိုရင်လည်း မမှားဘူး၊ နောက်ဆုံး တပည့်ဆိုရင်လည်း မမှားဘူး၊ ငါသင်ပေးသမျှ ကောင်းကောင်းလေ့ကျင့်ပါ၊ ငါ့အရှက်မခွဲပါနဲ့၊ ငါ့တပည့်အသုံးမကျဘူးလို့ သူများပြောတာ ငါမခံနိုင်ဘူး"

ဝမ်စိန်ကြည်၏ရင်ထဲတွင် ကြိုးစားအားထုတ်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာ၏။

ခေါင်းညိတ်ရင်း ဝန်ခံကတိပြုလိုက်၏။

"စိတ်ချပါဆရာ...ကျွန်တော် ကြိုးစားလေ့ကျင့်ပါမယ်"

"အေး...မင်း ကြိုးစားလိမ့်မယ်လို့လည်း ငါယုံကြည်တယ်၊ ကဲ...ငါ့နာမည်လည်း မှတ်ထားဦး"

နာမည်ကိုသိရတော့မည်ဖြစ်ရာ ဝမ်စိန်ကြည် လွန်စွာစိတ်ဝင်စားသွားသည်။

သူ၏ဆရာသည် မည်သို့သော လူစားဖြစ်ကြောင်း သိလိုလာသည်။

ကြုံအန်းကုတို့နှင့်နေထိုင်စဉ် သိုင်းလောကအကြောင်းများ၊ ထင်ရှားသော သိုင်းသမားများ၏ ကိုယ်ရေးရာဇဝင်များကို ဖတ်ရှု လေ့လာခဲ့ရသည်။

သူ့ဆရာ၏အမည်သည် သူဖတ်ရှုလေ့လာထားသည့်အထဲတွင် ပါဝင်ပတ်သက်နေသည်ဟု ထင်မိ၏။

အဘိုးအိုက...

"ငါ့ကို သိုင်းလောကသားတွေက လက်ရှစ်ချောင်းနတ်မျောက်လို့ခေါ်ကြတယ်၊ ဒီနာမည်ကို ငါမကြိုက်ပါဘူး၊ ငါ့နာမည်ဟာ မူလိန်ချိန်းပဲ၊ အေး...သူများက မင်းဆရာနာမည် ဘယ်သူလဲမေးရင် မသိဘူးလို့တော့ မပြောနဲ့ ကြားလား...ဟား...ဟား"

အဘိုးအိုသည် မျက်နှာတည်တည်ဖြင့် စကားပြောသည်။

တစ်ခါတစ်ရံ မျက်နှာပျော့ပျောင်းသွားသည်။

တစ်ခါတစ်ရံ လေသံမာသည်။

ခက်ထန်သည်။

တစ်ခါတစ်ရံ ကလေးဆန်ကာ ရယ်မောအူမြူးနေသည်။

နာမည်နှင့်လိုက်အောင် ထူးဆန်းပေသည်ဟု ဝမ်စိန်ကြည် ထင်နေမိပေတော့၏။

ယခုလည်း သူ့အား ရယ်ရယ်မောမော နောက်နောက်ပြောင်ပြောင် ဆက်ဆံနေ၏။

မည်သို့ဆိုစေ မူလိန်ချိန်း(ဝါ) လက်ရှစ်ဖက် နတ်မျောက်ဟူသောအမည်ကို သူကောင်းစွာ မှတ်သားသိရှိခဲ့လေ၏။



မူလိန်ချိန်းသည် သိုင်းအား အလွန်နက်ရှိုင်းသူဖြစ်၏။

နှစ်ပေါင်း (၂၀) လုံးလုံး ပြိုင်ဘက်မရှိ ပြိုင်ဘက်ကင်းမဲ့ခဲ့၏။

သိုင်းလောကတွင် နာမည်ပျက်မရှိသူအဖြစ် ထင်ရှား၏။

မည်သူနှင့်မျှ ငြင်းခုံခြင်း၊ သိုင်းပြိုင်ခြင်း၊ သူတစ်ပါးကိစ္စ ဝင်စွက်ခြင်းမျိုး မလုပ်ချေ။

အိမ်ထောင်မရှိ တစ်ယောက်တည်းသမားဖြစ်၏။

ဝမ်စိန်ကြည်သိသရွေ့ ဤမျှလောက်သာဖြစ်ပေသည်။

မူလိန်ချိန်းမှာ ဝမ်စိန်ကြည်အား တပည့်အဖြစ် အလွယ်တကူ လက်ခံခြင်းသည် ခိုင်လုံသောအကြောင်းများစွာရှိနေသည်။

ဝမ်စိန်ကြည်သည် ဉာဏ်ကောင်းသည်၊ လုံ့လဝီရိယရှိ၏။

လူကြီးသူမကို ရိုသေလေးစားပြီး တရားမျှသည့်စိတ်ရှိသည်။

ကိုယ်ကျင့်တရား ကောင်းမွန်သည်။

ကိုချူစန်း၊ အမ်းဆင့်ဆင့်၊ ဆွံ့အကြီးတို့က ဝိုင်းဝန်းထောက်ခံကြသည်။

ဝမ်စိန်ကြည်၏ ဖခင် ဝမ်ကျူးဖန်၏ မျက်နှာကလည်း တစ်ကြောင်း ပါဝင်၏။

အရေးအကြီးဆုံးအချက်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် ဒုက္ခသုက္ခမျိုးစုံကြုံတွေ့ခဲ့ရပြီး ကြေကွဲဖွယ်ရာဘဝမျိုးဖြစ်နေရာ သနားမိခြင်းဖြစ်ပေတော့၏။

သူ၏တပည့် သတ်မှတ်ပြီးသောအခါ ဟန်လုပ်မနေဘဲ ပြောစရာရှိတာပြောပြီး ရယ်စရာရှိတာ ရယ်နေခြင်းဖြစ်လေသည်။

ဝမ်စိန်ကြည်၏စိတ်ထဲမှာတော့ အဘိုးအို(ဝါ) မူလိန်ချိန်း၏ အမူအကျင့်များကို စွဲစွဲမြဲမြဲမှတ်ထားပြီး အမှားမလုပ်မိအောင် ဆင်ခြင်နေမိလေတော့သည်။

မူလိန်ချိန်းက ဆက်ပြော၏။

"မင်းထက်အရင် ငါပညာသင်ခဲ့တဲ့ တပည့်နှစ်ယောက်ကို အစ်ကိုကြီးနဲ့ အစ်ကိုလေးလို့ သဘောထားရမယ်၊ သူတို့ဟာ မင်းထက်အသက်နှစ်ဆယ် သုံးဆယ်လောက် ပိုကြီးလိမ့်မယ်၊ အင်း သူတို့သာတပည့်ရှိနေပြီဆိုရင် သူတို့ရဲ့တပည့်ဟာ မင်းထက်တောင် အသက်ကြီးမှာ သေချာသေးတယ်၊ ဟား...ဟား...ဟား"

ပြောရင်း သဘောကျစွာ ရယ်နေပြန်ပါသေးသည်။

ယခုတစ်ကြိမ် ဝမ်စိန်ကြည်လည်း ဟန်မဆောင်နိုင်တော့ဘဲ လိုက်၍ရယ်မောမိလေသည်။

အကြောင်းမှာ သူနှင့်ပညာသင်ဖက် ညီအစ်ကိုများ၏တပည့်များသည် သူ့ထက်ပင်အသက်ကြီးနေကြောင်း သိရှိရ၍မဟုတ်လား။

ထိုလူများသည် သူ့ဦးလေးအရွယ်ရှိကြပေမည်။

သို့သော် သူ့ကိုတွေ့လျှင် သိုင်းပညာဝါစဉ်အရ ဦးလေးဟု ခေါ်ရမည်ဖြစ်ပေ၏။

ဤအချက်မှာ လွန်စွာရယ်စရာကောင်းနေရာ ဝမ်စိန်ကြည် လိုက်၍ ရယ်မိ၏။

ထိုစဉ် မူလိန်ချိန်း ရယ်မောနေရာမှ ရုတ်တရက် ရပ်သွားသည်။



"ငါက မင်းကို သိုင်းပညာသင်ပေးတာ သူတို့အပြစ်တင်ချင် တင်ကြဦးမှာ၊ မင်းမကြိုးစားရင်၊ သူတို့တပည့်တွေလောက်တောင် မင်းက မတော်ရင် ငါတော့ တံတွေးခွက်ထဲမျောနေမှာပဲ"

ဤစကားသည် ပြစ်တင်စကားဖြစ်သည်။

ရယ်စရာမဟုတ်သည့်အတွက် ဝမ်စိန်ကြည်လည်း ချက်ချင်း ကိုယ်ရှိန်သတ်ကာ ရယ်မောခြင်းရပ်လိုက်၏။

မျက်နှာပြန်တည်လိုက်၏။

ပြီးမှ လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုပြီး ပြောလိုက်လေသည်။

"ကျွန်တော် အစွမ်းကုန်ကြိုးစားမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

"အေး...ကောင်းတယ်၊ ငါက တပည့်တွေကို ကြိုးစားပြီး သင်စေချင်တာ ငါ့ဆန္ဒပဲ၊ ဒါမှ လူတစ်လုံးသူတစ်လုံးဖြစ်မယ် မဟုတ်လား၊ ကိုချူစန်းတောင် ငါ့တပည့်မဟုတ်ပေမယ့် ပညာရသွားသေးတာပဲ၊ မင်းက ငါ့တပည့်ဆိုတော့ ပိုကြိုးစားထိုက်တာပေါ့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော် ပိုပြီးကြိုးစားပါ့မယ်၊ ဦးလေးကိုတောင် ဆရာရဲ့တပည့်လို့တောင် ထင်မိခဲ့ပါသေးတယ်"

"မဟုတ်သေးဘူးကွယ့်၊ သူဟာ မျိုးချစ်အဖွဲ့ထဲမှာ တာဝန်ယူ လှုပ်ရှားနေတယ်ဆိုတော့ အချိန်များများ မရှိရှာပါဘူးကွယ်၊ ကျုပ် သိုင်းပညာသင်ပေးနေတာကို ဘေးကကြည့်ပြီး တတ်သွားတာပါ၊

ဒါကြောင့် တပည့်လို့ပြောမရတာပေါ့၊ ကိုချူစန်းနဲ့ ဆွဲ့အကြီးတို့ အတူတူပဲ၊ သူတို့ရဲ့ပညာဟာငါ့တပည့်နှစ်ယောက်ရဲ့ပညာနဲ့သာဆိုရင် မိုးနဲ့မြေကြီးလောက်ကွာပါတယ်"

ထိုစကားကြားလျှင် ဝမ်စိန်ကြည် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

စိတ်ဓာတ်လည်း တက်ကြွလာသည်။

ကိုချူစန်း၏သိုင်းပညာသည် ကြူအန်းကုထက်သာ၏။

သိုင်းလောကတွင် လက်မထောင်နိုင်သည့်အဆင့်တွင်ရှိ၏၊

ဆွဲ့အကြီး၏ သိုင်းပညာ မခေပါ။

နောက်ယောင်ခံလိုက်လာသည့် သူလျှိုနှစ်ယောက်အား လျှပ်တစ်ပြက် ဖမ်းဆီးချုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့် ထိပ်တန်းပညာ ရှိရမည်မှာ သေချာနေသည်။

သူတို့နှစ်ယောက် လူလိန်ချိန်း၏တပည့်နှစ်ယောက်က အဆပေါင်းများစွာ ပို၍သာသည်ဆိုလျှင် တပည့်ခံရကျိုးနပ်သည်ဟု ဆိုရပေတော့မည်။

ဝမ်စိန်ကြည်သည် လိုလိုလားလားဖြင့် အပြင်းအထန်ကြိုးစားသင်ယူရန် သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

အဘိုးအို မူလိန်ချိန်းက ပြောပြန်သည်။

"ဝါဆန်းဂိုဏ်းဟာ စည်းကမ်းကြီးတယ်၊ ဂိုဏ်းသား တစ်ယောက်ဟာ မိန်းမကိစ္စ၊ အပျော်အပါးကိစ္စ၊ အာမခံလုပ်ငန်း"

ပြောရင်း စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ပစ်လိုက်သည်၊



သူ၏စကားများကို အရွယ်မရောက်သေးသည့် ဝမ်စိန်ကြည် ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်မည်မဟုတ်ဟု တွေးမိခြင်းကြောင့်ဖြစ်သည်။

အမှန်ဆိုလျှင် သူတစ်ပါး သားပျိုသမီးပျိုမဖျက်ဆီးရ၊ အမျိုးသမီးများနှင့် ပတ်သက်လာလျှင် ခပ်ကင်းကင်းနေရမည်၊ သိုင်းလောကတွင် အမျိုးသမီးကိစ္စများကြောင့် များသောအားဖြင့် ဒုက္ခတွေ့ကြရသည်ကို ဥပမာပေးကာ ပြောပြဖို့ဖြစ်ပေသည်။

ထို့အတူ တတ်မြောက်ထားသည့် သိုင်းပညာဖြင့် အများအကျိုးကိုသာ ဆောင်ရွက်ရမည်။

အခကြေးငွေလက်ခံသော အာမခံလုပ်ငန်း မလုပ်ရဟု တင်းတင်းကျပ်ကျပ် တားမြစ်ထားခြင်းဖြစ်သည်။

အများအတွက်ဖြစ်ရာ တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်ပေးရန် မဟုတ်ဟူသော သဘောဖြစ်ပေသည်။

သို့သော် ဝမ်စိန်ကြည် နားလည်နိုင်မည်မထင်၍ အတန်ကြာစဉ်းစားပြီးမှ...

"အင်း...ငါပြောလို့လည်း မင်း နားလည်မှာမဟုတ်ဘူး၊ ဒါကြောင့် စကားနှစ်ခွန်းပဲ မှာမယ်၊ အဲဒီစကားနှစ်ခွန်းက နံပါတ်တစ် ဆရာ့စကားကို မြေဝယ်မကျနားထောင်ရမယ်၊ နံပါတ်နှစ် မကောင်းတာ မလုပ်ရဘူး၊ ကဲ...မင်းနားလည်ပြီလား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"နားလည်ပါပြီဆရာ"

"အေး…ကိုချူစန်းဟာအချိန်မရလို့ ငါ့ရဲ့သိုင်းကွက်တချို့ ရသွားပေမယ့် ထပ်ခါတလဲလဲ မလေ့ကျင့်နိုင်ခဲ့ဘူး၊ သိုင်းပညာ ဆိုတာ များများကြိုးစား များများလေ့ကျင့်နိုင်မှ တိုးတက်တာ၊ လေ့ကျင့်ရင်း သိုင်းကွက်တွေရဲ့ပြောင်းလဲပုံ၊ သိုင်းကွက်သဘောတရား ကို သိလာလိမ့်မယ်၊ မင်းရဲ့စဉ်းစားဆင်ခြင်ဉာဏ်ထက်ရင် ထက်သလို တတ်ထားတဲ့သိုင်းကွက်တွေကို အခြေခံပြီး ဆင့်ပွားသိုင်းကွက်တွေ သိုင်းပညာတွေ တီထွင်လာနိုင်လိမ့်မယ်"

"ဟုတ်ကဲ့ဆရာ"

"ကိုချူစန်းက ထိပ်တန်းသိုင်းပညာတစ်မျိုးရသွားပေမယ့် လေ့ကျင့်ချိန်မရလို့ ဘယ်တော့မှ ထိပ်တန်းအဆင့်ကိုရောက်မှာမဟုတ် ဘူး"

ဝမ်စိန်ကြည်သည် ကိုချူစန်းထံမှ သိုင်းပညာသင်ယူရရှိခဲ့သူ ဖြစ်သည်။

ထိုပညာဖြင့် ရန်သူများကို ခုခံနိုင်ခဲ့သော်လည်း ဘူးလောက် စန်းကိုမူ ယှဉ်၍မရမှန်းသိ၏။

ထို့ကြောင့် သံသယစိတ်များ ဖြစ်ပေါ်လာ၏။

ကြူအန်းကုတို့လူစုနှင့် နေထိုင်ခဲ့မှုကြောင့် လူကြီးဆန်ဆန် တွေးတောတတ်နေခြင်း ဖြစ်ပေတော့သည်။

မူလိန်ချိန်း၏ သူ၏ပညာရပ် အစွမ်းထက်မြက်မှုရှိကြောင်း ပြောပြသည်ကို ဝမ်စိန်ကြည်အနည်းငယ် သံသယဝင်သွားသည့် အချက်ကို သတိမပြုမိချေ။



"ဟော…မင်းဘာငိုင်နေတာလဲ၊ ငါသင်ပေးတဲ့ပညာတွေကို ဂရုတစိုက် မှတ်သားထားပြီး ကြိုးစားလေ့ကျင့် ကြားလား"

"ဟုတ်ကဲ့ဆရာ"

"ကောင်းပြီ၊ မင်းကို အရင်ဆုံး လက်သီးပညာသင်ပေးမယ်"

ထိပ်တန်းပညာဆိုသည်မှာ အလွန်လျို့ဝှက်ခက်ခဲပြီး ဆန်း ကြယ်သည်ဟု ဝမ်စိန်ကြည် ထင်မှတ်ထားပါသည်။

သူ့အား လက်သီးပညာသင်ပေးမည်ဆိုသောအခါ အမှတ် မထင် ပြောလိုက်မိ၏။

"ဆရာ ကျွန်တော့်ကို 'အိဟောက်' က လက်သီးပညာ သ သင်ပေးခဲ့ပြီးပါပြီ"

မူလိန်ချိန်း မျက်နှာမဲ့သွားသည်။

"မင်းကို ဘယ်သူသင်ပေးပေး ငါ သင်ပေးတာလောက် အစွမ်း မထက်နိုင်ဘူး၊ ငါပြောတာ မင်းယုံရဲ့လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်ရ၏။

"ယုံ…ယုံပါတယ်ဆရာ"

သူက ယုံသည်ဆိုသော်လည်း လက်တွေ့ပြမှ ယုံမည့်လူစား မျိုးဖြစ်ကြောင်း မူလိန်ချိန်းသိ၏။

သူ၏စိတ်ထဲတွင် ဝမ်စိန်ကြည်အားပို၍ သဘောကျလာ လေ၏။

"ကောင်းပြီ၊ ငါ့ရဲ့လက်သီးသိုင်းကွက်အစွမ်းထက်သလား မထက်ဘူးလားဆိုတာသိရအောင် သင်ပေးမယ်၊ မင်းသေသေချာချာ ကြည့်ထားပါ"

စကားဆုံးလျှင် လက်သီးသိုင်းကွက် ၁၀ ကွက်ကို သင်ကြားပြသပေးလိုက်သည်။

ပထမတစ်ကြိမ် အမြန်ပြပြီး တစ်ဖန်အနှေးပြသသည်။

ဒုတိယအကြိမ် တတိယအကြိမ် စသည်ဖြင့် မြန်လိုက် နှေးလိုက်ဖြင့် သေသေချာချာ သင်ကြားပြသပေးခြင်းဖြစ်ပေသည်။

ဝမ်စိန်ကြည်ကလည်း ကြိုးစားမှတ်သားသည်။

လွန်စွာ မှတ်ဉာဏ်ကောင်းသူဖြစ်သည့်အလျောက် ဆယ်ကြိမ်ခန့်ပြသပြီးသောအခါ သိုင်းကွက်များကို ကောင်းစွာ မှတ်မိသွားတော့သည်။

ဆယ်ကြိမ်ပြည့်မှ မူလိန်ချိန်းရပ်လိုက်သည်။

"ကဲ ငါက ဆယ်ကြိမ်တောင် ပြခဲ့ပြီးပြီ၊ မင်း မှတ်မိလောက်ပြီ ထင်တယ်"

"ဟုတ်ကဲ့ဆရာ... ကျွန်တော် မှတ်မိပါပြီ"

"ကောင်းပြီ၊ မင်း ငါ့ရဲ့အင်္ကျီစကို ထိအောင် လိုက်ဖမ်းကြည့်စမ်း"

"ဗျာ..."

"မဗျာနဲ့... ငါပြောသလို လုပ်"

ဝမ်စိန်ကြည်ရင်ထိတ်သွားသည်။

မူလိန်ချိန်းအား မလေးမစား မလုပ်ရဲပါချေ။

သူငိုင်နေသဖြင့် မူလိန်ချိန်းက မြေပေါ် ခြေဆောင့်ရင်း...

"ဟေ့ ငါပြောနေတာ မကြားဘူးလား"



ဟု အော်ငေါက်လိုက်သည်။

ဆွဲ့အကြီးက ပြောသည့်အတိုင်း လုပ်ရန် မျက်ရိပ်ပြလိုက်သည်။

ဝမ်စိန်ကြည် မတတ်သာသည့်အဆုံး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ဆရာခိုင်းတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်"

စကားဆုံးလျှင် ဒူးထောက်ရာမှ ထလိုက်သည်။

တစ်ဆက်တည်း ရှေ့တွင်ရပ်နေသော မူလိန်ချိန်းအား လက်နှစ်ဖက်ဖြင့် ဖမ်းဆွဲလိုက်လေသည်။

မူလိန်ချိန်းက ခန္ဓာကိုယ် လှုပ်ရုံမျှလှုပ်ကာ ရှောင်ပေးလိုက်သည်။

ဝမ်စိန်ကြည်က ရိုးရိုးတန်းတန်းလိုက်ဖမ်းနေရာ သုံးလေးကြိမ်မက ဖမ်း၍မမိလျှင် သူတတ်မြောက်ထားသော သိုင်းပညာကို အမှတ်မထင် ထုတ်ဖော်အသုံးပြုမိလိုက်လေသည်။

သိုင်းပညာအသုံးပြုကာ လျင်မြန်စွာခုန်ပေါက်၍လိုက်ဖမ်းသော်လည်း မူလိန်ချိန်း၏အင်္ကျီစကိုပင် မမိနိုင်ဘဲရှိနေ၏။

မိကာနီးမှ လွတ်ထွက်သွားခြင်းကြောင့် မခံချိမခံသာဖြစ်လာသည်။

ကလေးပီပီ ဟန်ဆောင်မှုကင်းမဲ့သည့်အတွက် မရမနေ လိုက်ဖမ်းလေတော့သည်။

မူလိန်ချိန်းသည် သူ၏မြင်ကွင်းမှပျောက်သွားလိုက်၊ ပြန်ပေါ်

လာလိုက်၊ ထိပ်ပုတ်လိုက်၊ ခေါင်းပုတ်လိုက်၊ ကျောပုတ်လိုက်ဖြင့် လှည့်ပတ်ပြေးရင်း ဒေါသထွက်အောင် စနေသည်။

ဝမ်စိန်ကြည်လည်း မရမနေ လိုက်ဖမ်းသည်။

"ငါ ဒီမှာဟေ့"

မူလိန်ချိန်းသည် ဝမ်စိန်ကြည် စ,ရင်း ပြောသည်။

သူကိုယ်တိုင် ပျော်ရွှင်လာပြီး တဟီးဟီး တဟားဟား ရယ်မောလေတော့၏။

ဆွဲ့အကြီးသည် သူတို့နှစ်ယောက်၏အဖြစ်ကိုကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ရယ်မောနေတော့သည်။

ထိုသို့ရယ်မောရင်း ဝမ်စိန်ကြည်အား လက်ဟန်ခြေဟန်ပြနေသည်။

ထိုအခါမှ မူလိန်ချိန်း၏ပြေးလွှားရှောင်တိမ်းပုံကို မှတ်သားရန် သတိပေးနေခြင်းဖြစ်ကြောင်း ဝမ်စိန်ကြည် သိရ၏။

သူက အတင်းလိုက်ဖမ်းရင်း လွတ်မြောက်သွားအောင် ပွတ်ကာသိကာရှောင်ရှားပုံ စိတ်ထဲမှ ကြိုးစားမှတ်သားလိုက်သည်။

မူလိန်ချိန်းသည် ဝမ်စိန်ကြည်၏စိတ်ဓာတ်ကို စမ်းသပ်နေခြင်းဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

သူ့စိတ်ထဲ၌...

"အင်း...ဒီကောင်လေးဟာ ရွှံ့တုံးလေးတစ်တုံးလိုပဲ၊ ငါကြိုက်တဲ့ပုံစံကို သွင်းယူနိုင်တယ်၊ သူ့ကို ငါသင်ပေးလိုက်ရင် တစ်နေ့ လူတော်လူကောင်းလေးတစ်ယောက် ဖြစ်လာမှာပဲ"



ဟု ကြိတ်တွေးနေမိလေသည်။

ပြေးရင်းရှောင်ရင်း ယခင်ကထက်ပို၍ မြန်လာသည်။

ဝမ်စိန်ကြည် ကြိုးစားလိုက်သော်လည်း မည်သို့မျှ မမိနိုင်ပါချေ။

နောက်ဆုံး မူလိန်ချိန်းရပ်တန့်ကာ ဝမ်စိန်ကြည်အား ဆက်ခနဲ ဖွဲ့ချီလိုက်သည်။

"ဟား...ဟား...မင်းမဆိုးဘူး၊ ငါပြေးတာ ရှောင်တာတွေ လိုက်မှတ်နေတယ်ပေါ့လေ၊ ကောင်းတယ်၊ မင်းကြိုးစားလေ့ကျင့်ထား၊ ဒီကနေ့တော့ ဒီလောက်နဲ့ပဲ တော်လောက်ပြီ၊ နောက်နေ့မှဆက်သင်မယ်၊ ငါ့ရဲ့လက်သီးပညာ အစွမ်းထက်မထက် စမ်းကြည့်ဦး"

လက်သီးသိုင်းကွက်များမြင်သည်နှင့် စမ်းကြည့်စရာမလိုဘဲ အစွမ်းထက်ကြောင်း ဝမ်စိန်ကြည် သိလေ၏။

မူလိန်ချိန်းက သူ့အားမြေပေါ်သို့ ပြန်ချထားပေးလိုက်သည်။

ဝမ်စိန်ကြည်လည်း ချက်ချင်း မြေပေါ်ဒူးထောက်ကာ ဂါရဝပြုလိုက်၏။

မူလိန်ချိန်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ထို့နောက် ကျောခိုင်းကာ သူ၏ကျောက်တုံးအိမ်ကလေးဆီသို့ ပြန်လျှောက်သွား၏။

အရှေ့ဆီတွင် နေခြည်များထွက်ပေါ်လာပြီဖြစ်သည်။

ဝမ်စိန်ကြည်မှာ နေခြည်နှင့်အတူတူ သူ့ဘဝအတွက် မျှော်လင့်ချက်ရောင်ခြည်များ သန်းလာပြီဟု ရွေးတောခံစားမိလေတော့၏။

❋ ❋ ❋

ဝမ်စိန်ကြည်သည် ရည်ရွယ်ချက်ရှိသူပီပီ သိုင်းပညာကို ပြင်းပြင်းထန်ထန် ကြိုးစား၏။

လက်သီးတိုက်ကွက်၊ လက်ဝါးစောင်း၊ ခြေထောက်အသုံးပြုပုံများ၊ ကိုယ်ဖော့ပညာနှင့် အရှောင်အတိမ်းပညာရပ်များမှာ နို့ကပင် အခြေခံရှိထားသူဖြစ်၍ ကြိုးစားလေ့ကျင့်လိုက်သည်နှင့် ထူးထူးချွန်ချွန် ဖြစ်လာတော့၏။

နံနက်စောစောထကာ လေ့ကျင့်သည်။

အားလပ်ချိန်တွင် ဆွဲ့အကြီးအား ကူညီသည်။

မိုးစုံးစုံးချုပ်မှ အိပ်ရာဝင်သည်။

အိပ်ရာဝင်၍ အိပ်မက်ထဲတွင်ပင် သိုင်းပညာလေ့ကျင့်နေတော့၏။

သူ၏ကြိုးစားမှုကို မူလိန်ချိန်းနှင့် ဆွဲ့အကြီးတို့ အသိအမှတ် မပြုဘဲ မနေနိုင်ကြပါချေ။

မူလိန်ချိန်းသည် သိုင်းပညာတစ်မျိုးကို အလွတ်ကျမိသည်အထိ အကြိမ်ကြိမ် အဖန်ဖန် သင်ကြားပြသပေးသည်။

သိုင်းပညာ၏အနှစ်သာရသဘောတရားများကို နားလည်သဘောပေါက်သည်အထိ ဖြည်းဖြည်းချင်း သင်ကြား၏။

သိုင်းလောကနှင့်ပတ်သက်သည့် ဗဟုသုတများကိုလည်း ကြားညှပ်ပြောကာ မှတ်သားစေသည်။

ဥပမာ သိုင်းလောကတွင် ဓားအသုံးပြုသော သိုင်းသမားများ၊ သိုင်းလောကတွင် လှံ၊ လေးမြားအသုံးပြုသူများ၊ အဆိပ်ပညာ၊ ဆေး



ကြောပိတ်ပညာ၊ ကိုယ်ဖော့ပညာ၊ အတွင်းအားပညာ၊ လူကဲခတ်ပညာ၊ ရုပ်ဖျက်ပညာ၊ ဗေဒင်နက္ခတ်တွက်ချက်ပုံ စသည်စသည်ဖြင့် မဆုံးနိုင်သောပညာရပ်များကို တစ်ခုချင်း နားလည်သဘောပေါက်အောင် သာဓကများပြ၍ စိတ်ရှည်လက်ရှည် သင်ကြားပေး၏။

ဝမ်စိန်ကြည်သည် အရွယ်နှင့်မလိုက်အောင် ဉာဏ်ကောင်းပြီး သင်ပေးသမျှကို ကြိုးစားလေ့ကျင့် ကျက်မှတ်ခဲ့သည်။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေတော့၏။

✵ ✵ ✵

## ဥတုအလီလီ

ရာသီဥတုအလီလီ ပြောင်းသွား၏။

တောင်ပေါ်တွင် ထင်းရှူးပင်များ ရွက်ကြွေ၏။

ပူလောင်အိုက်စပ်မှု ခံစားရ၏။

တစ်ဖန် မိုးစက်များ ရွာသွန်းကျလာ၏။

ထင်းရှူးပင်များ စိမ်းစိမ်းလန်းလန်း ဖြစ်လာသည်။

တစ်ဖန် ဖြူဖွေးသောနှင်းများကျလာ၏။

ဤသို့ဖြင့် ရာသီဥတု အလီလီပြောင်းခဲ့သည်မှာ သုံးနှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်၏။

ဝမ်စိန်ကြည်လည်း အသက်(၁၂)နှစ်အရွယ်သို့ ရောက်လာ၏။

အနေကြာလာသည်နှင့်အမျှ သိုင်းပညာဆတက်ထမ်းပိုးတိုးတက်လာ၏။

ဆရာတပည့် ခင်မင်ရင်းနှီးမှု တစ်စထက်တစ်စ ခိုင်မာလာသည်။



ဆွဲ့အကြီးနှင့်လည်း သံသယောဇဉ် တွယ်တာမိသည်။

တောင်ပေါ်တွင် အနေကြာလာခဲ့ပြီဖြစ်၍ တောင်ပေါ် ဒေသကိုပင် မခွဲချင်မခွာရက် ဖြစ်လာခဲ့ရ၏။

အသက်ကြီးလာသည်နှင့်အမျှ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်း သန်မာလာ၏။

အကြမ်းပတမ်း ခံနိုင်ရည်ရှိလာ၏။

တောင်ပေါ်တွင် နေထိုင်ခဲ့သည့် သုံးနှစ်အတွင်း မူလိန်ချိန်းသည် တောင်အောက်သို့ မကြာခဏ ဆင်းသွားလေ့ရှိသည်။

တစ်ခါသွားလျှင် တစ်လနှစ်လခန့် ကြာတတ်သည်။

မသွားမီ ဝမ်စိန်ကြည်အား သိုင်းပညာရပ် အသစ်တစ်မျိုး သင်ကြားပေးသွားသည်။

သူပြန်လာလျှင် ကောင်းစွာ လေ့ကျင့်ပြီးသားဖြစ်ရမည်ဟု အမိန့်ချသွားလေ့ရှိသည်။

ဝမ်စိန်ကြည်လည်း မပေါ့ဆဝံ့ဘဲ ပြင်းပြင်းထန်ထန်လေ့ကျင့်ရာ မူလိန်ချိန်းပြန်ရောက်လာချိန်တွင် ကြိုက်သလိုစမ်းသပ်ခံနိုင်သည်အထိ လေ့ကျင့်တတ်မြောက်နေခဲ့ပေတော့သည်။

နံနက်စာ စားသောက်ပြီးသည်နှင့် မူလိန်ချိန်းက ဝမ်စိန်ကြည်နှင့် ဆွဲ့အကြီးတို့အား ခေါ်လိုက်သည်။

ပြီးလျှင် ဆွဲ့အကြီးအား ခြေဟန်လက်ဟန်ဖြင့် ခိုင်းလိုက်ရာ ဆွဲ့အကြီးက မူလိန်ချိန်းနေထိုင်သော ကျောက်အိမ်ကလေးအတွင်းမှ သေတ္တာတစ်လုံး ထုတ်ယူလာသည်။

မူလိန်ချိန်းရှေ့တွင် ချလိုက်သည်။

မူလိန်ချိန်းက သေတ္တာကိုမဖွင့်မီ ဝါဆန်းဂိုဏ်းအား စတင်တည်ထောင်သည့် ဂိုဏ်းချုပ်ကြီး၏ပုံတူကို ရှိခိုးကန်တော့လေသည်၊

ဝမ်စိန်ကြည်လည်း ကန်တော့ရ၏။

ပြီးလျှင် မူလိန်ချိန်းက စတင်ပြောသည်။

"ငါတပည့် မင်းကို ဘာကြောင့် အခုလိုကန်တော့ခိုင်းရသလဲဆိုတာ မင်းသိသလား"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးဆရာ"

မူလိန်ချိန်းက သေတ္တာကို ဖွင့်လိုက်သည်။

ပြီးလျှင် အထဲမှ ဓားရှည်တစ်ချောင်း ထုတ်ယူလိုက်လေသည်။

ဝမ်စိန်ကြည်က ဓားရှည်ကိုတစ်လှည့် မူလိန်ချိန်းကိုတစ်လှည့်ကြည့်ကာ...

"ဆရာ ကျွန်တော့်ကို ဓားပညာသင်ကြားပေးမလို့လားဟင်"

"ဟုတ်တယ်၊ မင်း ဒူးထောက်လိုက်စမ်း"

ဝမ်စိန်ကြည်က မူလိန်ချိန်းရှေ့တွင် ဒူးထောက်ချလိုက်လေသည်။

မူလိန်ချိန်းက သူ၏ဦးခေါင်းပေါ်သို့ ဓားကို အပြားလိုက်တင်လိုက်၏။

"ဝါဆန်းဂိုဏ်းရဲ့ ဓားပညာဟာ အဆင့်အတန်းမြင့်မားသလိုတတ်မြောက်ဖို့ခက်တယ်၊ မင်း ကြိုးစားလေ့ကျင့်မှ ဖြစ်မယ်၊ ဓားသိုင်းဆိုတာ ဉာဏ်နဲ့ခွန်အားအပေါ်မှာ မူတည်တယ်၊ လက်နက်မဲ့ သိုင်းပညာလေ့ကျင့်သလို ဉာဏ်စွမ်းရှိသလောက်တီထွင်အသုံးချနိုင်တယ်၊ တချို့သိုင်းအဖွဲ့တွေဟာ ဆရာစားတစ်ကွက်ချန်ပြီး သင်ပေးတော့ခေတ်အဆက်ဆက် ပြောင်းလဲလာတဲ့အခါ ဓားကွက်တွေညံ့လာတယ်၊ အကောင်းဆုံးဓားကွက်တွေ တစ်ကွက်ပြီးတစ်ကွက် တိမ်မြုပ်ပျောက်ကွယ်သွားတယ်၊ ဝါဆန်းဂိုဏ်းကတော့ ဒီလိုမဟုတ်ဘူး၊ စတင်တီထွင်သူကစပြီး နောက်ပိုင်း လေ့ကျင့်တတ်မြောက်သူတွေဟာ ဓားကွက် အသစ်အဆန်းတွေကို ဆက်ပြီးတီထွင်လေ့ကျင့်ကြတယ်၊ ဒါကြောင့် တစ်ချိန်ထက်တစ်ချိန် တစ်ခေတ်နဲ့တစ်ခေတ် ပိုပြီးအစွမ်းထက်လာတော့တာပဲ၊ ကျုပ်ကလည်း ဓားကွက်တွေကို အသစ်တီထွင်ထားတာ ရှိသေးတယ်၊ မင်း ကောင်းကောင်း လေ့ကျင့်ပါ"



"ဟုတ်ကဲ့ ဆရာ"

ဝမ်စိန်ကြည် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။

ဝါဆန်းဂိုဏ်း၏ ခေတ်အဆက်ဆက် ကျော်ကြားထက်မြက်ခဲ့သော ဓားသိုင်းပညာကို စတင်သင်ကြားရတော့မည် မဟုတ်ပါလား။

မူလိန်ချိန်းက...

"ဓားသိုင်းမသင်ခင် သစ္စာဆိုရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"ကဲ...ငါတိုင်ပေးတဲ့အတိုင်း လိုက်ဆို"

"ဟုတ်ကဲ့"

"ကျွန်ုပ်၏ ဓားပညာဖြင့် ဓားကိုင်ထားသောလက်ဖြင့်"

"ကျွန်ုပ်၏ ဓားပညာဖြင့် ဓားကိုင်ထားသောလက်ဖြင့်"

"အပြစ်မရှိသူတစ်ယောက်အား မသေစေရပါ"

"အပြစ်မရှိသူတစ်ယောက်အား မသေစေရပါ"

"ကျွန်ုပ်ကြောင့် သေဆုံးခဲ့ပါလျှင်"

"ကျွန်ုပ်ကြောင့် သေဆုံးခဲ့ပါလျှင်"

"ကျွန်ုပ်၏ဓားဖြင့် ကျွန်ုပ် သေရပါစေသား"

"ကျွန်ုပ်၏ဓားဖြင့် ကျွန်ုပ် သေရပါစေသား"

ဝမ်စိန်ကြည်သည် ကြောက်မက်ဖွယ်ရာ သစ္စာစကားအား မိမိကိုယ်ကို ယုံကြည်မှုနိုင်မာစွာဖြင့် တိုင်တည် ရွတ်ဆိုလိုက်လေသည်၊

မူလိန်ချိန်းက သဘောကျ ကျေနပ်စွာဖြင့် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အေး...ငါတို့ ဝါဆန်းဂိုဏ်းကတပည့်ကို စည်းကမ်း တင်းတင်းကျပ်ကျပ်ထားပြီးမှ ပညာကုန်သင်ပေးတာကွယ့်၊ ကဲ...ကဲ ထပေတော့"

ဝမ်စိန်ကြည် ထလိုက်လေသည်။

သစ္စာစကားဆိုခဲ့ရသဖြင့် သူ၏ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ဤသည်ကိုရိပ်မိသော မူလိန်ချိန်းက လေသံအေးအေးဖြင့် ဖျောင်းဖျပြောလိုက်လေသည်။

"ငါ့တပည့် မင်းဟာ စိတ်ကောင်းရှိတယ်၊ ကိုယ်ကျင့်တရားမှန်မြတ်တယ်ဆိုတာ ငါသိတယ်၊ မင်းဟာ တမင်သက်သက် အပြစ်မရှိတဲ့ လူကောင်းသူကောင်းတစ်ယောက်ကို သတ်မှာမဟုတ်ဘူး၊



ငါယုံကြည်တယ်၊ မင်းစိတ်ထဲမှာ အမှားအမှန် ခွဲခြားရမယ်ဆိုတာ မြဲမြဲမှတ်ထား၊ ဘယ်အလုပ်မဆို လုပ်တော့မယ်ဆိုရင် အမြဲတမ်း စဥ်းစားချင့်ချိန်ပြီးမှလုပ်၊ ဓားကိုအရမ်းကာရော ဆွဲမထုတ်နဲ့၊ ဓားထုတ်တော့မယ်ဆိုရင်လည်း သေသေချာချာစဥ်းစား၊ မင်းဆုံးဖြတ်ချက်မှန်တယ်လို့ယူဆမှ ဓားထုတ်ရင် ဘယ်တော့မှ အမှားမကြုံရတော့ဘူးပေါ့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

မူလိန်ချိန်း၏စကားများသည် သူ၏ဦးခေါင်းထဲသို့ သံမှိုဖြင့် ခွဲလိုက်သည့်အလား မြဲမြဲစွာမှတ်မိနေပေတော့မည်။

မူလိန်ချိန်းက ဓားကို ဓားအိမ်မှဆွဲထုတ်လိုက်သည်။

ထို့နောက် ဓားပညာကို စတင်သင်ကြားပေးလေတော့သည်။

✺ ✺ ✺

ဓားသိုင်းပညာသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ပညာရပ်မျိုးဖြစ်ပေသည်။

မူလိန်ချိန်းသည် ရှေ့ကသိုင်းပညာရပ်များသင်ကြားပေးသည့် နည်းတူ စိတ်ရှည်လက်ရှည် သင်ကြားပြသပေးလေသည်။

တောင်အောက်သို့ဆင်းကာ ခရီးထွက်ခြင်းလည်းမပြုတော့ပါ။

ဝမ်စိန်ကြည်၏ သိုင်းပညာအခြေခံအားကောင်းနေပြီဖြစ်၍ ရှေးဦးစွာ သုံးလေးရက်မျှ ပြင်းထန်စွာ လေ့ကျင့်ပြီးလျှင် နောက်ပိုင်း ဓားပညာသင်ကြားရာ၌ အခက်အခဲများများစားစား မရှိတော့ပါချေ။

ခါးကွက်များ ပြောင်းလဲပုံ၊ ခါးကွက်တစ်ကွက်နှင့်တစ်ကွက် အချိတ်အဆက်ရှိပုံများကိုသာ အထူးသတိထား လေ့ကျင့်ရန်ကျန်တော့သည်။

မူလိန်ချိန်းသည် အပြေ့နှင့်အညီ ဆရာစားမချန်ဘဲ အိပ်သွန်ဖာမှောက် သင်ကြားပေးသည်။

ဝမ်စိန်ကြည်အား အရိပ်တကြည့်ကြည့်ဖြင့် သင်ကြားနေသည့်မှာ သစ်ပင်ငယ်ကလေးတစ်ပင်ကို မျိုးစေ့မှနေ၍ အပင်ပေါက်ကာ ကြီးထွားလာသည်အထိ ဂရုစိုက်ခဲ့သော ဥယျာဉ်မှူးတစ်ယောက်နှင့် တူနေပေတော့သည်။

ဥယျာဉ်မှူးသည် သူစိုက်ပျိုးသောအပင်ကလေး ရှင်သန် ကြီးထွားလာပြီး အကိုင်းအခက်အသီးအပွင့် ဝေဆာလာသည်ကို တွေ့ရလျှင် လွန်စွာဝမ်းမြောက်တတ်ပေသည်။

မူလိန်ချိန်းမှာလည်း ဝမ်စိန်ကြည်၏ သိုင်းပညာ တစ်နေ့တခြား တိုးတက်လာသည်ကိုကြည့်ပြီး ကျေနပ်ဝမ်းမြောက်နေလေတော့သည်။

တစ်နေ့....

ထိုတစ်နေ့သည် ဝမ်စိန်ကြည်အတွက် ထူးခြားသော နေ့တစ်နေ့ ဖြစ်ခဲ့ပေသည်။

❋ ❋ ❋

တစ်နေ့....



ဝမ်စိန်ကြည်အား ခါးသိုင်းသင်ကြားပေးနေစဉ် တောင်ပေါ်သို့ လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထို့ကြောင့် မူလိန်ချိန်းက သင်ကြားမှုကို ရပ်တန့်လိုက်လေသည်။

သုံးနှစ်တိုင်တိုင် တောင်ပေါ်သို့ တက်လာသူ တစ်ယောက်တလေမျှမတွေ့ရဘဲ ယခုမှတွေ့လိုက်ရသဖြင့် ဝမ်စိန်ကြည် လွန်စွာ အံ့ဩသွားသည်။

ထိုလူသည် မတ်စောက်လှသော ဤတောင်ထွတ်ပေါ်သို့ တက်လာနိုင်ခြင်းကိုထောက်ချင့်၍ သိုင်းပညာ မခေကြောင်း ပေါ်လွင်ထင်ရှား၏။

ရောက်ရှိလာသူမှာ ရသေ့တစ်ပါးဖြစ်သည်။

ထိုရသေ့ကိုတွေ့လျှင် မူလိန်ချိန်းသဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

“ဟား...ဟား...ဟား ခင်ဗျား ကျုပ်ဆီကို လာလည်သေးတယ်နော်၊ ကျုပ်ဖြင့် ခင်ဗျားမလာတာကြာလို့ အောက်မေ့လိုက်တာဗျာ”

ဟု ပြောရာ ရသေ့လည်း ရယ်မောလိုက်သည်။

“ဟဲ...ဟဲ...ကျုပ်လည်း လာမလို့ပါပဲဗျာ၊ မအားမလပ်တာနဲ့ အခုမှပဲ ရောက်လာရတော့တယ်”

သူတို့နှစ်ယောက် ပြောဆိုနေကြသောစကားများအရ ခင်မင်ရင်းနှီးသူများဖြစ်ကြောင်း ဝမ်စိန်ကြည် ရိပ်မိလိုက်သည်။

မူလိန်ချိန်းလည်း အခွင့်ကောင်းတစ်ခုရသွားပြီဟုတွေးကာ ဝမ်စိန်ကြည်အား လက်ယပ်ခေါ်လိုက်သည်။

ဝမ်စိန်ကြည် ခပ်သွက်သွက်ကလေး လှမ်းသွားသည်။

သူ့အနီးသို့ရောက်သောအခါ မူလိန်ချိန်းက ရသေ့ကိုညွှန်ပြရင်း...

"သူဟာ ဆရာရဲ့မိတ်ဆွေ မုစန်းရသေ့လို့ခေါ်တယ်၊ မင်း ဒူးထောက်ဂါဝရပြုလိုက်ပါ၊ သူက မင်းကို လက်ဆောင်တစ်ခုတော့ ပေးလိမ့်မယ်လို့ ငါထင်တယ်"

ဝမ်စိန်ကြည်ကလည်း ချက်ချင်းပင် မုစန်းရသေ့ရှေ့တွင် ဒူးထောက်ဂါရဝပြုလိုက်လေသည်။

မုစန်းရသေ့က လက်ကာပြရင်း...

"ဟော့...ဟော့ မလုပ်နဲ့၊ ငါ့ကို ဂါရဝမပြုနဲ့"

သူက မည်သို့ပင်ဟန့်တားသော်လည်း ဝမ်စိန်ကြည်က ဂါရဝပြုနေသည်။

မုစန်းရသေ့ ခေါင်းခါယမ်းရင်း...

"ဟာ...တယ်ခက်တဲ့ ကောင်လေးပဲ၊ မင်းလည်း မင်းဆရာလိုပဲ အရှက်မရှိဘူး၊ ဆရာက ဂါရဝပြုနိုင်းပြီး ပစ္စည်းတောင်းခိုင်းတယ်၊ မင်းကလည်း သူခိုင်းတဲ့အတိုင်းလုပ်ဝံ့တယ်၊ တစ်ခါမှမမြင်ဖူးတဲ့ တစိမ်းတစ်ယောက်ကို ဒူးထောက်ဂါရဝပြုရတာ မင်းမရှက်ဘူးလား၊ မင်းလည်း ငါ့ဆီကပစ္စည်း လိုချင်တယ်ထင်ပါရဲ့"

သူ၏စကားကို ဝမ်စိန်ကြည် မည်သို့မျှ သဘောမထားပါချေ။



သို့သော် စိတ်မကောင်းတော့ ဖြစ်မိသည်။

သိုင်းပညာ စသင်ကတည်းက ဆရာ့စကား မြေဝယ်မကျနားထောင်မည်ဟု ကတိပြုခဲ့သည့်အတိုင်း နားယောင်ခဲ့ခြင်းဖြစ်ပေသည်။

မုစန်းရသေ့ကပြောပြီး တဟားဟား ရယ်မောနေလေသည်။

ဆရာ၏မိတ်ဆွေသည် ဆရာ့လိုပင် ထူးဆန်းသူဖြစ်ကြောင်း အမှတ်မထင်တွေးမိလျှင် သူ၏ရင်ထဲမှ စိတ်မကောင်းမှု၊ ဝမ်းနည်းမှုများ ချက်ချင်းလွင့်ပါးပျောက်ကွယ်သွားလေတော့သည်။

ထို့အပြင် မူလိန်ချိန်းသည် အကြောင်းမရှိဘဲ ဤသို့လုပ်ခိုင်းမည်မဟုတ်ဟု နားလည်ထားသည်။

သူထင်သည့်အတိုင်း မှန်ကန်နေ၏။

မုစန်းရသေ့သည် ပြောပြီးသည်နှင့် သူ၏အပေါ်ဝတ်ရုံကို ခွာကာ အတွင်းဘက်မှ တစ်စုံတစ်ခုကို ချွတ်ယူလိုက်၏။

ပြီးလျှင် ဝမ်စိန်ကြည်ရှေ့သို့ ပစ်ချပေးလိုက်ပြီး...

"ရော့...ကောင်လေး၊ ဒီအင်္ကျီဟာ ရွှေပိုးမျှင်အင်္ကျီလို့ခေါ်တယ်၊ ဒါကိုဝတ်ထားရင် ဓား လှံ လက်နက် ထိုးမဖောက်နိုင်ဘူး၊ မင်းက မူလိန်ချိန်းတပည့်ဆိုတော့ ဒီအင်္ကျီလိုမှာအမှန်ပဲ၊ ဘာကြောင့်လဲဆိုရင် သူသင်ပေးတဲ့ မဖြစ်စလောက်ပညာနဲ့ သိုင်းလောကထဲသွားတဲ့အခါ သူများဓားချက်မိမှာ သေချာလို့ပဲ၊ ဟား...ဟား...ဟား"

သူ၏စကားကို မူလိန်ချိန်း လုံးဝစိတ်မဆိုးပါချေ။

ဝမ်စိန်ကြည်အား ကောက်ယူကာ ဝတ်ဆင်ထားရန် ခေါင်းညိတ်ပြလိုက်လေသည်။

ပြီးမှ...

"ဟော့...မုစန်း၊ မင်းတော်တော်လေကျယ်နေပါလား၊ ကျုပ်ပညာ စွမ်းတယ်မစွမ်းဘူး မင်းသိချင်ရင် ဘာလုပ်နေတာလဲ"

"အေး...ဟုတ်တယ်၊ ဒီတစ်ခါတော့ မင်းကို အပြတ်အသတ်နိုင်အောင် ထိုးပစ်မယ်"

ဝမ်စိန်ကြည်က ရွှေပိုးမျှင်အင်္ကျီကိုကောက်ယူကာ ချက်ချင်းဝတ်ဆင်ထားလိုက်သည်။

မုစန်းရသေ့နှင့် မူလိန်ချိန်းတို့ တိုက်ခိုက်ကြတော့မည်လောဟု စိုးရိမ်ထိတ်လန့်နေသည်။

တစ်ယောက်တစ်လှည့်စီ မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေမိလေတော့သည်။

ထိုအချိန်တွင် ဆွံ့အကြီးသည် စားပွဲနှင့်ထိုင်ခုံများယူလာပေးလေ၏။

စားပွဲပေါ်တွင် စစ်တုရင်ခုံနှင့်အရုပ်များ တင်ထားပေးလိုက်သည်။

မူလိန်ချိန်းနှင့် မုစန်းရသေ့တို့ တစ်ယောက်ခုံတစ်လုံးစီဆွဲ၍ မျက်နှာချင်းဆိုင်ထိုင်ကာ စစ်တုရင်အရုပ်များစီ၍ သူ့နိုင်ကိုယ်နိုင် သဲကြီးမဲကြီးယှဉ်ပြိုင်ကာ စတင်ကစားလေတော့၏။

ယခုမှ ဝမ်စိန်ကြည် သက်ပြင်းချလိုက်နိုင်သည်။



သူတို့သည် ရင်ဆိုင်တိုက်ခိုက်ကြခြင်းမဟုတ်ဘဲ စစ်တုရင်ထိုးကြခြင်းသာ ဖြစ်ပေ၏။

သူတို့အား စောင့်ကြည့်နေရာ အချိန်ကုန်သွားသော်လည်း ထမည့်ပုံမရချေ။

ထို့ကြောင့် ခပ်ဝေးဝေးတစ်နေရာသို့သွားကာ သိုင်းပညာဆက်၍လေ့ကျင့်နေလိုက်လေသည်။

❋ ❋ ❋

မုစန်းရသေ့နှင့် မူလိန်ချိန်းတို့သည် စားချိန်အိပ်ချိန်မှအပ စစ်တုရင်ကို သဲကြီးမဲကြီး ထိုးနေကြလေသည်။

မူလိန်ချိန်းသည် ဝမ်စိန်ကြည်အား ဓားသိုင်းဆက်၍သင်မပေးတော့ချေ။

ဝမ်စိန်ကြည်လည်း သင်ကြားပြီးသမျှကို အဖန်ဖန်အခါခါလေ့ကျင့်ပြီးပြီ ဖြစ်လေသည်။

ထို့ကြောင့် နောက်ထပ် ဓားကွက်အသစ်သင်ပေးမည့်အချိန်ကို စောင့်မျှော်နေလေသည်။

ဤသို့ဖြင့် ဆယ်ရက်တိုင်တိုင် အချိန်ကုန်သွား၏။

မူလိန်ချိန်းနှင့် မုစန်းရသေ့တို့ကား စစ်တုရင်ကို သဲကြီးမဲကြီးကစားနေကြတုန်းပင် ဖြစ်လေ၏။

မူလိန်ချိန်းသည် ဝမ်စိန်ကြည်ကို လုံးဝအရေးမစိုက်တော့ပါချေ။

ဝမ်စိန်ကြည်သည် စိတ်မရှည်နိုင်တော့ပေ။

လေ့ကျင့်မှုကိုရပ်ကာ သူတို့အနီးသို့သွားကြည့်၏။

တိုက်တိုက်ဆိုင်ဆိုင် သူသွားကြည့်ချိန်တွင် မူလိန်ချိန်းသည် မုစန်းရသေ့၏ တိုက်ကွက်ကြောင့် ရှုံးနိမ့်မလိုဖြစ်နေသည်။

စစ်တုရင်ခုံပေါ်တွင် ကစားကောင်များရှုပ်ထွေးကာ အကွက်ကျပ်နေလေသည်။

မူလိန်ချိန်း အကျပ်ရိုက်နေလေတော့၏။

ရှေ့ဆက်၍ စစ်တုရင် သဲကြီးမဲကြီး ကစားနေလျှင် သူ့အား သိုင်းပညာ ပေးနိုင်မည်မဟုတ်ဟု ဝမ်စိန်ကြည် တွက်ဆမိ၏။

ဝမ်စိန်ကြည်သည် သိုင်းပညာဆက်၍ သင်ကြားလို၏။

ထို့ကြောင့် အနီးတွင်ရပ်ကာ ခွင့်ပန်ရန် စောင့်မျှော်နေလေသည်။

မူလိန်ချိန်းသည် ကစားကွက်များအပေါ် အာရုံရောက်နေ၏။

ဝမ်စိန်ကြည်အား လုံးဝဂရုမစိုက်အားချေ။

ဝမ်စိန်ကြည်လည်း အမှတ်မထင် စစ်တုရင်ခုံကိုကြည့်ရင်း တဖြည်းဖြည်း စိတ်ပါဝင်စားလာတော့၏။

သူသည် စစ်တုရင် ကောင်းစွာ ကစားတတ်သည်။

အစ်ကိုကြူ(ဝါ)ကြူအန်းကုထံမှ သင်ကြားခဲ့ခြင်းဖြစ်ပေ၏။

ကိုယ်ပိုင်ဉာဏ်နှင့် တတ်မြောက်ထားသည့်ပညာ ပူးပေါင်းကာ နံဘေးမှကြည့်ရင်း မူလိန်ချိန်း၏အခက်အခဲကို ဖြေရှင်းရန် စဉ်းစားနေ၏။



ကြည့်ရင်းကြည့်ရင်း သိုင်းပညာသင်ရန်မေ့ကာ စစ်တုရင်ပွဲထဲသို့ စိတ်ပါသွားသည်။

တစ်အောင့်မျှကြာလျှင် မူလိန်ချိန်းအကျပ်ရိုက်နေသော ကစားကွက်ကို ဖြေရန်အကွက်ရှာတွေ့သွားသည်။

ဖြေရှင်းနိုင်မည့်အပြင် နိုင်ကွက်ပေါ်မည့် ရှေ့ကွက်တစ်ခု ဖြစ်ပေ၏။

ထို့ကြောင့် ပြောသင့်မပြောသင့် မစဉ်းစားမိဘဲ ဝမ်းသာအားရ ဝင်ပြောလိုက်၏။

သူ၏ကျယ်လောင်သောအသံကြောင့် မူလိန်ချိန်းနှင့် မုစန်းရသေ့တို့ပင် တအံ့တသြဖြစ်သွားကြရလေ၏။

"ဆရာ...ဆရာ ရထားတဲ့အမြောက်ကိုစားပြီး မြင်းနဲ့ခွချက်လုပ်လိုက်ပါလား"

မူလိန်ချိန်းမျက်နှာ ပြုံးရွှင်သွားလေ၏။

"ဟုတ်တယ်ဟေ့၊ ရထားနဲ့အမြောက်ကိုစားလို့ သူရထားကိုပြန်မစားရင် တစ်ကောင်ရှုံးလို့ ရှေ့ဆက်ကစားလည်း ရှုံးမှာပဲ၊ ရထားကို ပြန်စားပြန်ရင်လည်း မြင်းနဲ့ခွချက်လုပ်တော့ ဘယ်အကွက်ပြေးမလဲ၊ ဘယ်ဘက်တစ်ကွက်ပဲ ပြေးစရာရှိတယ်၊ ဒီတော့ နောက်ရထားတစ်လုံးနဲ့ဖမ်းရင် ပြေးစရာအကွက် မရှိတော့ဘူး"

ပြောပြောဆိုဆို ဝမ်စိန်ကြည် ပြောသည့်အတိုင်း ရထားနှင့် မုစန်းရသေ့၏ အမြောက်ကို စားပစ်လိုက်၏။

တစ်ကွက်တည်းနှင့် မုစန်းရသေ့ငိုင်ကျသွားလေ၏။

အတန်ကြာအောင်စဉ်းစားပြီးမှ လက်မြှောက်အရှုံးပေးလိုက်တော့၏။

"ကျုပ်ရှုံးသွားပြီဗျို့၊ သိပ်ကောင်းတဲ့အကွက်ပဲ"

ပြောရင်း ဝမ်စိန်ကြည်ကို မော့ကြည့်လိုက်လေ၏။

စစ်တုရင်ပွဲပြီးသွားပြီဖြစ်ရာ ဝမ်စိန်ကြည်၏မျက်နှာ ပြုံးရွှင်သွားတော့၏။

သူ၏ဓားသိုင်း ဆက်သင်ရတော့မည် မဟုတ်ပါလား။

မုစန်းရသေ့က ရယ်ရယ်မောမောဖြင့်...

"မင်းကလေးက အလာကြီးပဲကွ၊ ဆရာအကျပ်ရိုက်နေတာတောင် ဝင်ပြီးဖြေရှင်းပေးနိုင်သေးတယ်"

ဝမ်စိန်ကြည်မှာ ချီးကျူးစကားကြားရလျှင် မျက်နှာ မထားတတ်အောင်ဖြစ်သွားပြီး ခေါင်းငုံ့ထားလိုက်လေ၏။

သူဝင်ပြောမိသည့်အတွက် မူလိန်ချိန်းအပြစ်တင်လာမည်ကို စိုးရိမ်ပူပန်နေမိသည်။

မုစန်းရသေ့က မူလိန်ချိန်းကိုကြည့်ကာ...

"ကျုပ် မင်းနဲ့ကစားရတာ ပျင်းပြီ၊ ဒါကြောင့် အပြောင်းအလဲဖြစ်သွားအောင် သူနဲ့တစ်ပွဲတလေလောက် ကစားချင်တယ်"

ဝမ်စိန်ကြည်အားညွှန်ပြရင်း ပြောလေ၏။

မူလိန်ချိန်း တဟားဟား ရယ်မောလိုက်၏။

"ဟား...ဟား...ဟား သူဝင်ပြောတဲ့ ရွှေ့ကွက်ကြောင့် ရှုံးသွားရလို့ မင်း မကျေနပ်ဘူး မဟုတ်လား၊ သူဟာ ကလေးပဲရှိပါသေးတယ်၊ မင်းရဲ့ပြိုင်ဘက်မဟုတ်ပါဘူးကွာ၊ ပြီးတော့ သူ့မှာ စစ်တုရင်ထိုးဖို့အချိန်မရှိဘူး၊ သိုင်းပညာလေ့ကျင့်ရဦးမယ်ကွ"



မုစန်းရသေ့ မကျေမနပ်ဖြစ်သွားသည်။

လက်ဖွေ့ယမ်းပြရင်း စောဒကတက်လိုက်သည်။

"ဟော့ အပိုတွေ ပြောမနေနဲ့၊ ကျုပ် သူနဲ့ကစားရမှ ဖြစ်မယ်"

"သူ မင်းနဲ့ကစားနေရင် သိုင်းလေ့ကျင့်ဖို့အချိန် ဘယ်ရတော့မလဲ"

""ဒီအတွက် မပူနဲ့၊ ကျုပ် သူ့ကို ကိုယ်ဖော့ပညာနဲ့ လက်နက်ပုန်းပညာ သင်ပေးမယ်၊ သူ့အတွက် မနစ်နာစေရပါဘူး"

မူလိန်ချိန်း နှစ်ထောင်းအားရ ဖြစ်သွားသည်။

မုစန်းရသေ့သည် တစ်ဖွတ်ထိုးသမားဖြစ်ကြောင်း ကောင်းစွာသိသည်။

ပညာသင်ပေးပါဟုပြောလျှင် လုံးဝလက်ခံဂရုမ့်မည်မဟုတ်ပါ။

ယခု စစ်တုရင်ကစားလို၍သာ သိုင်းပညာ သင်ပေးမည်ဟု လိုလိုလားလား ပြောနေခြင်း ဖြစ်ပေသည်။

မူလိန်ချိန်းက အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ငါ့တပည့် မင်း သူနဲ့စစ်တုရင် ကစားပါ၊ မင်းနိုင်ရင် ငါ ထပ်ပြီး ဆုချဦးမယ်"

ဟု ဝမ်စိန်ကြည်ဘက်သို့ လှည့်ပြောလိုက်သည်။

မုစန်းရသေ့ ခေသူမဟုတ်ကြောင်း နားလည်သည့် ဝမ်စိန်ကြည်လည်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဆရာ"

ပြောပြီး လွတ်သွားသော မူလိန်ချိန်း၏နေရာတွင် ဝင်ထိုင်လိုက်၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြပြီဖြစ်သည်။

အသက်(၁၂)နှစ်ခန့် ကလေးငယ်နှင့် အသက်ခြောက်ဆယ်ခန့် အဘိုးအိုတို့ ယှဉ်ပြိုင်ကြမည်ဖြစ်၏။

သူတို့၏ တိုက်ပွဲသည် စစ်တုရင်ခုံပေါ်တွင် ရှိသည်။

မုစန်းရသေ့က ...

"ကောင်လေး ... မင်းနဲ့ငါ သုံးပွဲထိုးမယ်၊ သုံးပွဲမှာ တစ်ပွဲနိုင်တာနဲ့ မင်းကို ကျုပ်ရဲ့ အကောင်းဆုံး တခွေရိပ် ကိုယ်ဖော့ပညာသင်ပေးမယ်၊ လက်နက်ပုန်းပစ်ပညာလည်း သင်ပေးမယ်၊ အေး ... တစ်ပွဲမှမနိုင်ရင် သင်မပေးတဲ့အပြင် အပြစ်ပေးရဦးမယ်၊ မင်း နားလည်လား"

ဝမ်စိန်ကြည်မှာ ကလေးပီပီ မုစန်းရသေ့အား အနိုင်မခံ အရှုံးမပေးလိုစိတ်ရှိရာ ခေါင်းညိတ် သဘောတူလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် စတင်ယှဉ်ပြိုင် ကစားကြတော့သည်။

ဝမ်စိန်ကြည်နှင့် မုစန်းရသေ့တို့ သဲကြီးမဲကြီး ယှဉ်ပြိုင်ကစားနေကြသည်။

နှစ်ယောက်စလုံး ကစားပွဲတွင် အရုံရောက်ကာ ပတ်ဝန်းကျင်ကို မေ့လျော့နေကြသည်။



မူလိန်ချိန်က နံဘေးမှ ရပ်ကြည့်နေ၏။

စစ်တုရင်ပညာတွင် လွန်စွာ ကျွမ်းကျင်သော မုစန်းရသေ့အားနိုင်ရန် မလွယ်ကြောင်း သူနားလည်၏။

သို့သော် ဝမ်စိန်ကြည်သည် သူ၏ အခက်အခဲကိုပင် ဝင်၍ဖြေရှင်းပေးနိုင်ခဲ့သဖြင့် အထင်သေး၍ မရချေ။

သူတို့၏ ကစားပွဲကို အေးအေးဆေးဆေး စောင့်ကြည့်နေတော့သည်။

မုစန်းရသေ့သည်လည်း စစ်တုရင် ကစားနည်း ကျွမ်းကျင်သူဖြစ်ပေသည်။

ကစားကောင်များကို အချိတ်အဆက်မိမိ နေရာချထားပေးပြီးမှ မင်းကြီး(ဝါ) ကင်း လုံခြုံအောင် စီမံသည်။

ပြီးမှ တစ်ဖက်သားကို ထိုးဖောက်ကစားသူဖြစ်သည်။

ဝမ်စိန်ကြည်ကမူ ကလေးပီပီ အနိုင်ယူလိုစိတ်များသည်။

ပွဲစသည်နှင့် တရကြမ်း တိုက်စစ်ဆင် ကစားသည်။

ထို့ကြောင့် မုစန်းရသေ့ စိတ်ကြိုက် ကစားကွက် ဆင်ခွင့်မရတော့ချေ။

သူတို့၏ ကစားပွဲသည် တစ်ဖက်နှင့်တစ်ဖက် ကြမ်းကြမ်းရမ်းရမ်း ကစားသော ကစားပွဲတစ်ပွဲ ဖြစ်သွားသည်။

ပထမပွဲတွင် ဝမ်စိန်ကြည် ရှုံးနိမ့်သွားသည်၊

❋ ❋ ❋

ပွဲဦးထွက် ရှုံးသွားခြင်း ဖြစ်သည်

ဝမ်စိန်ကြည် မကျေမနပ် ဖြစ်နေ၏။

မုစန်းရသေ့မှာမူ လွန်စွာ သဘောကျနေသည်။

မျက်နှာတစ်ခုလုံး ပြုံးရွှင်နေပြီး တက်တက်ကြွကြွ ဖြစ်နေသည်။

"ဟဲ … ဟဲ … ဒီလို ခပ်ကြမ်းကြမ်း မကစားရတာကြာပြီ အင်မတန် ပျော်ဖို့ကောင်းတာပဲ၊ စိတ်လှုပ်ရှားရတယ်၊ ကောင်လေး မင်း ကြိုးစား၊ တစ်နေ့ မင်းဟာ စစ်တုရင် ဝိဇ္ဇာတစ်ယောက် ဖြစ်လာနိုင်တယ်"

ယင်းသို့ ချီးကျူးစကားပြောပြီး နောက်ထပ်တစ်ပွဲ ကစားရန် ပြင်ဆင်လေသည်။

ဒုတိယပွဲတွင်မူ ဝမ်စိန်ကြည်သည် မုစန်းရသေ့၏ လက်ရည်ကို သိရပြီဖြစ်သည့်အလျောက် ဦးစွာ စတင်တိုက်စစ်ဆင်သည်။

အနာခံကာ ထိုးဖောက်ကစားသည်။

သူ၏ ရွှေ့ကွက်တိုင်းသည် မုစန်းရသေ့၏ မင်းကြီးအား အမိဖမ်းရန် ခြိမ်းခြောက်လျက်ရှိပေတော့သည်။

ဝမ်စိန်ကြည်က သိပ်မစဉ်းစားဘဲ ခပ်သွက်သွက် ရွှေ့သည်။

သူတစ်ကွက်ရွှေ့လိုက်လျှင် မုစန်းရသေ့ ဟင်းခနဲ ဟင်းခနဲ ဖြစ်သွားသည်။

အတန်ကြာသည်အထိ စောချွေးပြန်အောင် စဉ်းစားပြီးမှ တစ် ပြန်ရွှေ့ကွက်ကို ရွှေ့နိုင်လေသည်။



နံဘေးမှ ရပ်ကြည့်နေသော မုလိန်ချိန်းသည်လည်း လွန်စွာ စိတ်ဝင်စားလာသည်။

အသံမပြုဘဲ မျက်လုံးပြူး၍ ခေါင်းငုံ့ကြည့်နေတော့၏။

တစ်ချက်တစ်ချက် ဝမ်စိန်ကြည်ကို အံ့ဩသော မျက်လုံးများ ဖြင့် လှမ်းလှမ်းကြည့်မိလေသည်။

ဝမ်စိန်ကြည်က အတင်းထိုးဖောက် ကစားသော်လည်း မုစန်းရသေ့ ကြိုးစားချေဖျက်မှုကြောင့် ဒုတိယပွဲ သရေကျသွားသည်။

မုစန်းရသေ့အတွက် ပြန်လည်တိုက်ခိုက်ခွင့် မရခဲ့ချေ။

ခုခံကစားရင်းက ကစားကောင်များ လဲလှယ်ကာ ဝမ်စိန်ကြည်၏ တိုက်အား လျော့သွားအောင် ပြုပြီး သရေကွက်ကို ရွေးချယ်ခြင်းဖြစ်သည်။

မုစန်းရသေ့ သရေကွက်ကိုသာ ဦးတည်ရွှေ့နေမှန်း သိသောအခါ ဆက်၍ ထိုးဖောက်တိုက်ခိုက်လျှင်လည်း ရှုံးသွားနိုင်၍ ဝမ်စိန်ကြည်လည်း သရေအဖြစ် လက်ခံ သဘောတူလိုက်လေသည်။

မုစန်းရသေ့က တစ်ပွဲနိုင်ထားပြီး တစ်ပွဲသရေဖြစ်သည်။

ဝမ်စိန်ကြည်အတွက် မျှော်လင့်ချက် ကင်းမဲ့နေသည်။

နောက်ဆုံးပွဲသည် အဆုံးအဖြတ်ပေးမည့် ကစားပွဲဖြစ်လေသည်။

ဝမ်စိန်ကြည်က အေးအေးဆေးဆေးပင်။

တုန်လှုပ်နေသူမှာ မုစန်းရသေ့ဖြစ်သည်။

✻ ✻ ✻

မုစန်းရသေ့၏ တစ်ကိုယ်လုံး ဇောချွေးများ ပြန်နေသည်။

ဝမ်စိန်ကြည်၏ ကစားကွက်များသည် သူ၏ခေါင်းမာသော စိတ်ဓာတ်ကို ပြိုကွဲသွားစေသည်။

သူ၏ ပျော့ကွက်၊ ဟာကွက်များကိုသာ အဓိကထားတိုက်ခိုက်နေခြင်းဖြစ်ရာ လွန်စွာ စိတ်လှုပ်ရှားနေတော့သည်။

ဝမ်စိန်ကြည်နှင့် ကစားရမည်ကို မဝံ့မရဲ ဖြစ်လာသည့် သဘောပင်။

တတိယပွဲ ဆက်၍ကစားကြသည်။

ဝမ်စိန်ကြည်သည် စိတ်လှုပ်ရှားနေသော မုစန်းရသေ့အား အငိုက်ဖမ်းကာ ကစားကောင်များ စတေးတိုက်ခိုက်ရင်း မင်းကြီးကို အမိဖမ်းသတ်လိုက်ခြင်းဖြစ်၏။

မုစန်းရသေ့နှင့် မူလိန်ချိန်းတို့ ကစားကြလျှင် တစ်နေ့လုံးနေမှ တစ်ပွဲတလေသာ ပြီးတတ်ပေသည်။

ယခုမူ သုံးပွဲကို တစ်ထိုင်တည်းနှင့်ပြီးအောင် ကစားသွားခြင်းဖြစ်သည်။

ဝမ်စိန်ကြည်၏ ကစားကွက်များသည် ပွဲကိုလျင်မြန်စွာ အဆုံးသတ်စေသော ကစားကွက်များဖြစ်နေသည်။

ငြင်းပယ်ရှောင်လွှဲ၍ လုံးဝမရချေ။

ရှောင်လျှင် နယ်ရုပ်များ ကစားကောင်များ ရှုံးနိမ့်သွားပေလိမ့်မည်။

တဖြည်းဖြည်း ပိကာ နောက်ဆုံး ရှုံးနိမ့်ရမည်ဖြစ်သည်။



ကစားရုပ်များ လဲလှယ်ကစားရာတွင်လည်း ဝမ်စိန်ကြည်က သွက်လက်စွာ လဲလှယ်ထိုးဖောက်ရင်း နေရာကောင်းယူသည်။

မင်းကြီးကို တိုက်ခိုက်သည်။

တတိယပွဲတွင် မုစန်းရသေ့ လုံးဝမခုခံနိုင်ဘဲ လက်မြှောက်အရှုံးပေးလိုက်ရခြင်း ဖြစ်ပေတော့သည်။

သုံးပွဲကစားပြီးသောအခါ ဝမ်စိန်ကြည်မှာ တစ်ပွဲရှုံး တစ်ပွဲရသေ တစ်ပွဲ နိုင်သွားလေသည်။

မုစန်းရသေ့သည် အရွယ်နှင့်မလိုက်အောင် ဉာဏ်ကောင်းလှသော ဝမ်စိန်ကြည်အား မချီးကျူးဘဲ မနေနိုင်တော့ပါချေ။

"ကောင်လေး ... မင်းကိုတော့ ငါ သဘောကျသွားပြီဟေ့၊ ဒီအတိုင်းဆို ဆက်ကစားရင်လည်း ငါပဲရှုံးတော့မယ်၊ တော်ပြီ ... ကစားတာ တော်လောက်ပြီ၊ မင်းကြောင့် မကြုံစဖူး ငါ့စိတ်တွေ တော်တော် လှုပ်ရှားသွားရတယ်၊ သုံးပွဲပြီးတာ မြန်ပေမယ့် ငါ့အဖို့တော့ တော်တော် အရသာတွေ့လိုက်တာပဲ၊ ကဲ ... ကျုပ် ကတိအတိုင်း မင်းကို သိုင်းပညာသင်ပေးရတော့မှာပေါ့လေ"

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ဝမ်စိန်ကြည် ထခုန်မိမတတ် ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

မူလိန်ချိန်းထံမှ အကောင်းဆုံး သိုင်းပညာများ သင်ယူခဲ့ရသည်။

မုစန်းထံမှ အကောင်းဆုံးသိုင်းပညာများ ထပ်မံသင်ယူရလျှင်

သူ့အတွက် လိုလေသေးမရှိအောင် သိုင်းပညာ ပြည့်စုံလာတော့မည် ဖြစ်လေသည်။

❋ ❋ ❋

မူလိန်ချိန်းသည် လွန်စွာပါးနပ်သူဖြစ်၏။

မုစန်း သိုင်းပညာ လွတ်လပ်စွာ သင်ပေးနိုင်စေရန် ...

"ခင်း... ကျုပ်တော့ ခင်ဗျားတို့ ကစားပွဲကြည့်ရတာ ခေါင်းထဲ မူးနောက်နောက် ဖြစ်လာတယ်၊ တစ်ရေးတမောလောက် သွားအိပ်လိုက်ဦးမယ်ဗျာ"

ပြောပြီး ထွက်သွား၏။

တမင် ရှောင်ပေးလိုက်ခြင်း ဖြစ်ပေသည်။

မုစန်းရသေ့သည် ဝမ်စိန်ကြည်အား လွန်စွာ သဘောကျနေပြီဖြစ်၏။

ဖြစ်နိုင်လျှင် သူ၏တပည့်အဖြစ်ပင် ခေါ်သွားလို၏။

သို့သော် မူလိန်ချိန်း သဘောတူမည်မဟုတ်ကြောင်းသိထား၏။

ထို့ကြောင့် တောင်ပေါ်တွင်ပင် နေထိုင်ရင်း သူ၏ အကောင်းဆုံး သိုင်းပညာရပ်များကို စတင်သင်ကြားပေးလေတော့သည်။

❋ ❋ ❋

မုစန်း။



မုစန်းသည် မူလိန်ချိန်းကဲ့သို့ သိုင်းပညာ အလွန်တော်သူဖြစ်လေသည်။

ဝမ်စိန်ကြည်အား လွန်စွာ သဘောကျမိသဖြင့် သူတတ်မြောက်ထားသည့် သိုင်းပညာရပ်များကို အိတ်သွန်ဖာမှောက် သင်ကြားပေးသည်။

ဂရုတစိုက် ကြပ်မတ်စောင့်ကြည့်၏။

ဆယ်ရက်ဟုသောအချိန်တွင် တစ္ဆေရိပ် ကိုယ်ဖျောက်ပညာနှင့် လက်နက်ပုန်းပစ်ပညာကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းရုံမက ထူးချွန်ထက်မြက်လာအောင် သင်ကြားပေးခဲ့လေသည်။

ဝမ်စိန်ကြည်ကလည်း သူမတူအောင် ထူးချွန်သူလေး ဖြစ်သည်။

တိုတောင်းလှသည့် အချိန်အတွင်း ကြိုးကြိုးစားစားဖြင့် တတ်မြောက်သည်အထိ သင်ယူခဲ့ပေတော့သည်။

❋ ❋ ❋

မုစန်းက ဝမ်စိန်ကြည်အား တစ္ဆေရိပ် ကိုယ်ဖျောက်ပညာနှင့် လက်နက်ပုန်းပစ်ပညာ သင်ကြားပေးပြီးသောနေ့တွင် တောင်ထိပ်ပေါ်သို့ ဝက်ဝံနှစ်ကောင် တက်လာသည်ကို ထူးဆန်းစွာ တွေ့မြင်ရသည်။

အလွန်ထွားကျိုင်းပြီး ရှားပါးသော တောင်ပေါ်ဝက်ဝံမျိုး ဖြစ်သည်။

ဝက်ဝံတစ်ကောင်သည် တောထဲမှ ဦးစွာ ပြေးထွက်လာပြီး နှာခေါင်းတရှူးရှူးမှုတ်ကာ အနံ့ခံနေ၏။

တစ်ခဏအကြာတွင် ထင်းရှူးပင်များအကြားမှ နောက်ထပ် ဝက်ဝံတစ်ကောင် ပြေးထွက်လာသည်။

ဝက်ဝံနှစ်ကောင်အား တွေ့ရလျှင် မုစန်း ကျေနပ်စွာ ပြုံးကာ

"ဟော့ ... ကောင်လေး၊ မင်း ဒီဝက်ဝံနှစ်ကောင်ကို အရှင်ရအောင် ဖမ်းနိုင်ပါ့မလား"

ဟု ဝမ်စိန်ကြည်အား မေးလေသည်။

ဝက်ဝံမှာ ထွားကျိုင်းသော်လည်း အကောင်ပေါက်ကလေးများသာ ဖြစ်၏။

အကြောင်းတစ်ခုကြောင့် အဖော်ကွဲလာပုံ ရလေ၏။

ဝမ်စိန်ကြည်မှာ ကြူအန်းကုတို့နှင့် နေစဉ် ယာခင်းထဲသို့ နယ်ကျူးရောက်လာသည့် ကျားဆိုးတစ်ကောင်ကိုပင် ရင်ဆိုင်နှိမ်နင်းခဲ့ဖူးသည်။

ထို့ကြောင့် လုံးဝမကြောက်ချေ။

ဦးခေါင်းမော့၍ ရင်ကော့ကာ ...

"ဒီဝက်ဝံနှစ်ကောင်ကို အရှင်ရအောင် ကျွန်တော် ဖမ်းပါ့မယ်၊ ကြိုးတစ်ချောင်းသာ အသုံးပြုခွင့်ပေးပါ"

သူ၏ စကားကြားရလျှင် မုစန်း မျက်လုံးပြူးသွားပြီး ...

"ဟော့ ... မင်း တယ်ကြီးကျယ်ပါလား၊ ဝက်ဝံလက်သည်းက ကြောက်စရာ ကောင်းတယ်နော်၊ သူတို့ လက်ချက်မိသွားရင် မလွယ်ဘူး၊ မင်းကို တစ်ပိုင်းတစ်စစီဖြစ်သွားအောင် လုပ်ပစ်လိုက်ကြလိမ့်မယ်"



ဝမ်စိန်ကြည်က မမှုချေ။

"ကိစ္စမရှိပါဘူး၊ ကြိုးတစ်ချောင်းသာရရင် ကျွန်တော် အရှင်ဖမ်းနိုင်ပါတယ်"

ထိုအချိန်တွင် သူတို့အနီး၌ မူလိန်ချိန်းလည်း ရှိ၏။

မုစန်းနှင့် ဝမ်စိန်ကြည်တို့ အချီအချပြောနေသည်ကို တစ်လုံးတစ်ပါဒမျှ ဝင်မပြောဘဲ ကြည့်နေ၏။

ကန့်ကွက်ခြင်းမပြုသလို သဘောတူခွင့်ပြုခြင်းလည်း မရှိချေ။

သို့သော် ...

ဝမ်စိန်ကြည်က သူ့ဘက်သို့လှည့်ကာ အရိုအသေ ပေးရင်း ခွင့်တောင်းလိုက်၏။

"ဆရာ ... ကျွန်တော့်ရဲ့ အစွမ်းအစကို ပြသဖို့ ဝက်ဝံနှစ်ကောင်ကို ဖမ်းခွင့်ပြုပါ ဆရာ"

မူလိန်ချိန်း ခေါင်းညိတ်လိုက်၏။

သူ၏စိတ်ထဲ၌ ...

"တော်တော် ကြွားတဲ့ ကောင်လေးပဲ"

ဟု ရေရွတ်မိ၏။

သို့သော် တကယ်တမ်းလည်း အထင်မသေးရဲပါချေ။

ဝမ်စိန်ကြည်သည် ဝက်ဝံနှစ်ကောင်ကို နိုင်နင်းစွာ ကိုင်တွယ်နိုင်မည်ဟု ယုံကြည်ထား၏။

မူလိန်ချိန်း ခွင့်ပြုသည်နှင့် ဝမ်စိန်ကြည်လည်း ဝက်ဝံနှစ်ကောင်ကို ဖမ်းရန် ပြင်တော့၏။

❋ ❋ ❋

ဝမ်စိန်ကြည်သည် လက်သုံးလုံးခန့်ရှိသော ကြိုးတစ်ချောင်းကို ယူကာ ဝက်ဝံနှစ်ကောင်အား စလေ၏။

ဝက်ဝံများ၏ အစွယ်အဖွေးသား ရှည်လျားသော လက်သည်းများသည် သူ့အား လွယ်လွယ်ကလေး သေသွားစေနိုင်၏။

ဝက်ဝံနှစ်ကောင်သည် သွားဖြဲမာန်ဖီရင်း ဝမ်စိန်ကြည်အား ကိုက်သည်။ ကုတ်ဖဲ့သည်။

ဝမ်စိန်ကြည်က မုစန်း သင်ကြားပေးသော တစ္ဆေရိပ်ကိုယ်ဖော့ ပညာဖြင့် သွက်သွက်လက်လက် ရှောင်တိမ်းသည်။

မူလိန်ချိန်း သင်ပေးသော တိုက်ခိုက်နည်း၊ ဖမ်းချုပ်နည်းများ အသုံးပြုကာ ကြိုးဖြင့် အမိဖမ်းရန် ကြိုးစားလေ၏။

လူသားနှင့် တိရစ္ဆာန် ဉာဏ်ချင်းပြိုင်ကြရာ နောက်ဆုံး ဉာဏ်ထက်သော ဝမ်စိန်ကြည်က ဝက်ဝံပေါက် နှစ်ကောင်စလုံးကို ကြိုးဖြင့် အထပ်ထပ်တုပ်ကာ ဖမ်းဆီးနိုင်ခဲ့တော့၏။

❋ ❋ ❋

လူအကြီးသည် ဝမ်စိန်ကြည် ဝက်ဝံဖမ်းသည်ကို ကြည့်ကာ လွန်စွာ သဘောကျသွားလေ၏။



ဖမ်းမိသော ဝက်ဝံနှစ်ကောင်အား လှောင်ထားရန် အခန်းကို သူကိုယ်တိုင် ပြုပြင်ပေးသည်။

မူလိန်ချိန်းနှင့် မုစန်းတို့က ဝက်ဝံနှစ်ကောင်မှာ ဝမ်စိန်ကြည် ပိုင်သည်ဟု သတ်မှတ်ပြီး လေ့ကျင့်သင်ကြားပေးပြီး လိမ္မာယဉ်ကျေးအောင် ကြိုးစားခိုင်းသည်။

ထိုနေ့မှစ၍ ဝမ်စိန်ကြည်သည် ဝက်ဝံနှစ်ကောင်ကိုသူ၏ စကားနားထောင်တတ်အောင် လူအကြီး အကူအညီဖြင့် လေ့ကျင့်ပေးလေတော့သည်။

ဝက်ဝံနှစ်ကောင်မှာ အထီးတစ်ကောင်၊ အမတစ်ကောင် ဖြစ်၏။

အထီးကို 'တာစိ' ဟု အမည်ပေးပြီး အမကို 'ရှောင်ကိုင်း' ဟု အမည်ပေးလိုက်သည်။

သူ၏ လေ့ကျင့်ပေးမှုကြောင့် အချိန်ကြာညောင်းလာသောအခါ ဝက်ဝံများသည် သူတို့၏အမည်ကိုပင် မှတ်မိလာကြသည်။

ဝမ်စိန်ကြည်၏ စကားကို နားထောင်ပြီး ခိုင်းသမျှလုပ်တတ်လာကြ၏။

ယဉ်ကျေးလာ၏။

မုစန်းနှင့် မူလိန်ချိန်းတို့သည် ရှေးဟောင်းနှောင်းဖြစ်များ ပြောလိုက်၊ စစ်ဘုရင်ထိုးလိုက်၊ ဝမ်စိန်ကြည်အား သိုင်းပညာ သင်ကြားပေးလိုက်ဖြင့် အချိန်ကုန်စေခဲ့သည်။

ဝမ်စိန်ကြည်သည် သိုင်းပညာသင်ကြားပြီးလျှင် ဝက်ဝံနှစ်ကောင်နှင့် ဆော့ကစားရင်း တောင်ပေါ်တွင် အချိန်ကုန်ခဲ့၏။

ဝက်ဝံနှစ်ကောင်မှာ ယဉ်ကျေးလာပြီး ဖြစ်သည့်အလျောက် ချုပ်နှောင်မထားဘဲ လွှတ်ပေးထား၏။

တစ်နေ့တွင် ...။



စာစဉ်(၁) ပြီး၏

**မိုးကျော်သူ**